The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 18, NO . 23 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | June 11, 2018

# ၂၀၁၈ ဘဏ္ဍာနှစ်(၂)လအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကျော်ရရှိ ကာလတူထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၈ ဘီလီယံကျော် တိုးတက်လာ

စာမျက်နှာ - ၈ ➤



## ပြည်ပဈေးကွက်ရရှိနေသည့် ပို့ကုန်အမယ်သစ် ကြယ်ပဲ

စာမျက်နှာ - ၅ ➤

## မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှု နှစ် ၇၀ ပြည့် အထိမ်းအမှတ်အတွက် ပွဲတော်များ ကျင်းပမည်

စာမျက်နှာ - ၂၃ ➤

## (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေး ပြင်ဆင် ပြည်တွင်းရတနာကုန်သည်များ ပြပွဲတက်ရောက်ခွင့်ဆောင်ရွက်ပေးမည်

စာမျက်နှာ - ၁၄ ➤

## မြန်မာ့ချဉ်ပေါင်ဖာလာများ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေဖို့...



စာမျက်နှာ - ၁၄ ➤







Southern Myanmar Company Limited

09 73199813, 09 73199814 Email: Contact@southern-myanmar.com www.facebook.com/SunarForMyanmar




" အောင်သစ္စာဦး အာမခံမှ သင့်ကားအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါပြီ"

| ရန်ကုန်ရုံးချုပ် | မန္တလေးရုံးခွဲ | မကွေးရုံးခွဲ |
|---|---|---|
| အခန်း(၀၁-၀၄)Union Financial Center(UFC)၊ မဟာဗန္ဓုလလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၆၀၀၄၄၂ ၊ ၀၁-၈၆၀၀၄၄၅ **Fax**- ဖုန်း - ၀၁-၈၆၀၀၄၄၃ ၊ ၀၁-၈၆၀၀၄၄၄ | အမှတ်(၁၃၆)၊ (၃၄)လမ်း၊၈၀x၈၁ကြား၊ အောင်နန်းရိပ်သာ (အရှေ့)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂-၆၉၀၄၇၊ ၀၂- ၆၉၀၄၈ ။ **Fax** - ၀၂-၂၃၃၈၅ | အမှတ် (၁၀၉)၊အဝေရာလမ်း၊ရန်မျိုးနိုင်ရပ်ကွက်၊မကွေးမြို့။ ဖုန်း - ၀၆၃ - ၂၈၇၃၁ **Fax** - ၀၆၃ -၂၈၇၃၂ |

Hot Line Number - 09-450 450 561, 09-450 450 562, 09-450 450 563 Email - aungthitsaooins@gmail.com www.facebook.com/aungthitsaooinsurance

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၃)ကြိမ်မြောက် စီးပွားရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် (၁၃)ကြိမ်မြောက် အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Shang Fulin ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ လင်ချန်းခရိုင်၊ လင်ချန်းမြို့ CPC ပါတီကော်မတီ၏ အတွင်းရေးမှူးဖြစ်သူ Mr. Yang Haodong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၃) ကြိမ်မြောက် စီးပွားရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့်(၁၃)ကြိမ်မြောက် အမြဲတမ်းကော်မတီအဖွဲ့ဝင် (ပြည်ထောင်စုဝန်ကြီးအဆင့်) H.E. Mr. Shang Fulin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ဇွန် ၅ ရက်နံနက် ၁၁:၃၀ နာရီတွင် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ လမ်း၊ တံတား၊ လျှပ်စစ်နှင့် အခြေခံအဆောက်အဦဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် တရုတ်နိုင်ငံမှ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရေး၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ အကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံအကြားအစိုးရ၊ ပုဂ္ဂလိကနှင့်ပြည်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဇွန် ၅ ရက် နံနက် ၀၉:၃၀ နာရီတွင်လည်း ယူနန်ပြည်နယ်၊ လင်ချန်းမြို့၊ ကွန်မြူနစ်ပါတီ အတွင်းရေးမှူးဖြစ်သူ Mr. Yang Haodong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်၊ လင်ချန်းမြို့တို့အကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းတို့ကို တရုတ်နိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးနှင့် မြန်မာ-တရုတ် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စတို့အား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် EU-ASEAN Business Council ၏ Executive Director ဖြစ်သူ Mr. Chris Humphrey ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ဇွန် ၈ ရက် နံနက် ၁၀း၀၀ နာရီ အချိန်တွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် EU-ASEAN Business Council ၏ Executive Director ဖြစ်သူ Mr. Chris Humphrey ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် EU ၏ ပူးပေါင်းဆောင်ရွက်နေမှုများ ဆက်လက်တိုးမြှင့်သွားနိုင်ရေး၊ e-commerce၊ နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ဘဏ္ဍာလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ တရားမဝင် ကုန်သွယ်မှုတားဆီးရေး၊ အဖျော်ယမကာ တင်သွင်းခွင့်ရရှိရေးနှင့် မြန်မာနိုင်ငံတွင်ရေးဆွဲနေသည့် Antidumping Law၊ Safeguard Law၊ Countervailing Law တို့ အကောင်အထည်ဖော်ရာတွင် EU အနေဖြင့် အကူအညီပေးနိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **MOC(IR)**

# ဒုတိယဝန်ကြီးဦးအောင်ထူး Ease of Doing Business Ranking တိုးတက်ရေးအတွက် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ကမ္ဘာ့ဘဏ်မှကျွမ်းကျင်သူများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်

Ease of Doing Business Ranking တိုးတက်ရေးအတွက် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်သူများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ဇွန် ၈ ရက်နံနက် ၁၀:၀၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုများအတွက် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အစိုးရဌာနဆိုင်ရာများနှင့် ထိတွေ့ဆက်ဆံရာတွင် လည်းကောင်း၊ လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ရာတွင် အချိန်၊ ကုန်ကျစရိတ်နှင့် လုပ်ထုံးလုပ်နည်းအဆင့်များ လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရည်မှန်းချက်မှာ အဆင့် ၁၀၀ အတွင်းရောက်ရှိရေးဖြစ်ကြောင်း၊ အဆင့်တိုးတက်ရေးအတွက် အမှတ်များများ ရရန်လိုအပ်ပါကြောင်း၊ ယခုနှစ်တွင် ပြုပြင်ပြောင်းလဲမှုကြီးများ (၁၃) ခုကိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ Doing Business Website ကိုလည်း ကမ္ဘာ့ဘဏ်အကူအညီဖြင့် အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်နေကြောင်း၊ လာမည့် ၂၀၂၀ ခုနှစ်အတွင်း အဆင့်တိုးတက်မှုရှိအောင် အထောက်အကူပြုအဖွဲ့များမှ ဦးဆောင်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဇွန်လအတွင်း ဝါရှင်တန်မြို့ ကမ္ဘာ့ဘဏ်ရုံးချုပ်မှ Doing Business Experts များလာရောက်၍ တွေ့ဆုံအကြံပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးရန် မှာကြားခဲ့ပါသည်။

ထို့နောက် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များအားဆွေးနွေးခဲ့ပြီး ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက Doing Business Reform Memo နှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍တက်ရောက်လာသူများမှ ညွှန်းကိန်းအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၂ နာရီတွင် ရုတ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **MOCIR**

Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ကုန်သွယ်ရေးစခန်းများမှ မေလအတွင်း ဆန်နဲ့ဆန်ကွဲ တန်ချိန် တစ်သိန်းခုနစ်သောင်းကျော် တင်ပို့

မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန် ဒေါ်လာ၉ဒသမ ၂၆၉သန်း တန်ဖိုးရှိ ဧည့်မထဆန်၊ ငစိန်ဆန်နဲ့ ကောက်ညှင်း ဆန် ၂၆၃၁၇ တန်နီးပါး တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် တန်ချိန် ၂၁၁၁၀ နဲ့ကောက်ညှင်းဆန် ၁၀၈ တန်၊ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှငစိန်ဆန် ၄၅ တန်နဲ့ ဧည့်မထဆန် ၃၄ တန်၊လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၄၇၅၃ တန် တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေး စခန်းမှ ဧည့်မထဆန် ၂၆၇တန်ကျော် တင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ယခင်တစ်ပတ် ကုန်သွယ်ရေးစခန်းများမှ ၂၈၈၆၈ တန်ကျော်တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ် မှာ ၂၅၅၁ တန် လျော့နည်းခဲ့တာတွေ့ရပါတယ်။

မေ တစ်လလုံးအတွင်းမှာ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၅၅၇ သန်းတန်ဖိုးရှိ ဆန် ၁၅၈၇၃၅ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဧပြီလတင်ပို့မှုထက် ၈၀၈၅၄ တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရပါတယ်။ ယခုတစ်ပတ်အတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှအမေရိကန်ဒေါ်လာ သုညဒသမ ၇၉၄ သန်း တန်ဖိုးရှိ ဆန်ကွဲ ၂၅၁၉ တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေး စခန်းမှ အမေရိကန် ဒေါ်လာ သုည ဒသမ ၂၇၄ သန်း တန်ဖိုးရှိ ဆန်ကွဲ ၈၇၃ တန်ကျော် တင်ပို့ခဲ့ရာ စုစုပေါင်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆၈သန်းဖြစ်ပြီး ဆန်ကွဲ ၃၃၉၂ တန်ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုထက် ၄၇၅တန် ပိုမိုတင်ပို့ပြီး မေလအတွင်း တင်ပို့မှုမှာလည်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၂ သန်းဖိုးနဲ့ တန်ချိန် ၁၈၂၉၀ ဖြစ်ပါတယ်။ အနီးစပ်ဆုံး ဧပြီလ တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုလမှာ ၁၅၁၂၂တန် ပိုမိုတင်ပို့နိုင်ကြောင်း သိရှိရပါတယ်။

မေလအတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၀၇၈ သန်းနဲ့ တန်ချိန် ၁၇၇၀၂၅ ရှိပြီး ဧပြီလတင်ပို့မှုထက် ပိုမိုကြောင်း သိရှိရပါတယ်။

ယဉ်ယဉ်အေး

# လယ်ပေါက်ကျေးရွာရှိ နွေနှမ်းစိုက်ခင်းများ စတင်ရိတ်သိမ်း

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ် လယ်ပေါက်ကျေးရွာတွင် နွေနှမ်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ နွေနှမ်းစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းလျက်ရှိကြောင်းသိရပါတယ်။

"တပေါင်းလကုန်၊ တန်ခူးလဆန်းမှစ၍ ရေသွင်းစိုက်ထားတာပါ။ အလိုအလျောက် ရေလျှံတွင်းများ ရှိတာကြောင့် အဆင်ပြေပြီး နှမ်းစိုက်ခင်း တော်တော်များများ ကောင်းကြပါတယ်။ စိုက်ပျိုးတဲ့နှမ်းအမျိုးအစားများကတော့ နှမ်းနက်၊ နှမ်းနီကြား ၊ နှမ်းဖြူတို့ကိုစိုက်ပျိုးကြပြီး နှမ်းနီကြားနှင့်နှမ်းဖြူကို ပိုပြီစိုက်ပျိုးကြပါတယ်။ နှမ်းနက်ကတော့ ဈေးကောင်းရပေမယ့် အထွက်နှုန်းနည်းတဲ့အတွက် စိုက်ပျိုးမှုနည်းတာကြောင့် အစိုက်နည်းကြပါတယ်။ နှမ်းမျိုးမှာ မိမိအိမ်မှာမျိုးထားသည့် နှမ်းမျိုးကိုစိုက်ပျိုးကြပြီး တစ်ဧကကို ပက်ကြဲစနစ်ဖြင့် သုံးပြည် ပက်ကျဲရပါတယ်။ တစ်ဧကကို နွားသုံးရှဉ်းလောက် ထယ်ရေး ပြင်ရပြီး နွားတစ်ရှဉ်းလျှင် ကျပ် ၆၀၀၀ပေးရပါတယ်။ နှမ်းရိတ်ခမှာ ပုတ်ပြတ်စနစ်ဖြင့် ငှားရမ်းရပြီး တစ်ဖွဲ့လျှင် ၅ ယောက်၊ ၆ယောက်ခန့်ရှိ၍ ကျပ် ၁၇၀၀၀၊ ကျပ် ၁၈၀၀၀ ခန့် ပေးရပါတယ်။ နှမ်းထွက်နှုန်းမှာ တစ်ဧက ကိုးတင်း၊ ၁၀ တင်းခန့် ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် သုံးသောင်းကျော် ပေါက်ဈေးရှိပါတယ်"ဟု တောင်သူတစ်ဦးက ပြောပါတယ်။ တစ်နှစ်လျှင် သုံးရာသီ(ရာသီမရွေး) စိုက်ပျိုးနိုင်၍တောင်သူများအတွက် အဆင်ပြေလျက်ရှိကြောင်းသိရပါတယ်။

မိုမိုးမြင့် (ယင်းမာပင်)

# စစ်ကိုင်းတိုင်းဒေသကြီး ဇွန်လပထမပတ် ဆန်ဈေးအေး

စစ်ကိုင်းတိုင်းဒေသကြီး စပါး/ဆန် ပိုလျှံခရိုင်များဖြစ်ကြသော ရွှေဘိုခရိုင်၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကန့်ဘလူ ခရိုင်များရှိ ဇွန် ၈ ရက် ပထမပတ် စပါး/ဆန်ဈေး အရောင်းအဝယ်ဖြစ်မှုမှာ ယခင်လနောက်ဆုံးပတ်အတိုင်း အရောင်းအဝယ်အေးနေပြီး ပုံမှန်အတိုင်းသာ ဖြစ်နေပါတယ်။ ယခုလ ဇွန်လ ၈ ရက် ပထမပတ် ရွှေဘိုခရိုင်တွင် ဖြစ်ပေါ်နေသော စပါး/ဆန်ဈေးတို့မှာ ရွှေဘိုပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၄၀၀၀၀၀ - ၁၄၅၀၀၀၀၊ ပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ်၄၇၀၀၀ -၄၈၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိဈေးငြိမ်နေပါတယ်။ ရွှေဘိုခရိုင် စပါး/ဆန်ဈေးမှာ ယခင်လနောက်ဆုံး ပတ်အတိုင်းဈေးငြိမ်လျက်ရှိပြီး အရောင်းအဝယ်အေးနေကြောင်းသိရပါတယ်။ ဇွန် ၁ ရက်မှ ၈ ရက်ထိ ဆန်စီးထွက်မှုမှာ စုစုပေါင်းအိတ် ရေ ၁ ဒသမ ၄ သိန်းကျော် စီးထွက်ခဲ့ပါ တယ်။

ကလေးခရိုင်ရှိစပါး/ဆန်ဈေးမှာ ယခုလပထမပတ်တွင် ဧည့်မထ စပါးတင်း ၁၀၀ လျှင် ကျပ် ၆၈၀၀၀၀နှင့် ဧည့်မထဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀၊ ငစိန်စပါးတင်း ၁၀၀ လျှင် ကျပ် ၆၇၀၀၀၀ နှင့် ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ တို့ဖြစ်ပါတယ်။ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ငစိန် စပါး/ဆန်ဈေးငြိမ်နေပြီး ဧည့်မထ စပါးတင်း ၁၀၀ လျှင် ကျပ် ၁၀၀၀၀ ခန့်ဈေး အနည်းငယ်မြင့်တက်ခဲ့ပါတယ်။ ကလေးခရိုင်ရှိ ဇွန် ၁ ရက်မှ ၈ ရက်ထိ ဆန်စီးထွက်မှုမှာ ချင်းပြည်နယ်သို့ ဆန် အိတ်ပေါင်း ၁၅၀၀ ကျော်စီးထွက်ခဲ့တယ်လို့ သိရှိရပါတယ်။



ကသာခရိုင်စပါး/ဆန်ဈေးမှာ ယခင်လနောက်ဆုံးပတ်အတိုင်း မပြောင်းဘဲဈေးငြိမ်လျက်ရှိပါတယ်။ စပါး/ဆန်ဈေးများမှာ မှော်ဘီစပါးတင်း ၁၀၀ လျှင် ကျပ် ၈၇၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၃၀၀၀၀ နှင့် ဆင်း-၃ စပါးတင်း ၁၀၀ လျှင် ကျပ် ၇၅၀၀၀၀၊ ဆင်း-၃ ဆန် တစ် အိတ်လျှင်ကျပ် ၂၈၅၀၀တို့ဖြင့် အရောင်းအဝယ်ဖြစ်နေပါတယ်။ ကသာခရိုင်မှ ဇွန် ၁ ရက်မှ ၈ ရက်ထိ ဆန်အိတ်ပေါင်း ၁၂၀၀၀ ကျော် စီးထွက်ခဲ့ကြောင်းစက်ပိုင်/ ပွဲစားများထံမှ သိရှိရပါတယ်။

ကန့်ဘလူ ခရိုင်ရှိစပါး/ဆန်ဈေးမှာ ယခင်တစ်ပတ်အတိုင်း အပြောင်းအလဲမရှိဘဲ ဈေးငြိမ်နေပါတယ်။ စပါး/ဆန်ဈေးများမှာ ပေါ်ဆန်းစပါးတင်း ၁၀၀ လျှင် ကျပ် ၁၄၅၀၀၀၀၊ ပေါ်ဆန်းဆန်တစ်အိတ်လျှင်ကျပ် ၄၉၀၀၀ နှင့် ဧရာမင်း စပါးတင်း ၁၀၀ လျှင်ကျပ် ၇၅၀၀၀၀၊ ဧရာမင်း ဆန်တစ်အိတ်လျှင်ကျပ် ၃၅၀၀၀ တို့ဖြစ်ကြောင်း သိရှိရပါတယ်။

ကျော်ဇင်ဝင်း (ဧယျာ)

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၈-၆-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ပြုံ ၁၀၀ % | ၄၄၀ | ၄၃၀ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ပြုံ ၅% | ၄၃၀ | ၄၂၀ | ▽ | ၄၅၀ | ၄၅၃ | △ | ၄၁၀ | ၄၀၈ | ▽ | ၄၃၈ | ၄၃၃ | ▽ |
| ဆန်ပြုံ ၁၀% | ၄၂၈ | ၄၁၈ | ▽ | ၄၄၅ | ၄၄၈ | △ | - | - | - | ၄၃၃ | ၄၂၈ | ▽ |
| ဆန်ပြုံ ၁၅% | ၄၂၃ | ၄၁၀ | ▽ | ၄၄၀ | ၄၄၂ | △ | - | - | - | ၄၂၈ | ၄၂၃ | ▽ |
| ဆန်ပြုံ ၂၅% | ၄၁၃ | ၄၀၀ | ▽ | ၄၂၉ | ၄၂၉ | □ | ၃၈၃ | ၃၈၃ | □ | ၃၉၀ | ၃၉၀ | □ |
| ပေါင်းဆန် | ၄၄၆ | ၄၄၉ | △ | - | - | - | ၃၉၈ | ၃၉၈ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၈-၆-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၇၅၀ | □ | ၂၂၀၀၀ | □ | ၉၁၈၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၇၀၀ | □ | ၂၄၀၀၀ | □ | ၁၀၀၀၀ | □ | ၄၃၀၀၀ | ▽ |
| ပဲခူး | ၆၁၀၀ | △ | ၂၃၀၀၀ | △ | ၇၈၅၀ | △ | ၃၇၀၀၀ | □ |
| ရွှေဘို | ၈၀၀၀ | □ | ၃၁၀၀၀ | ▽ | ၁၄၅၀၀ | □ | ၄၇၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၀၅၀၀ | □ | ၇၄၀၀ | □ | ၃၃၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၄၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၆၆၀ | □ | ၂၁၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၇၅၀၀ | △ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | □ | ၂၄၀၀၀ | □ | ၈၂၀၀ | □ | ၃၈၀၀၀ | □ |
| လွိုင်ကော် | ၈၆၉၀ | ▽ | ၄၀၀၀၀ | △ | - | - | ၅၉၀၀၀ | □ |
| မြိတ် | ၆၀၀၀ | □ | ၂၅၅၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၆၀၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၄-၆-၂၀၁၈ မှ ၈-၆-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1004 | 49,133,142.752 |
| 2 | Form D | 66 | 1,744,603.210 |
| 3 | Form E | 95 | 2,559,410.240 |
| 4 | Korea GSP | 7 | 223,196.650 |
| 5 | Form AK | 92 | 5,674,862.490 |
| 6 | Form AJ | 8 | 298,378.860 |
| 7 | Form AI | 77 | 3,494,563.380 |
| 8 | Form AANZ | 15 | 118,532.460 |
| 9 | Form DFTP | | |
| 10 | Form CHINA | | |
| Grand Total | | 1364 | 63,316,690.042 |

## ပြည်တွင်းစျေးကွက်များမှ ပဲမျိုးစုံစျေးနှုန်းအပြောင်းအလဲ

၈-၆-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၁/၆ | ၈/၆ | ပြောင်းလဲမှု | ၁/၆ | ၈/၆ | ပြောင်းလဲမှု | ၁/၆ | ၈/၆ | ပြောင်းလဲမှု | ၁/၆ | ၈/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၈၇၀ | ၈၃၁ | ▼ | ၈၀၀ | ၈၅၀ | ▲ | ၈၀၀ | ၈၂၅ | ▲ | ၈၁၀ | ၈၂၀ | ▲ |
| ပဲစင်းငုံ | ၈၆၉ | ၈၂၃ | ▼ | ၇၁၇ | ၇၁၇ | ■ | ၇၀၀ | ၇၉၀ | ▲ | ၇၄၀ | ၇၈၀ | ▲ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၂၀၀ | ■ | ၂၃၁၁ | ၂၃၁၁ | ■ | ၂၂၆၃ | ၂၀၈၉ | ▼ | ၂၁၀၅ | ၁၉၇၅ | ▼ |
| ကုလားပဲရိုးရိုး | ၁၄၅၀ | ၁၅၀၀ | ▲ | ၁၁၀၀ | ၁၁၃၅ | ▲ | ၁၁၁၅ | ၁၁၄၂ | ▲ | ၁၀၉၅ | ၁၁၁၀ | ▲ |
| ပဲလွန်းဖြူ | ၁၀၁၅ | ၁၀၁၅ | ■ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၂၁၀ | ၁၂၁၀ | ■ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၂၅၈ | ၂၂၅၈ | ■ | ၂၀၅၂ | ၂၀၅၂ | ■ | ၂၀၀၀ | ၂၀၀၀ | ■ |

✳ မှတ်ချက်။ ဖော်ပြပါစျေးနှုန်းများမှာ အနိမ့်စျေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယစျေးကွက် ပဲမျိုးစုံစျေးနှုန်း အပြောင်းအလဲ

၈-၆-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၁/၆ | ၈/၆ | ပြောင်းလဲမှု | ၃၁/၅ | ၇/၆ | ပြောင်းလဲမှု | ၃၁/၅ | ၇/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၇၀ | ၃၉၀ | ▲ | ၄၉၇ | ၄၇၅ | ▼ | ၅၀၄ | ၅၀၇ | ▲ |
| ပဲစင်းငုံ | ၃၇၀ | ၃၉၀ | ▲ | ၅၄၁ | ၅၂၂ | ▼ | ၅၈၆ | ၅၆၀ | ▼ |
| ပဲတီစိမ်း | ၆၅၀ | ၆၅၀ | ■ | - | - | - | ၇၄၁ | ၇၄၆ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၅၈၀ | ၅၈၀ | ■ | ၄၉၇ | ၅၀၇ | ▲ | ၅၄၁ | ၅၄၈ | ▲ |

✳ မှတ်ချက်။ ရန်ကုန် FOB စျေးနှုန်းများမှာ အနိမ့်စျေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၂၆.၅.၁၈)ထိ | (၂.၆.၁၈)ထိ | (၂.၆.၁၈) ထိ |
| မတ်ပဲ | ၈၈၄၆၅ | ၅၃၁၇ | ၉၃၇၈၂ |
| ပဲတီစိမ်း | ၅၉၂၄၈ | ၃၃၃၃ | ၆၂၅၈၁ |
| ပဲစင်းငုံ | ၃၃၃၁၁ | ၂၂၄၈ | ၃၅၅၅၉ |
| ကုလားပဲ | ၁၆၈၂၆ | ၁၀၀၇ | ၁၇၈၃၃ |
| ပဲလွန်းဖြူ | ၁၇၃၄၁ | ၃၂၈ | ၁၇၆၆၉ |
| မြေထောက်ပဲ | ၆၈၇၁ | ၃၄၈ | ၇၂၁၉ |

## ပြည်ပဲနီပြားသီးနှံ ဇွန်လဆန်းတွင် စျေးမြင့်လာခဲ့

ဇွန်လဆန်း ပြည်ပဲမျိုးစုံစျေးကွက်မှာ ပဲအထွက် လှိုင်ချိန်တွင် လက်လီလက်ကား အရောင်းအဝယ်ဖြစ်ပြီး ကျန်ကာလများတွင် လက်လီသာ ရောင်းဝယ်မှုဖြစ်နေတဲ့ ပဲနီပြားသီးနှံဟာ ယခုနှစ်မှာ တစ်နှစ်ပတ်လုံး စျေးကောင်းရတဲ့ သီးနှံဖြစ်ခဲ့ကာ နှစ်ဆန်းပိုင်းကာလကဆိုလျှင် ပဲတစ်တင်းကျပ် လေးသောင်းအထိရခဲ့တာကို တွေ့ရပါတယ်။

ယခုကာလမှာတော့ ပဲနီပြားသီးနှံဟာ ထောပတ်ပဲသီးနှံစျေးကိုမမီပေမယ့် အခြားလက်လီပဲများဖြစ်သော ဘိုကိတ်၊ ပဲလွန်းဖြူ ပဲပုပ်သီးနှံများထက် စျေးပိုရခဲ့တဲ့အတွက် တစ်တင်းကျပ် ၃၂၀၀၀ ဖြင့် မေလကုန်စျေးထက်လည်းစျေးပိုရလာခဲ့ကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ပခုက္ကူ ကုန်စည်ဒိုင်၌ ဖြစ်ပေါ်နေသော ပဲမျိုးစုံစျေးကွက်

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ပဲစင်းငုံနီ အဟောင်း တစ်တင်းလျှင်ကျပ် ၁၆၀၀၀ ဖြင့် အိတ်ရေ ၅၀၀ ခန့်၊ ပဲစင်းငုံ (အသစ်) တစ်တင်းလျှင် ကျပ် ၁၁၈၀၀ စျေးဖြင့် ၃၅အိတ်ခန့်၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၂၁၂၀၀ ဖြင့် အိတ် ၅၀ ခန့် ကုလားပဲဖြူလုံးကြီးV2 တစ်တင်းလျှင် ကျပ် ၂၁၅၀၀ ဖြင့် အိတ် ၅၀ခန့် ကုလားပဲဖြူလုံးကြီး V2 ၏ မျိုးခွဲဖြစ်သော ကုလားပဲဖြူ V6 တစ်တင်းလျှင် ကျပ် ၂၁၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါ လုံးကြီး929တစ်တင်းလျှင်ကျပ် ၂၁၅၀၀ဖြင့် အိတ် ၅၀ခန့်၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၂၇၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခုတစ်ပတ်တွင် ပဲလွန်းပြာ (ကျွန်း) တစ်တင်းလျှင် ကျပ် ၁၂၅၀၀ဖြင့် အိတ် ၅၀ ခန့်၊ ပဲလွန်းပြာ(ကြက်ပြာ)တစ်တင်းလျှင် ကျပ် ၁၄၀၀၀စျေးဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

စွန်တာနီ (ကျွန်း)တစ်တင်းလျှင် ကျပ် ၂၀၅၀၀ ဖြင့် အိတ် ၅၀ခန့်၊ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပြောင်းဖူးစေ့ (CP)စျေးဟာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင်ကျပ် ၁၀၅၀၀ဖြင့် အိတ် ၁၀၀ခန့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ ဒေသထွက် ပဲနီပြားမှာ တစ်တင်းလျှင်ကျပ် ၃၀၀၀၀ ဖြင့်အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲတီစိမ်းကြီးပြောင်မှာ ယခုတစ်ပတ်တွင် ဝယ်လက်နည်းပြီး စျေးနှုန်းမှာလည်း တဖြည်းဖြည်းကျလျက်ရှိပြီး ယခင်တစ်ပတ်က တစ်တင်းလျှင်ကျပ် ၄၂၅၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင်ကျပ်၃၅၀၀၀ မှကျပ်၃၈၅၀၀ ဖြင့် အိတ် ၅၀ခန့် ပုံမှန်အရောင်း အဝယ်ဖြစ်ခဲ့ပြီး ဒေသထွက် မန်ကျည်းတောင့်စျေးမှာ ယခင်တစ်ပတ်ထက် စျေးအနည်းငယ် ကျဆင်းနေပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**



## ပဲစျေးကွက်အတွင်း စျေးအမြင့်နဲ့ရောင်းဝယ်နေတဲ့ ပြည်ထောပတ်ပဲ

ပြည်ပဲစျေးကွက်အတွင်း စျေးကောင်းရရှိနေတဲ့ ပဲထဲမှာ ထောပတ်ပဲသီးနှံလည်း ပါဝင်နေပြီး ပဲတစ်တင်းကျပ် ၃၈၀၀၀၊ ၄၀၀၀၀ ထိ ရရှိနေလို့ ယခုတစ်ပတ်မှာစျေးအမြင့်ဆုံး ရရှိတဲ့ ပဲသီးနှံဖြစ်ပေမယ့် အရောင်းအဝယ်ဖြစ်မှု အခြေအနေကတော့ လက်လီသာရောင်းဝယ်မှုဖြစ်တဲ့အတွက် အိတ်အနည်းငယ်စီ အရောင်းအဝယ်ဖြစ်ခဲ့တာကို တွေ့ရပါတယ်။ လက်လီပဲစျေးကွက် အတွင်း ဘိုကိတ်ပဲ၊ ပဲလွန်းဖြူသီးနှံများသာ စျေးအေးခဲ့ပြီး ကျန်ပဲများ စျေးကောင်းရတဲ့နှစ်ဖြစ်တာကြောင့် ထောပတ်ပဲသီးနှံဟာဆိုလျှင် နှစ်စဉ်စျေးကောင်းရနေသော စားတော်ပဲသီးနှံထက်ပင် စျေးပိုရလာခဲ့ပါတယ်။

ယခင်နှစ်ကလည်း ထောပတ်ပဲသီနှံစျေးဟာ တစ်တင်းကျပ် သုံးသောင်းရလို့ အခြားလက်လီပဲများထက် စျေးပိုရပေမယ့် စားတော်ပဲသီးနှံထက်တော့ စျေးလျော့နည်းခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်ပစျေးကွက်ရရှိနေသည့် ပို့ကုန်အမယ်သစ် ကြယ်ပဲ

ပြည်ပစျေးကွက် ရရှိနေသည့် ပို့ကုန်အမယ်သစ် ကြယ်ပဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ ကျေးရွာတော်တော်များများတွင် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိတာကြောင့်လားရှိုးမြို့ရှိ တောင်သူတစ်ဦးလည်းဖြစ် လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးထန်အောင်+ဒေါ်အေးအေးခိုင် (မွေးကြယ်ပဲလုပ်ငန်း)အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ စိုက်ပျိုးသူအနေဖြင့် ဧက ၂၀ စိုက်ပျိုးထားပြီး အခြားသီးနှံဖြစ်သည့် နာနတ်၊ နဂါးမောက်၊ နှစ်ရှည်ပင်၊ သစ်မွှေးနှင့်နံ့သာနီပင်များကိုပါ စီးပွားဖြစ် စိုက်ပျိုးလျက်ရှိတာကို တွေ့ရှိရပါတယ်။ ကြယ်ပဲကို တောင်သူများ တိုးချဲ့စိုက်ပျိုးနေတာကြောင့် စိုက်ပျိုးထုတ်လုပ်မှုနှင့် စျေးကွက်အခြေအနေ၊ ပြည်ပသို့ တင်ပို့ရောင်းချမှုအခြေအနေများအား မေးမြန်းခဲ့ရာတွင် ကြယ်ပဲထုတ်ကုန်များအနေဖြင့် ကြယ်ပဲလက်ဖက်ခြောက်၊ ကြယ်ပဲစေ့လှော်၊ ကြယ်ပဲဆီများ၊ လူသုံးကုန်ပစ္စည်းများအဖြစ် ကြယ်ပဲ ခေါင်းလျှော်ရည်၊ကြယ်ပဲဆပ်ပြာအဖြစ်လည်းကောင်း၊ ဒေသအတွင်း ဖြန့်ဖြူးထုတ်လုပ်ရောင်းချနေကြောင်း သိရှိရပါတယ်။

ယခုအခါ အနယ်နယ်အရပ်ရပ်မှ ထွက်ရှိသော ကြယ်ပဲများကို ဝယ်ယူပြီး ကုန်ကြမ်းအဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရှိရပါတယ်။ ပြည်ပစျေးကွက်အနေဖြင့် ထိုင်းနိုင်ငံသို့ တာချီလိတ်လမ်းကြောင်းနှင့်မြဝတီလမ်းကြောင်းများမှတစ်ဆင့် တင်ပို့ရောင်းချပြီး ကိုရီးယားနိုင်ငံသို့ ရန်ကုန်မြို့မှတစ်ဆင့် ကိုရီးယားကုမ္ပဏီများမှ ဝယ်ယူစုဆောင်း၍ တင်ပို့ရောင်းချလျက်ရှိကြောင်းသိရှိရပါတယ်။ ကုန်ပစ္စည်းအရည်အသွေးအပေါ် မူတည်၍လည်း စျေးနှုန်းအမျိုးမျိုး ကွဲပြားလျက်ရှိကြောင်းသိရှိရပါတယ်။ စျေးနှုန်းအနေနဲ့ ယခုလက်ရှိ ပေါက်စျေးမှာ အမဲဆန်(1kg) လျှင် ပျမ်းမျှစျေး ကျပ် ၆၀၀၀ - ၇၀၀၀၊ အဖြူဆန် (1kg)လျှင် ပျမ်းမျှစျေးကျပ် ၁၂၀၀၀ - ၁၅၀၀၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိကြောင်းနှင့် ယခုရောင်းချသည့်စျေးနှုန်းမှာ ကြယ်ပဲထွက်ရှိသည့် ရာသီမဟုတ်သည့်အတွက် အမြင့်ဆုံးစံချိန်တင်စျေးနှုန်းရရှိခြင်းဖြစ်ကြောင်း၊ ပြည်ပစျေးကွက်ရရှိနေသည့် ပို့ကုန်အမယ်သစ် ကြယ်ပဲအကြောင်း လေ့လာစုံစမ်းတင်ပြလိုက်ရပါတယ်။ **ပပဝင်း(ရှမ်း/မြောက်၊ လားရှိုး)**

## ရေစကြိုကုန်စည်ဒိုင်တွင် ပြောင်းဖူးစေ့(CP) ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်စျေးမှာ အနည်းငယ်ကျလျက် မြေပဲနီလုံးဆန်နီ (မြောင်) တစ်ပိဿာလျှင် ကျပ်၂၀၀၀မှကျပ် ၂၂၀၀၊ ကျွန်းဆန်တစ်ပိဿာလျှင်ကျပ် ၂၂၀၀၊ S1 (မြေပဲဖြူလုံးဆန်)တစ်ပိဿာလျှင် ကျပ် ၂၄၀၀၊ M12(မြေပဲလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှကျပ် ၂၄၀၀ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခုတစ်ပတ် ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၁၂၅၀၀၊ ကုလားပဲဝါHLတစ်တင်းလျှင်ကျပ် ၂၁၀၀၀၊ ကုလားပဲဖြူလုံးကြီးV2တစ်တင်းလျှင်ကျပ် ၂၁၂၀၀ ၊ 929ကုလားပဲဖြူ တစ်တင်းလျှင် ကျပ် ၂၁၂၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၂၀၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၂၅၀၀၊ ပဲနီပြား တစ်တင်းလျှင် ကျပ် ၂၇၀၀၀ မှကျပ် ၂၈၀၀၀၊ ပဲတီစိမ်းကြီး တစ်တင်းလျှင်ကျပ် ၃၅၀၀၀ မှ ကျပ် ၃၈၅၀၀ ဖြင့် အိတ်ရေ ၃၀၀ ခန့် ၊ နှမ်းဖြူသန့် တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှကျပ် ၄၃၀၀၀ ဖြင့် အိတ် ၂၀၀ခန့်၊ မတ်ပဲတစ်တင်းလျှင်ကျပ်၁၄၀၀၀ မှကျပ် ၁၆၀၀၀၊ ပြောင်းဖူးစေ့(CP)စျေးမှာ တစ်တင်းလျှင် ကျပ် ၁၀၆၀၀ စျေးဖြင့် အိတ် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်နေသည်ဟု ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲလွန်းဖြူသီးနှံ စျေးအေးသော်လည်း ဘိုကိတ်ပဲသီးနှံထက် စျေးပိုနေခဲ့

ပြည်ပဲစျေးကွက်တွင် လက်လီအရောင်းအဝယ်ဖြစ်နေကြတဲ့ ပဲသီးနှံများထဲမှာ ပဲလွန်းဖြူသီးနှံသည်လည်း ပါဝင်နေခဲ့တာကို တွေ့ရပါတယ်။ ပဲလွန်းဖြူသီးနှံမှာ ပဲအထွက်လှိုင်ချိန်တွင် လက်လီ/ လက်ကား အရောင်းအဝယ်သွက်တဲ့ ပဲသီးနှံဖြစ်ပြီး ပဲအဝင်ပါးချိန်မှစ၍ လက်လီသမားများဖြင့် ရောင်းဝယ်နေခဲ့ပါတယ်။ ဒါကြောင့် နေ့စဉ်ရောင်းဝယ်မှုဖြစ်ပေမယ့် အိတ်အနည်းငယ်စီသာ ရောင်းချမှုရှိခဲ့ပါတယ်။ ပဲသစ်ပေါ်ချိန်က တစ်တင်း ကျပ် ၂၅၀၀၀ ဖြင့် ဘိုကိတ်ပဲနဲ့ ပဲလွန်းဖြူသီးနှံမှာ စျေးပြိုင်ရခဲ့သော်လည်း ယခုလိုပဲလက်ကျန်နည်းချိန်၊ လက်လီအရောင်းအဝယ်ဖြစ်ချိန်မှာ ဘိုကိတ်ပဲသီးနှံက စျေးပိုလျော့ပြီး ပဲလွန်းဖြူသီးနှံက ဘိုကိတ်ပဲထက် စျေးပိုရနေခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ **ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၇.၆.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT MESON | P'Oil(In Bulk) ၄၃၀၀ ကုန်ချရန် |
| မြန်မာနိုင်ဂရုပ်ဆိပ်ကမ်း | - MT CHAO ANOMA | P'Oil(In Bulk) ၄၃၀၀ ကုန်ချရန် |
| ထီးတန်းဆီဆိပ်ကမ်း | - AU GIMINI | P'Oil(In Bulk) ၄၂၅၀ ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း(၂) | - NINOS | ကုန်သေတ္တာ ၅၉၄ ကုန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - MAENAM-1 | ကုန်သေတ္တာ ၄၀၆ ကုန်တင်ရန် |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BINTAN | ကုန်သေတ္တာ ၄၇၁ ကုန်တင်ရန် |
| အလုံဆိပ်ကမ်း(၂) | - YAAN BYAE | ဓာတ်မြေဩဇာအိတ်၆၂၅၅ကုန်ချရန် |
| အလုံဆိပ်ကမ်း(၃) | - NILIKHA | ကုန်သေတ္တာ၂၁နှင့်PKGsVehicle&Steel Plate465ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၁) | - STOVE TIDE | ဆန် ၃၀၀၀၀ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၃) | - U THAR | ဓာတ်မြေဩဇာ အိတ် ၁၂၀၀၀ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၄) | - UNI AUC ONE | Steel Product ၁၄၈၀၅ ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၅) | - MJ BULKER | ဆန် ၂၂၄၀၀ ကုန်တင်ရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - SOUL OF LUCK | ကုန်သေတ္တာ ၃၅၂ ကုန်တင် ၂၄၅ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း(၂) | - PATHEIN STAR | ကုန်သေတ္တာ ၄၅၃ ကုန်ချရန် |
| Myanmar Integrated Port Ltd | - SPLIT | Steel ၂၈၁၆၀ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၃) | - TROGIR | Steel Product ၂၇၀၄၈ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၄) | - DANSA EAGLE | Steel ၃၃၀၀၅ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၅) | - IKAN PARANG | Steel ၂၈၂၃၅ ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| LOTUS LEADER | Units Vehicle (RO/RO) ၆၁ ကုန်ချရန် | JAPAN | ၈.၆.၂၀၁၈ |
| MON TOK | Cement ၄၅၀ ကုန်တင် ၇၉၆၅ ကုန်ချရန် | CHINA | ၉.၆.၂၀၁၈ |
| DU JUAN SONG | G/C ၄၅၀ ကုန်တင် ၇၉၆၅ကုန်ချရန် | CHINA | ၉.၆.၂၀၁၈ |
| VALENTINA-R | Coal 24000 ကုန်ချရန် | RUSSIA | ၉.၆.၂၀၁၈ |
| YU RONG | Steel ၁၃၇၂၈ တန်ကုန်ချရန် | CHINA | ၉.၆.၂၀၁၈ |
| MAAN AUNG | Urea(In Bulk)၇၆၀၀ကုန်ချရန် | INDONESIA | ၉.၆.၂၀၁၈ |
| KYAUK PHYU | Urea(In Bulk)၇၃၀၀ကုန်ချရန် | INDONESIA | ၁၂.၆.၂၀၁၈ |
| DYNAMIC OCEAN-02 | Urea(In Bulk)၆၀၀၀ကုန်ချရန် | MALAYSIA | ၁၂.၆.၂၀၁၈ |
| PROME THUS LEADER | Units Vehicle (RO/RO) ၈၆၅ကုန်ချရန် | JAPAN | ၁၄.၆.၂၀၁၈ |
| LE MANS EXPRESS | Units Vehicle (RO/RO) ၇၉၉ ကုန်ချရန် | JAPAN | ၁၄.၆.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၇.၆.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၆.၂၀၁၈ |
| EVER ABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉.၆.၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၆.၂၀၁၈ |
| DAWEI | MALAYSIA | ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၉.၆.၂၀၁၈ |
| HANSA BHUM | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၉.၆.၂၀၁၈ |
| BANI BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁၀.၆.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၆.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၆.၂၀၁၈ |
| MCC DHAKA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၁.၆.၂၀၁၈ |
| MCC HALONG | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၂.၆.၂၀၁၈ |
| SINAR BANDUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂.၆.၂၀၁၈ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၆.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅.၆.၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၅.၆.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၃၁.၅.၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | - | ၇.၆.၂၀၁၈ |
| MT.AU GIMINI | P'Oil(In Bulk) | - | ၇.၆.၂၀၁၈ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၈.၆.၂၀၁၈ |
| MT.OCEAN SUCCESS | MOGAS 92 RON | SINGAPORE | ၈.၆.၂၀၁၈ |
| MT.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၈.၆.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONISIA | ၁၀.၆.၂၀၁၈ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ+MOGAS 92 RON | SINGAPORE | ၁၁.၆.၂၀၁၈ |
| MT.VIET STAR | P'Oil(In Bulk) | INDONISIA | ၁၂.၆.၂၀၁၈ |
| MT.YU RU | ဒီဇယ်ဆီ | SINGAPORE | ၁၂.၆.၂၀၁၈ |
| MT.OCEAN VICTORY | ဒီဇယ်ဆီ | SINGAPORE | ၁၂.၆.၂၀၁၈ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၁၄.၆.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၁၉.၆.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONISIA | ၂၀.၆.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | INDONISIA | ၂၁.၆.၂၀၁၈ |

## တာချီလိတ်ခရိုင် မိုင်းယုမှ တရုတ်နိုင်ငံသို့ မေလအတွင်း လယ်ယာထွက်ကုန် ၁၀၇၉တန် ကုန်သွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရ

တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမှအထူးဒေသ(၄)ကိုဖြတ်သန်းပြီး တရုတ်နိုင်ငံသို့ မေလအတွင်း ကုန်ပစ္စည်း ခြောက်မျိုးတန်ချိန်ပေါင်း ၁၀၈၉တန်ကို တရားဝင်ကုန်သွယ်နိုင်ခဲ့ကြောင်းသိရပြီး တင်ပို့ခဲ့တဲ့ဒေသထွက်ကုန်များကတော့ တစ်သျှူးငှက်ပျော တန် ၆၀၀၊ ရွှေဖရုံသီး ၂၆၉ တန်၊ ရော်ဘာစိမ်း ၂၈ တန်၊ အစေ့ထုတ်ပြောင်း ၈၄ တန်နှင့် ဖရဲသီးနှစ်တန် တင်ပို့ခဲ့ပြီး စက်မှုကုန်ကြမ်းပစ္စည်းထုံး ၁၀၆ တန်ကို တင်သွင်းခဲ့တာဖြစ်ကြောင်းသိရပါတယ်။

ယခင်က မိုင်းယုဒေသမှ တရုတ်နိုင်ငံသို့ တရားဝင်ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ တရားမဝင် ကုန်သွယ်လမ်းကြောင်းအဖြစ်မှ ၂၀၁၆ခုနှစ်တွင် ရှမ်းပြည်နယ်အစိုးရက တရားမဝင် ကုန်သွယ်မှုလျှော့နည်းရေး ရသင့်ရထိုက်သော အခွန်ငွေတိုးတက်ရရှိရေးအတွက် နယ်စပ်ဝင်ပေါက်များ ကြီးကြပ်ရေးရှမ်းပြည်နယ်ကိုယ်စားလှယ် ခန့်အပ်တာဝန်ပေးပြီး ကုန်သွယ်မှုတိုးတက်ရေးနှင့် တရားဝင်အခွန်ရရှိရေးအဖွဲ့စုံ ဖွဲ့စည်းတာဝန်ပေးခဲ့ရာမှ ယခုကဲ့သို့ တရားဝင်ပို့ကုန်သွင်းကုန် လုပ်ငန်းများ တိုးတက်တင်ပို့ခဲ့ခြင်းဖြစ်ကြောင်း သိရပါတယ်။

**မင်းအောင်(တောင်ကြီး)**

## ၂၀၁၇ခုနှစ် မိုးစပါးရာသီ ပုသိမ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများကို မိုးစပါးချေးငွေကျပ် ၈၀၅၆သိန်း ထုတ်ချေး

၂၀၁၈ ခုနှစ် မိုးစပါးရာသီ ပုသိမ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများကို စိုက်ပျိုးချိန်လိုအပ်သော သွင်းအားစု၊ စိုက်ပျိုးစရိတ်များအတွက် သုံးစွဲရန်ဘဏ်ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ယခင်နှစ်က တောင်သူ ၆၈၀၃ဦးအတွက် ကျပ်သိန်း ၇၁၄၅၄ ထုတ်ချေးပေးခဲ့ပြီး ယခုနှစ်မှာစိုက်ဧက ၅၅၀၀၀ ဝန်းကျင် တောင်သူဦးရေ ၇၀၀၀ ခန့်အတွက် ချေးငွေကျပ်သိန်း၈၂၅၀၀လျာထားကြောင်း ပုသိမ်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မြို့နယ်မန်နေဂျာ ဦးစံဝ၏ ပြောကြားချက်အရ သိရပါသည်။

မိုးစပါးရာသီဘဏ်ချေးငွေများကို မေ ၁၇ ရက်မှစတင်၍ ထုတ်ချေးပေးလျက်ရှိရာ ဘဏ်ချေးငွေအတွက် မိမိ ပိုင်ဆိုင်သောလယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) မူရင်းကို ဘဏ်တွင် အပေါင်ထား၍ တောင်သူတစ်ဦးချင်း အာမခံသည့်စနစ်ဖြင့် တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲနှုန်းနှင့် ထုတ်ချေးပေးမှာဖြစ်ကြောင်း ပုသိမ်မြို့နယ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ဇွန် ၆ ရက်အထိ တောင်သူ ၈၈၂ဦး၊ စိုက်ဧက ၅၃၇၁ ဧက အတွက် ချေးငွေ ၈၀၅၆ ကျပ်သိန်းထုတ်ချေးပေးပြီး ကျန်တောင်သူများကိုလည်း ဆက်လက်ထုတ်ချေးပေးလျက်ရှိရာ ၂၀၁၈ခုနှစ် မိုးစပါးချေးငွေများကို ဇွန် ၃၀ ရက် နောက်ဆုံးထားပြီး ထုတ်ချေးရန် ညွှန်ကြားထားကြောင်း မြို့နယ်ဘဏ် မန်နေဂျာက ပြောကြားခဲ့ပါသည်။

**ရောမြေ(ပုသိမ်)**

## ပခုက္ကူမြို့နယ် ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အစည်းအဝေးကျင်းပပြုလုပ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ (CICC)ရုံးခန်းမတွင် ခရိုင်ဦးစီးမှူး ဦးသန်းဦး ဦးဆောင်၍ မေ ၆ ရက်၌ ပခုက္ကူမြို့နယ် ပခုက္ကူ ရှင်မတောင် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အစည်းအဝေးကျင်းပပြုလုပ်ခဲ့ရာ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့်သနပ်ခါး စိုက်ပျိုး၊ ရောင်းချသူ စုစုပေါင်း ၄၁ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်ဦးစီးမှူး ဦးသန်းဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပခုက္ကူမြို့နယ် ရှင်မတောင် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးကျော်အောင်ကသနပ်ခါးကို ကုန်ကြမ်းအဖြစ် ပေါင်ဒါမှုန့်၊ ရေမွှေး စသည့်အလှကုန်များကို ထုတ်လုပ်နေပြီဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တွဲဖက်အတွင်းရေးမှူး ဦးအေးကိုက သနပ်ခါးကို နှစ်ရှည်ပင်သော်လည်းကောင်း၊ သီးညှပ်ပင်သော်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နိုင်ပြီး သနပ်ခါးဈေးကွက်ကောင်းလာစေရန်အတွက် မုံရွာမြို့တွင် မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းကို ဖွဲ့စည်းခဲ့ကြောင်း၊ အသင်းကြီး၏ရည်ရွယ်ချက်မှာလည်း ကျေးလက်ဒေသရှိ လယ်ယာမြေများတွင် သနပ်ခါးကို စနစ်တကျစိုက်ပျိုးပြီး ပြည်တွင်း၌ ရောင်းချရာတွင်လည်း လွတ်လပ်စွာ ရောင်းဝယ်နိုင်ရန်ဖြစ်ကြောင်း၊ ချဉ်ပေါင်ဖာလာနှင့်သနပ်ခါးကို သစ်တောထွက်ပစ္စည်းစာရင်းမှ ပယ်ဖျက်ထားကြောင်း၊ သနပ်ခါးအသီး၊ အရွက်၊ အဖူး၊ အပွင့်တို့ကို သုတေသနပြုလုပ်သည့်အခါ ဆေးဖက်ဝင်သည်ကို တွေ့ရှိရသောကြောင့် ဂျာမဏီမှ ပါမောက္ခကြီးများသည်လာမည့် သုံးလအတွင်း သုတေသနပြုရန် လာရောက်မည်ဖြစ်ကြောင်း၊ သနပ်ခါးဈေးကွက်ကောင်းလာစေရန် ကမ္ဘာအရပ်ရပ်ကိုတင်ပို့နိုင်သည့် ISO လက်မှတ်ထိရဖို့ လိုကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

## မြောက်ပိုင်းခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၅/၂၀၁၈)ကျင်းပ

မြောက်ပိုင်းခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၏ (၅/၂၀၁၈)အစည်းအဝေးကို ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ပိုင်းခရိုင်၊ စည်သူ ခန်းမ၌ မေ ၃၀ က ကျင်းပခဲ့ပြီး အစည်းအဝေးသို့အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများစုစုပေါင်း ၁၂ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်း ရေးအဖွဲ့အတွင်းရေးမှူး၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင် ဦးစီးမှူး ဦးအောင်တင်စိုးက ယခင်လအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊မေလအတွင်း ခရိုင်အတွင်းရှိဈေး၊ ရပ်ကွက်၊ ကျေးရွာများသို့ စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ခရိုင်အတွင်းရှိမြို့နယ်များသို့ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးကွင်းဆင်းပညာပေးခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံး(CICC)သို့ မေလအတွင်း ကုန်စည်/ဝန်ဆောင်မှုနှင့်ပတ်သက်၍တိုင်ကြားလာသည့်တိုင်ကြားမှုလေးခုအပေါ် ဖြေရှင်းဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ထို့နောက် အတွင်းရေးမှူးက မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဇွန်လအတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များက ဇွန်လအတွက် ခရိုင်အတွင်းရှိ ဈေးများသို့ ကွင်းဆင်းပညာပေးဆောင်ရွက်မည့် အစီအစဉ်များနှင့်ရှေ့ဆက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**နီလာဦး(မြောက်ပိုင်းခရိုင်)**

## ကြက်သွန်

### တရုတ်နိုင်ငံသို့ ကြက်သွန်နီ၊ ထိုင်းနိုင်ငံသို့ ကြက်သွန်ဖြူတင်ပို့

မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၂၂၉သန်း တန်ဖိုးရှိ ကြက်သွန် နီ ၇၆၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၂၄ တန်နဲ့နှိုင်းယှဉ်ပါက ၃၃၇ တန်ပိုမိုတင်ပို့ခဲ့ပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၆၅၅၀၀ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၁၀၀ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့တန် ၂၀၀ နဲ့နှိုင်းယှဉ်ပါက တန် ၁၀၀ လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။မေလအတွင်း မူဆယ်မှ ကြက်သွန်နီတန် ၅၀၀၀ နီးပါးကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး တာချီလိတ်မှ ကြက်သွန်နီတန် ၃၀၀နဲ့ ကြက်သွန်ဖြူ တန် ၃၀၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ **မော်မော်အောင်**

### ပြည်ကြက်သွန်နီအဝင်နည်း၍ ဈေးအနည်းငယ်ပြန်လည်မြင့်တက်

ပြည် ကြက်သွန်နီဈေးကွက်အတွင်း ယခုတစ်ပတ်၌လည်း ဝင်ရောက်မှုဆက်လက်နည်းသွားတာတွေ့ရပါတယ်။ ယခင်တစ်ပတ်မုန်တိုင်းမိုးကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲဖြစ်ကာ ကုန်ပစ္စည်းလက်ကျန်နှင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ယခုတစ်ပတ်တွင်လည်း ပစ္စည်းဝင်ရောက်မှုနည်းသဖြင့် ဈေးနှုန်းအနည်းငယ်မြင့်တက်သွားကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပုံမှန်ဈေးကွက်ဖြစ်သော ဒေသတွင်းဝယ်လက်များ၊ အိတ်ဆွဲသမားများနှင့်ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ နယ်ကျော်တင်ပို့မှုဖြင့် အရောင်းအဝယ်ပုံမှန်ဖြစ်နေတာတွေ့ရပါတယ်။

ဈေးနှုန်းအနေနဲ့ပွဲရုံလက္ကားဈေးတစ်ပိဿာကို အရည်အသွေးအပေါ် မူတည်၍ ကျပ် ၅၀၀၊ ကျပ် ၆၀၀၊ ကျပ် ၇၀၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးများတွင်(ကြီး)ကျပ် ၇၀၀၊ (လတ်)ကျပ် ၈၀၀၊ (သေး)ကျပ် ၆၀၀၊ ကျပ် ၆၅၀နှုန်းတို့ဖြင့် ရောင်းချလျက်ရှိနေတဲ့အတွက် ယခင်တစ်ပတ်ဈေးနှုန်းထက် တစ်ပိဿာလျှင် လက်လီရော လက်ကားပါ ကျပ် ၁၀၀ ခန့် မြင့်တက်သွားတာတွေ့ရပါတယ်။ ရာသီဥတုအပေါ် မူတည်၍ ကုန်အဝင်နည်းမှုကြောင့် ဈေးနှုန်းများမှာ ပြန်လည်မြင့်တက်သွားခြင်းဖြစ်ကြောင်းလည်း ပွဲရုံဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

## ချင်း

### အောင်ပန်းဈေးကွက်တွင် ရှမ်းချင်းဈေးတက်



ဒီတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းဈေးအနည်းငယ် ပြန်တက်လာပါတယ်။ပစ္စည်းအဝင်ကတော့ ပုံမှန်ရှိနေပါတယ်။အရောင်းကတော့ ပြည်တွင်းဝယ်လက်တွေပဲ ပုံမှန်အဆွဲရှိနေပါတယ်။ Export အဆွဲကတော့ ဒီတစ်ပတ်မှာလည်း ငြိမ်နေ ပါတယ်။ ပြည်ပဝယ်လက် တိုက်ရိုက် အဆွဲမရှိပေမယ့် ဘင်္ဂလားဒေ့ရှ်ကို စစ်တွေ၊ တောင်ကုတ်ဘက်မှတစ်ဆင့် နည်းနည်းစီ ထွက်နေတယ်လို့လည်း သိရှိရပါတယ်။ ဒီတစ်ပတ်ချင်းဈေးကတော့ ညံ့စတွေက တစ်ပိဿာကျပ် ၂၀၀ ရှိပြီး အခက် အကြီးအသေးပေါ် မူတည်ပြီး ဈေးကွာသွားလို့ ချင်းခက်ကြီးလုံးတွေဆိုရင် တစ်ပိဿာကျပ် ၄၅၀၊ ကျပ် ၄၇၀ ထိ ဈေးရှိတယ်လို့ သိရှိရပါတယ်။တစ်ပတ်အတွင်းမှာချင်းပိဿာချိန် ၁ ဒသမ ၇ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရှိရပါတယ်။ ချင်းခြောက်ဈေး ကတော့ တစ်ပိဿာကို ကျပ် ၇၀၀ ကနေ ကျပ် ၉၀၀ထိ ဈေးရှိနေပြီး အကောင်းဆုံးကတော့ တစ်ပိဿာကိုကျပ် ၁၀၀၀ ထိရှိတယ်လို့ သိရှိရပါတယ်။

ဟိုပုံး ဈေးကွက်မှာတော့ ချင်းကခုမှ စဖော်တာဖြစ်လို့ နည်းနည်းစီသာ အဝင်ရှိနေတယ်လို့ သိရှိရပါတယ်။ ချင်းအစိုဓာတ်လည်း ရှိနေသေးတာကြောင့် အရောင်းအဝယ်က သိပ်မဖြစ်သေးဘူးလို့ သိရှိရပါတယ်။ ဒီတစ်ပတ်မှာတော့ ရန်ကုန် ဝယ်လက်အနည်းငယ်ရှိလို့ ပိဿာချိန် ငါးသောင်းခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ဈေးတွေကတော့ အခက်အကြီးအသေးပေါ် မူတည်ပြီးတော့ အခက်ကြီးတွေက တစ်ပိဿာကျပ် ၂၇၀၊ ပယ်ချင်းတွေက တစ်ပိဿာကျပ် ၂၅၀ဈေးရှိတယ်လို့ ပွဲရုံများမှ သိရှိရပါတယ်။ **စောယုထွေး၊ တောင်ကြီး**

### ပင်လယ်ရေကြောင်းမှ ချင်းတန်ချိန် ၁၃၀၀ ကျော်တင်ပို့

မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက် သီတင်းပတ်အတွင်း ချင်း ၁၃၇၈ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၁၃၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၂၃၈ တန်နဲ့ ဂျပန်နိုင်ငံသို့ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ကတင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၁၆၆၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၂၈၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ချင်းစိုက တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင်ရရှိပြီး ချင်းခြောက်က တစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၆၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၈၃၂၀၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)

### အိမ်နီးချင်းနိုင်ငံများသို့ ချင်းစို၊ ချင်းခြောက်တင်ပို့

မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၈၀၀တန်ဖိုးရှိ ချင်းစို ၃ တန်ကိုလည်းကောင်း၊ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅၀၅ တန်ဖိုးရှိ ချင်းစို ၇တန်ကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မေလအတွင်း စစ်တွေမှ ချင်းစို ၁၃၆ တန်နဲ့ မောင်တောမှ ချင်းစို ၁၅၅ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့သိရပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အဆိုပါရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂၄၄၉ တန်ဖိုးရှိ ချင်းခြောက် ၁၆ တန်ကျော်ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၃၆၄၅ တန်ဖိုးရှိ ချင်းခြောက် ၁၇တန် နီးပါးကို အိန္ဒိယနိုင်ငံသို့လည်းကောင်း အသီးသီးတင်ပို့ခဲ့ပါတယ်။ မေလတစ်လလုံး တမူးမှ ချင်းခြောက် ၁၁၄ တန်ကို အိန္ဒိယသို့ တင်ပို့ခဲ့ပြီး မြဝတီမှ မေလအတွင်း ၁၆တန်ခွဲသာ တင်ပို့ခဲ့ပါတယ်။
**မော်မော်အောင်**

## နနွင်း

### မေလအတွင်းနနွင်းတန် ၄၀၀ကျော်တင်ပို့

မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်အထိ သီတင်းပတ်အတွင်း နနွင်း ၁၉၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၃၆ တန်၊ မလေးရှားနိုင်ငံသို့ တန် ၂၀၊ အိန္ဒိယနိုင်ငံသို့ ၈၇တန်၊ မော်ရိုကိုနိုင်ငံသို့ တန် ၅၀ နဲ့ ဂျပန်နိုင်ငံသို့ ၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၀၀-၆၈၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က နနွင်းတင်ပို့မှုမရှိဘဲ ဒီတစ်ပတ်မှ ပြန်လည်တင်ပို့ခဲ့ခြင်းဖြစ်ပါတယ်။ နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၉၂၂၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း**(DOT)



### ရှမ်းနနွင်းအသစ်များ ဈေးကွက်ထဲဝင်လာ

ဒီတစ်ပတ် ဟိုပုံးဈေးကွက်မှာတော့ ဟိုပုံးနီးနားတစ်ဝိုက်ကထွက်တဲ့ နနွင်းအသစ်များ ဈေးကွက်ထဲ အဝင်စိပ်လာ တယ်လို့သိရပါတယ်။တစ်ပတ်ကို ပိဿာချိန် လေးသောင်း၊ ငါးသောင်းခန့် အဝင်ရှိနေပါတယ်။ အဝင်များပေမယ့် အရောင်းအဝယ်က အေးနေသေးတယ်လို့ သိရပါတယ်။ ပြည်ပဝယ်လက် အဆွဲတော့မရှိသေးပါဘူး။ ဒေသတွင်းဝယ်လက်များက နနွင်းအခြောက်ပြုလုပ်ဖို့အတွက်သာ အဆွဲရှိနေတယ်လို့သိရပါတယ်။ ဈေးနှုန်းတွေကတော့ နနွင်းအစို(ထိပ်စ)က တစ်ပိဿာ ကျပ် ၃၀၀၊အညံ့စက တစ်ပိဿာကျပ် ၁၅၀ ဈေး ရှိပါတယ်။ နနွင်းခြောက်ဈေးကတော့ မရှိသေးဘူးလို့လည်း သိရှိရပါတယ်။

အောင်ပန်းဈေးကွက်မှာတော့ ဒီတစ်ပတ်မှာ နနွင်းအသစ်များ ယခင်တစ်ပတ်ကထက် အဝင်အနည်းငယ် လျော့သွားတယ်လို့ သိရပါတယ်။ ခုမှစဝင်တာဆိုတော့ အရောင်းအဝယ်က အေးနေပါတယ်။ ပြည်ပ အဆွဲမရှိ၊ ပြည်တွင်း ဝယ်လက်တွေဖြစ်တဲ့ ရန်ကုန်၊ ပြည်၊ စစ်တွေ ဝယ်လက်တွေသာ ပုံမှန်အဆွဲ ရှိနေပါတယ်။ လက်လီ ပြန်ရောင်းတဲ့ ဈေးပတ်သမားတွေရယ်၊ အမှုန့်ကြိတ်လုပ်ငန်းလုပ်ကိုင်တဲ့သူတွေရယ် အဆွဲကြောင့် တစ်ပတ်အတွင်းမှာ ပိဿာချိန်တစ်သိန်းကျော်လောက်တော့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး နနွင်းခြောက် ဈေးနှုန်းကတော့ တစ်ပိဿာကို ကျပ် ၁၀၀၀၊ ကျပ် ၁၁၀၀ ဈေးရှိတယ်လို့ နနွင်း ပွဲရုံတွေထံမှသိရပါတယ်။
**စောယုထွေး၊ တောင်ကြီး**

## မန်ကျည်း

### မန်ကျည်းတန်ချိန် ၂၄၀ကျော်တင်ပို့

မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၂၄၂ တန်ကို ရေကြောင်းလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် စင်ကာပူနိုင်ငံသို့ ၁၉၂ တန်နဲ့ ထိုင်းနိုင်ငံသို့ တန် ၅၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်းတန်ချိန် ၂၉၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၅၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းသီး(အသစ်)က တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၈၀-၄၀၀ ဝန်းကျင်ရရှိခဲ့ပြီး မန်ကျည်းသီး(အဟောင်း)က တစ်တန်ကိုပျမ်းမျှအမေရိကန်ဒေါ်လာ ၂၀၀ ဝန်းကျင် ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၅၂၆၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း**(DOT)

### နယ်တင်ပို့မှုများ ဆက်တိုက်ရှိနေတဲ့ ပြည်မန်ကျည်းမှည့်

ပြည်မန်ကျည်းမှည့်ပွဲရုံများသို့ ကျောက်ပန်းတောင်း၊ ကြံခင်း၊ ဟသ်ာတနှင့် ဒေသတွင်းမှ မန်ကျည်းမှည့်များ ဝင်ရောက်လျက်ရှိပါတယ်။ အရောင်းအဝယ်အနေဖြင့် နယ်တင်ပို့မှုများ ဆက်တိုက်ရှိနေတာကြောင့် မန်ကျည်းမှည့်ဈေးကောင်းရလျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် မန်ကျည်းမှည့်တစ်ပိဿာလျှင် ပွဲရုံဈေး ကျပ် ၁၈၀၀ နှင့် ဒေသတွင်း လက်လီဈေး ကျပ် ၂၅၀၀ တို့ဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း ရောင်းချလျက်ရှိကြောင်း သိရပါတယ်။ တစ်ပတ်အတွင်း မန်ကျည်းမှည့် ပိဿာချိန် ၁၈၀၀ ခန့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်မြို့ရှိ ဝယ်လက်များသို့ တင်ပို့နေရကြောင်းလည်း သိရပါတယ်။ **နီနီဝင်း(ပြည်)**

# ၂၀၁၈ ဘဏ္ဍာနှစ်(၂)လအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကျော်ရရှိ ကာလတူထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၈ ဘီလီယံကျော် တိုးတက်လာ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်စေရန် ရည်ရွယ်သည့် စီးပွားရေးမူဝါဒ (၁၂) ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ **“ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ၊ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်”** အချက်သည်လည်း တစ်ချက် အပါအဝင်ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း အဆိုပါအချက် အကောင်အထည်ဖော်ဆောင်ရွက်နိုင် ရန်ရည်ရွယ်ပြီး ပြည်သူတစ်ရပ်လုံး ပါဝင်ခံစားနိုင်မည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေရန် ကဏ္ဍအလိုက် ထိရောက်ကောင်းမွန်သည့် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့မှု မြှင့်တင်နိုင်ရေး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကုန်သွယ်မှုဆိုင်ရာမူဝါဒများ လိုက်လျောညီထွေချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကုန်သွယ်မှုဆိုင်ရာ မူဝါဒများခေတ်နှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများကြောင့် ကုန်သွယ်မှုပမာဏများလည်း နှစ်စဉ်မြင့်မားတိုးတက်လျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ သမိုင်းမှတ်တိုင်သစ်များ စိုက်ထူနိုင်ခဲ့သလို ၂၀၁၈ ခုနှစ် (ဧပြီလနှင့် မေလ) (၂)လတွင်လည်း အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်ခဲ့သောကြောင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံနှင့် စုစုပေါင်းပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် (ဧပြီလနှင့် မေလ) (၂)လတာ ကာလတွင် ပြည်ပကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖြစ်သဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှာ ၇၈ ရာခိုင်နှုန်းဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုမှ ၂၂ ရာခိုင်နှုန်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုတွင် အများဆုံးကုန်သွယ်ဖက်နိုင်ငံ များမှာ တရုတ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုတွင် မူဆယ်၊ မြဝတီနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းများမှ အများဆုံးဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

၂၀၁၈ ခုနှစ် (ဧပြီလနှင့် မေလ) (၂)လတွင် ပြည်ပပို့ကုန်တန်ဖိုးဟာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၄၀၀ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခင်နှစ်ထက် ပိုမိုတင်ပို့နိုင်သည့် ပစ္စည်းအုပ်စုများမှာ တိရစ္ဆာန်ထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုးအမေရိကန်ဒေါ်လာသန်း



၄၀၊ ရေထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆ သန်း၊ သတ္တုတွင်းထွက်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၅၉ သန်း၊ စက်မှုကုန်ချောပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၄ သန်း ပိုမိုတင်ပို့နိုင်ခဲ့တာဖြစ်ပြီး လျော့နည်းတင်ပို့သည့် ပစ္စည်းတွေကတော့ လယ်ယာထွက်ကုန်ပစ္စည်း တန်ဖိုးအမေရိကန်ဒေါ်လာ ၇၆ သန်းကျော်နှင့် သစ်တောထွက်ပစ္စည်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ ၁၂ သန်းကျော် လျော့နည်းတင်ပို့နိုင်ခဲ့ကြောင်း သိရှိရပါတယ်။

၂၀၁၈ ခုနှစ်( ဧပြီလနှင့် မေလ)(၂)လတွင် ပြည်ပသွင်းကုန် တန်ဖိုးဟာ ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ယခင်နှစ်ထက်ရင်းနှီး မြှုပ်နှံမှုကုန်ပစ္စည်းတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၉ သန်းကျော်၊ လုပ်ငန်းသုံးကုန်ကြမ်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သန်း၂၂၀ နှင့် လူသုံးကုန်ပစ္စည်းများအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ခုနစ်သန်း ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရှိရပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်းများတွင် အဓိကတင်ပို့မှုအများဆုံး ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ ၂၀၁၈ ခုနှစ် (ဧပြီလနှင့် မေလ)တွင် တန်ချိန် ၄ ဒသမ ၇ သိန်း၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၆၃ သန်းတင်ပို့ခဲ့ပြီး ယခင်နှစ် ကာလတူထက် တန်ချိန်တစ်သောင်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၇ သန်း ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင် ပင်လယ်ရေ ကြောင်းမှ ၄၆ ရာခိုင်နှုန်းနှင့် နယ်စပ်မှ ၅၄ ရာခိုင်နှုန်း တင်ပို့နိုင်ခဲ့ပြီး နိုင်ငံပေါင်း ၃၅ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။ ထို့အပြင် တရုတ်နိုင်ငံ ကူမင်းမြို့ပြည်သူ့အစိုးရနှင့် မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့အကြား ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအား မေ ၂၄ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများမှ ရှင်းလင်းဆွေးနွေးမှု ပြုလုပ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ဆန်အပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများ ဝယ်ယူလိုသည့်အတွက် ကူမင်းမြို့ရှိ မြန်မာကောင်စစ်ဝန်ရုံးမှတစ်ဆင့် သံတမန်လမ်းကြောင်းမှ ညှိနှိုင်းသည့်အတွက် နှစ်နိုင်ငံအစိုးရချင်း လက်မှတ်ရေးထိုးမှာဖြစ်ကြောင်း၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ နှစ်ဖက်ကုမ္ပဏီများ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြားသိရပါတယ်။ မြန်မာနိုင်ငံမှာ ဆန်အပါဝင် လယ်ယာထွက်ကုန်ပစ္စည်းများအတွက် အလားအလာကောင်းမွန်မည့် အနေအထား ဖြစ်ပါတယ်။ ဆန်စပါးသည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အဓိကပို့ကုန်အဖြစ် စွမ်းဆောင်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအနေဖြင့် ပဲမျိုးစုံပြည်ပသို့တင်ပို့မှုအနေဖြင့် ၂၀၁၈ ခုနှစ် (ဧပြီလနှင့် မေလ) တွင် တန်ချိန် ၂ သိန်း၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၂၉ သန်းတင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် တန်ချိန်အားဖြင့် ၁ ဒသမ ၅ သိန်း၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၃၃ သန်း လျော့နည်းတင်ပို့ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ပဲအများဆုံးတင်ပို့သည့်နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ ဂျပန် ၊ ပါကစ္စတန် ၊ စင်ကာပူနှင့် မလေးရှား နိုင်ငံတို့ ဖြစ်ပြီး ပဲတင်ပို့မှု၏ ၉၀ ရာခိုင်နှုန်းကျော်မှာ အိန္ဒိယနိုင်ငံဖြစ်ပါတယ်။

အိန္ဒိယသည် ကမ္ဘာပေါ်တွင် ပဲအများဆုံး ထုတ်လုပ်သည့်နိုင်ငံဖြစ်သလို ပဲအများဆုံး စားသုံးသည့်နိုင်ငံဖြစ်သဖြင့် ပြည်ပမှ ပဲအများဆုံးတင်သွင်းလျက်ရှိပါတယ်။ အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပဲစင်းငုံတင်သွင်းမှု တစ်နှစ်လျှင် တန်ချိန် (၂) သိန်း နှင့် မတ်ပဲ၊ ပဲတီစိမ်း တင်သွင်းမှုတစ်နှစ်လျှင် တန်ချိန် (၃) သိန်း ကန့်သတ်လိုက်ခြင်းကြောင့် ပဲတင်ပို့မှု လျော့နည်းခြင်းဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနှင့် G to G သဘော တူညီချက်ဖြင့် ပဲဆက်လက်တင်ပို့နိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် မတ်ပဲတန်ချိန် ၁ ဒသမ ၅ သိန်း၊ ပဲတီစိမ်းတန်ချိန် ၁ ဒသမ ၅ သိန်း တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရှိရတဲ့အတွက် ပဲတင်သွင်းမှု ကန့်သတ်ချက်များရှိကြောင်း သိရှိရပါတယ်။ မြန်မာ့ပဲများ အိန္ဒိယနိုင်ငံအပြင် အခြားဈေးကွက်များသို့ ချဲ့ထွင်တင်ပို့နိုင်ရေးနှင့် တောင်သူများအနေဖြင့် တရုတ်နိုင်ငံ၌ ဈေးကွက်အလားအလာရှိသည့် ပြောင်းနှင့်ပဲပုပ်ကဲ့သို့သော ဈေးကွက်ဝင်သီးနှံများပြောင်းလဲ စိုက်ပျိုးနိုင်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် (ဧပြီလနှင့် မေလ)တွင် ပို့ကုန်တင်ပို့မှုတွင် စက်မှုကုန် ချောပစ္စည်းအုပ်စုမှ CMP စနစ်ဖြင့် ချုပ်ပြီးအထည် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၃၈ သန်းဖြင့် အများဆုံးဖြစ်ပြီး

## ပြည်သုတ

ယခင်ကာလတူထက် တန်ဖိုး အမေရိကန်ဒေါ်လာ ၂၆၁ သန်းပိုမိုတင်ပို့ခဲ့ပြီး ပြည်ပပို့ကုန် ပစ္စည်းများတွင် ပထမနေရာတွင်ရှိနေပြီး သဘာဝဓာတ်ငွေ့သည် တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄၃၃ သန်းဖြင့် ပြည်ပတင်ပို့မှုတွင် ဒုတိယနေရာတွင်ရှိနေပါတယ်။ CMP အထည်ချုပ်လုပ်ငန်းများသည် ကုန်သွယ်ရေးဦးစီးဌာနမှာ ဆောင်ရွက်ထားရှိသော Fully Online Licence စနစ်ဖြင့် ၂၀၁၇ ခုနှစ်တွင် စက်ရုံ ၁၀ ရုံ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေလတွင် စက်ရုံပေါင်း ၃၀၀ ကျော်ထိ တိုးချဲ့ဆောင်ရွက်လာပါတယ်။ CMP စနစ်ဖြင့် တင်ပို့မှုဟာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သုံးဘီလီယံထိ တိုးတက်ရရှိလာသဖြင့် ငါးနှစ်အတွင်း ပို့ကုန်သုံးဆတိုးမြှင့်နိုင်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

ပြည်ပသွင်းကုန်တင်သွင်းမှုတွင် ယခင်နှစ်ကာလတူ ပိုမိုတင်သွင်းခဲ့သည့် ကုန်ပစ္စည်းများအား လေ့လာကြည့်ပါက အဓိကအားဖြင့် ရေနံထွက်ပစ္စည်းများဖြစ်သည့် ဒီဇယ်၊ ဓါတ်ဆီတင်သွင်းမှုသည် မိမိတိုင်းပြည်၏ မော်တော်ယာဉ်အနေအထားနှင့် အခြားစက်မှုလုပ်ငန်းများ တည်ဆောက်ရေး လုပ်ငန်းများသုံးစွဲမှုအပေါ် မူတည်နေကြောင်း၊ ဓာတုဗေဒချည်ခင်များ တင်သွင်းမှုသည် အထည်အလိပ် လုပ်ငန်းများ ဖြစ်သည့် SME လုပ်ငန်းများ ပြန်လည်ဦးမော့လာသည့် အခြေအနေကို ပြနေကြောင်း၊ ဆေးဝါးပစ္စည်းများ တင်သွင်းမှုသည် နိုင်ငံသူ/နိုင်ငံသားများ၊ ပြည်သူ/ပြည်သားများ ကျန်းမာရေးစောင့်ရှောက်မှုကို အလေးထားဆောင်ရွက်လာနိုင်ခြင်းပင်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ဒါ့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လက်လီ၊ လက်ကားရောင်းချဖြန့်ဖြူးသူများအကြား မျှတသော ယှဉ်ပြိုင်မှု တိုးတက်စေခြင်းအားဖြင့် စားသုံးသူများအတွက် ဈေးနှုန်းလျော့ကျပြီး ရွေးချယ်ခွင့်ပိုမိုရရှိစေရန်လည်းကောင်း၊ ရောင်းချဖြန့်ဖြူးမှုလုပ်ငန်းများတွင်း ကုန်ပစ္စည်းအရည်အသွေးနှင့် ဝန်ဆောင်မှုအရည်အသွေး၊ နည်းပညာများ တိုးတက်လာစေရန်လည်းကောင်း၊ ပြည်တွင်းထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိ၍ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်လည်းကောင်းရည်ရွယ်၍ နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ပေါင်းစည်းဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကား ရောင်းချခွင့်ပြုသည့် အမိန့် ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီး စည်းမျဉ်းစည်းကမ်းနှင့် အသေးစိတ် အချက်အလက်များကို www.commerce.gov.mm တွင်လည်း ဖော်ပြပေးထားကြောင်း သိရှိရပါတယ်။

နိုင်ငံတော် အစိုးရအနေဖြင့် စီးပွားရေးပိုမိုကောင်းမွန်စေရန်နှင့် အခွင့်အလမ်းကောင်းများ ရရှိစေရန်ရည်ရွယ်၍ ပြင်ဆင်ဖြေလျော့ ဆောင်ရွက်ပေးမှုများအား စဉ်ဆက်မပြတ်ညှိနှိုင်း ပြုလုပ်ဆောင်ရွက်ပေး လျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏

**စာမျက်နှာ (၂၄) သို့**

# ခတ်ဆီ/ဒီဇယ်

## ခတ်ဆီ၊ ဒီဇယ်တန်ချိန် ၁၀၀၀၀၀ ကျော်ဝင်

မေ ၂၇ ရက်မှ ဇွန် ၂ရက်အထိသီတင်းပတ်အတွင်း အမေရိကန် ၃၁၂၃၃၆၇၄ တန်ဖိုးရှိ ခတ်ဆီ ၅၁၈၄၆ ဒသမ ၂၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၄၄၂၉၄၈၅၅ တန်ဖိုးရှိ ဒီဇယ် ၆၉၄၂၆ ဒသမ ၁၉ တန်၊ စုစုပေါင်း ၁၂၁၂၇၂ ဒသမ ၄၄ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ခတ်ဆီတန်ချိန် ၃၃၂၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၁၈၆၄၀ ကျော် ပိုမိုတင်သွင်းခဲ့သလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၃၈၆၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၃၀၈၂၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ခတ်ဆီရော ဒီဇယ်ပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၅၂၄၇၅၀ တန်ဖိုးရှိ အဆင့်မြင့် Re-export ဒီဇယ်တန်ချိန် ၁၅၀၊ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၇၈ သန်းတန်ဖိုးရှိ Re-export ဒီဇယ် ၄၈ ဒသမ ၇၁၅ တန်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်စျေးကွက်**မှာ ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်ပြီး စျေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာ ဒီဇယ် ကျပ် ၉၂၀ ၊ အောက်တိန်း (92) ကျပ် ၈၈၀၊ အောက်တိန်း (95) ကျပ် ၉၃၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၃၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ ဇွန် ၄ ရက်မှာ ဒီဇယ်ဝယ်စျေး ကျပ် ၁၈၉၀၀၀၊ ရောင်းစျေး ကျပ် ၁၉၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၈ ရက်တွင် ဝယ်စျေး ကျပ် ၁၀၀၀၊ ရောင်းစျေး ကျပ် ၃၀၀၀နဲ့ စျေးလျော့ခဲ့တယ်လို့ သိရပါတယ်။ ခတ်ဆီစျေးက ဇွန် ၄ ရက်မှာ ဝယ်စျေး ကျပ် ၁၈၀၀၀၀၊ ရောင်းစျေး ကျပ် ၁၈၂၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မန္တလေးစျေးကွက်**မှာ ခတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း(92)နဲ့ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ စျေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ကျပ် ၁၁၀၀၊ ဒီဇယ် တစ်လီတာ ကျပ် ၉၆၀၊ အဆင့်မြင့်ဒီဇယ်တစ်လီတာ ကျပ် ၉၇၀၊ အောက်တိန်း(92) တစ်လီတာ ကျပ် ၉၆၀၊ ခတ်ဆီတစ်လီတာ ကျပ် ၈၄၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါစျေးများမှာ ဇွန် ၄ ရက်တွင် ဒီဇယ်ဝယ်စျေး ကျပ် ၁၉၁၀၀၀၊ ရောင်းစျေး ကျပ် ၁၉၄၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း(92) စျေးမှာ ဇွန် ၄ ရက်တွင် ဝယ်စျေး ကျပ် ၁၈၆၀၀၀၊ ရောင်းစျေး ကျပ် ၁၈၉၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီစျေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ ယခင်တစ်ပတ်စျေးနဲ့ယှဉ်ရင် ဒီဇယ်ရော ခတ်ဆီပါ စျေးကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်စျေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်က စျေးနည်းနည်းမြင့်လာပြီး အောက်တိန်း (95) နဲ့ အောက်တိန်း (92)မှာ ယခင်စျေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာစျေးများမှာ ခတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၉၅၅ ကျပ်၊ အောက်တိန်း(92) ကျပ် ၉၁၀၊ အောက်တိန်း (95)ကျပ် ၉၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ခတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၄၃၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၁၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးစျေးကွက်**မှာအရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင် ခတ်ဆီစျေး၊ ဒီဇယ်စျေးများမှာ စျေးငြိမ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာရောင်းချနေတဲ့ တစ်လီတာစျေးနှုန်းများမှာ ဒီဇယ် တစ်လီတာ ကျပ် ၉၆၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၉၈၀၊ အောက်တိန်း (92) ကျပ် ၉၆၀၊ အောက်တိန်း(95) ၁၀၈၅ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ် တစ်ဂါလံ ကျပ် ၄၃၀၀၊ အောက်တိန်း (92) တစ်ဂါလံ ကျပ် ၄၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## ဇွန်လ ပထမပတ်အတွင်း အမေရိကန်ဒေါ်လာ စျေးငြိမ်

ပြည်တွင်းငွေလဲစျေးကွက်သည် ဇွန်လပထမပတ်အတွင်း စျေးငြိမ်နေခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၅၄ ကျပ်ဖြင့်သာ ယခင်ရက်သတ္တပတ် ရည်ညွှန်းငွေလဲနှုန်းအတိုင်း သတ်မှတ်ခဲ့သည်။

ကနေဒါ၊ အီးယူနှင့် မက္ကဆီကိုနိုင်ငံတို့မှ သံမဏိနှင့် အလူမီနီယံများကို အမေရိကန်အစိုးရမှ အခွန်တိုးမြှင့်သတ်မှတ်လိုက်ခြင်းနှင့်ပတ်သက်၍ ကုန်သွယ်ရေးတင်းမာမှု ပေါ်ပေါက်လာခြင်း၊ အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းမြှင့်တင်မည့်သတင်းများမှာ အမေရိကန်ဒေါ်လာငွေကြေးအပေါ်မှာ သက်ရောက်မှုဖြစ်လာနိုင်ကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်စျေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းငွေလဲနှုန်းစျေးကွက်တွင် ဇွန် ၄ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၄၄ကျပ်၊ဝယ်စျေး ၁၃၄၂ ကျပ်စျေးရှိခဲ့ရာမှ ဇွန် ၅ ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၄၅ ကျပ်၊ ဝယ်စျေး ၁၃၄၃ ကျပ်သို့ တက်လာခဲ့သော်လည်း ဇွန် ၆ ရက်မှစတင်ကာ အမေရိကန်တစ်ဒေါ်လာ ရောင်းစျေး ၁၃၄၄ ကျပ်၊ ဝယ်စျေး ၁၃၄၂ ကျပ်သို့ ပြန်လည်ကျဆင်းကာ တစ်ပတ်တာအတွင်း စျေးအတက် အကျအနည်းငယ်သာရှိခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေစျေး အတက်အကျ နည်းခဲ့တဲ့ ရက်သတ္တပတ်

ယခင်လက စျေးငြိမ်နေခဲ့သော ပြည်တွင်းရွှေစျေးမှာ ဇွန်လပထမပတ်တွင်လည်း စျေးအတက်အကျဖြစ်မှုနည်းပါးခဲ့ကြောင်း ပြည်တွင်းရွှေစျေးကွက်မှ စုံစမ်းသိရှိရသည်။ မေလ နောက်ဆုံးပတ်က ကျပ် ၉၃၅၀၀၀ စျေးရှိခဲ့သော ပြည်တွင်းရွှေစျေးနှုန်းများသည် ဇွန်လပထမပတ်အတွင်း ကျပ် ၉၃၄၀၀၀ ဖြင့်သာ အနည်းငယ်သာ ကျဆင်းခဲ့ကြောင်း သိရသည်။

"ပြည်တွင်းရွှေစျေးကတော့ မိုးလည်းဝင်လာလို့ အရောင်းအဝယ် အေးသလို အတက်အကျလည်း သိပ်မရှိဘူး။ ပုံမှန်လောက်ပဲ အရောင်းအဝယ် ဖြစ်နေတယ်။ ကမ္ဘာရွှေစျေးကတော့ မြောက်ကိုရီးယား-အမေရိကန် ထိပ်သီးဆွေးနွေးပွဲရလဒ်အပေါ် မူတည်နေတော့ ကမ္ဘာ့ရွှေစျေးကလည်း အတက်အကျသိပ်မရှိဘူး။ ဆွေးနွေးပွဲအပြီးထိတော့ စောင့်ကြည့်ရဦးမယ်"ဟုပြည်တွင်းရွှေအရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

ပြည်တွင်းရွှေစျေးကွက်တွင် ဇွန် ၄ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၃၃၅၀၀ ရှိခဲ့ရာမှ ဇွန် ၆ ရက်တွင် ကျပ် ၉၃၂၀၀၀ သို့ကျလာခဲ့ပြီး ဇွန် ၈ ရက်တွင် ကျပ် ၉၃၄၀၀၀ သို့ ပြန်လည်မြင့်တက်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေစျေးကွက်တွင်လည်း ဇွန် ၄ ရက်က ရွှေတစ်အောင်စလျှင် ၁၂၉၂ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဇွန် ၆ ရက်တွင် တစ်အောင်စလျှင် ၁၂၉၆ အမေရိကန်ဒေါ်လာသို့မြင့်တက်လာပြီး ဇွန် ၈ ရက်တွင် ၁၂၉၇ အမေရိကန်ဒေါ်လာဖြင့် စျေးအတက်အကျဖြစ်မှု အနည်းငယ်သာရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**သန်းထိုက်အောင်**

## Listing Promotion Seminar ကျင်းပပြုလုပ်

အများပိုင် ကုမ္ပဏီများအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရောက်ပါက ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ၊ အကျိုးကျေးဇူးများနှင့် ရင်ဆိုင်တွေ့ကြုံရမည့် အခက်အခဲများကို လွယ်ကူစွာကျော်လွှားနိုင်ရန် လိုအပ်သော သတင်းအချက်အလက်များ ရရှိနိုင်စေရန် ရည်ရွယ်၍ Listing Promotion Seminar ကို ဇွန် ၅ ရက်က ရန်ကုန်စတော့အိတ်ချိန်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင် ဦးသိန်းမြင့်၊ ရန်ကုန်စတော့အိတ်ချိန်းမှ ဦးသက်ထွန်းဦး၊ Allen and Gledhill(Myanmar)မှ ဦးမင်းနိုင်ဦးနှင့် Special Task Force မှ Mr. Neville Daw တို့မှအလားအလာရှိသော အများပိုင်ကုမ္ပဏီများအတွက် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရန် လိုအပ်သော သတင်းအချက်အလက်များကို ဝေမျှပေးခဲ့သည်။

ရန်ကုန် စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများဖြစ်သော MTSH၊ FMI၊ MCB၊ FPB နှင့် TMH ကုမ္ပဏီတို့၏ အစုရှယ်ယာများကို အရောင်းအဝယ် ပြုလုပ်ပေးနေသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

June 8, 2018

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.31 |
| BDT | Bangladesh Taka | 84.82 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.40 |
| EUR | Euro | 0.85 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 67.48 |
| I DR | Indonesia Rupiahs | 13924.52 |
| JPY | Japan Yen | 109.65 |
| MYR | Malaysia | 3.98 |
| PKR | Pakistan Rupees | 115.80 |
| PHP | Philippines Pesos | 52.66 |
| RUB | Russia Rubles | 62.38 |
| SGD | Singapore Dollars | 1.33 |
| KRW | South Korea Won | 1074.08 |
| LKR | Sri Lanka Rupe | 158.84 |
| THB | Thailand Baht | 32.05 |
| GBP | United Kingdom Pounds | 0.75 |
| VND | VietnamDon | 22797.66 |

*Source:xe.com*

## World Gold Price

June-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 4 | 1295 | 1293 | 1293 |
| 5 | 1294 | 1292 | 1292 |
| 6 | 1300 | 1300 | 1300 |
| 7 | 1295 | 1299 | 1296 |
| 8 | 1300 | 1298 | 1295 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 4-6- 2018 | 933.00 | 933.00 |
| 5-6- 2018 | 931.50 | 932.00 |
| 6-6- 2018 | 933.30 | 933.80 |
| 7-6- 2018 | 933.00 | 933.30 |
| 8-6- 2018 | 934.50 | 934.30 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 4 | 6.42 | 32.03 | 84.63 | 67.08 |
| 5 | 6.41 | 31.97 | 84.62 | 67.21 |
| 6 | 6.39 | 31.87 | 84.23 | 67.04 |
| 7 | 6.39 | 31.90 | 84.41 | 67.08 |
| 8 | 6.40 | 32.05 | 84.82 | 67.48 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 4-June | 16.35 | 3080.09 | 2272.10 | 6879.13 | 899.00 |
| 5-June | 16.36 | 3112.93 | 2289.30 | 6948.77 | 895.00 |
| 6-June | 16.52 | 3189.85 | 2299.65 | 7042.22 | 901.00 |
| 7-June | 16.64 | 3191.61 | 2318.61 | 7197.38 | 904.00 |
| 8-June | 16.65 | 3175.52 | 2271.22 | 7142.50 | 898.00 |

## Energy NYMEX

8-6-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 66.04 | 0.09 | 0.14 |
| Brent Crude Futr (USD/bbl) | 77.21 | -0.11 | -0.14 |
| Gasoline Rbob Fut (Cent/gal) | 211.81 | 0.33 | 0.16 |
| Natural Gas Futr (USD/MMBtu) | 2.92 | -0.01 | -0.38 |
| Heating Oil Futr (Cent/gal) | 217.81 | -0.18 | -0.08 |

## ဘိလပ်မြေ

# ဒီတစ်ပတ် ရေလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေအဝင်လျော့

မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၂၄ တန်ဖိုးရှိ ဘိလပ်မြေ ၁၅ ဒသမ ၃၅၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် စပိန်နိုင်ငံမှ ၄ ဒသမ ၁၁ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ ၁၀တန်နဲ့ ကိုရီးယားနိုင်ငံမှ ၁ ဒသမ ၂၄၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၉၀၇၀ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၉၀၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

မေလ ၂၆ ရက်မှ ဇွန်လ ၁ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၉၉၉၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၉၈၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၉၈၀ ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းသွက်



**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာ အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ထဲက ပစ္စည်းပြတ်နေတဲ့ စိန်(ထိုင်း)က ဒီတစ်ပတ်လည်း ဈေးကွက်ထဲမဝင်သေးဘူးလို့သိရပါတယ်။ စိန်(ထိုင်း)က အသုံးနည်းတာကြောင့်လည်း အဝင်နည်းတာလို့လည်းသိရပါတယ်။

ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ၅၁၅၅ ကျပ်၊ ဆင်(ထိုင်း)ကျပ်၅၇၅၀၊ ကြံ့(မြန်မာ)၅၁၅၅ ကျပ်၊ စိန်(ထိုင်း)ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ**အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၉၀၀၊ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊အယ်လ်ဖာကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ခရောင်းကျပ်၅၂၀၀၊အပါချီကျပ်၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ကြံ့က ကျပ် ၂၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်း အဝယ် ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ ကျပ် ၅၁၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၃၀၀၊ စိန်(ထိုင်း)ကျပ် ၆၁၀၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအသွက်ဆုံးက နဂါးနဲ့ ကမ္ဘောဇဘိလပ်မြေတို့ဖြစ်ပါတယ်။

ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၁၀၀၊ နဂါး ကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၉၀၀၀ ကျော်ဝင်

မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၃၃၉၆၅ တန်ဖိုးရှိ မြေသြဇာ ၉၆၇၇ ဒသမ ၈၇၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရုစ်နိုင်ငံမှ ၂၀၉၀ တန်၊ တရုတ်နိုင်ငံ မှ ၂၇၁၄ ဒသမ ၂၈၇ တန်၊ ဂျာမနီနိုင်ငံမှ ၁၁၁၂ ဒသမ ၇ တန်၊ နော်ဝေနိုင်ငံမှ ၁၉၉ ဒသမ ၁၆ တန်၊ ရုရှားနိုင်ငံမှ ၁၀၉၉ ဒသမ ၈ တန်၊ ဆော်ဒီနိုင်ငံမှ ၄၇၇ ဒသမ ၂၈ တန်နဲ့ ထိုင်းနိုင်ငံမှ ၁၉၈၄ ဒသမ ၆၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာပိုတက်၊ အာမို၊ ယူရီးယား၊ ကွန်ပေါင်း(၉၁၅း၁၅း၁၅)၊ အော်ဂဲနစ်၊ အမိုးနီးယမ်းဆာလဖိတ်နဲ့ဓာတ်ဆားတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၃၈၈၇၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၂၉၁၀၀ ကျော် တင်သွင်းမှု လျော့နည်း ခဲ့တယ်လို့ သိရပါတယ်။ ဒီအချိန်က ရာသီစိုက်ပျိုးချိန်ဖြစ်တာကြောင့် မြေသြဇာများ တင်သွင်းမှုများပြားတယ်လို့ သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

မေလ ၂၆ ရက်မှ ဇွန်လ ၁ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၄၂၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန်၃၂၁၃၀ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၇၈၁၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ မကွေး၊ မန္တလေးနဲ့ တောင်ကြီးမှာအရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ပုလဲ-အသေး (ရွှေတုံး၊ရွှေပျား-တရုတ်)နဲ့ ကွန်ပေါင်း(၁၅)ပတ်လည်(ပန်းရောင်)ကအသုံးနည်းလို့ ဈေးကွက်ထဲမဝင်တော့ဘူးလို့ သိရပါတယ်။ဒီတစ်ပတ် ပုလဲ-အသေး(ရွှေတောင်-တရုတ်)က ကျပ် ၁၀၀၀ နဲ့ ကွန်ပေါင်း (၁၆း၁၆း၈)က ကျပ် ၁၅၀၀ ဈေးမြင့်ပြီး တီစူပါ၄၆%က ကျပ် ၅၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၆၀၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၂း၁၃(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ဒီအချိန်မှာယူရီးယား-ပုလဲနဲ့ မြားကမ္ဘာက အသုံးများတာကြောင့် အရောင်းသွက်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်)ကျပ် ၂၆၅၀၀၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၅၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၁၇၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၇၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက် (တရုတ်) ကျပ် ၂၃၆၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၃၀၀၀၊ မြားကမ္ဘာကျပ် ၁၆၃၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ်ပါးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဆင်(၁၀း၁၀း၅)ကျပ် ၄၀၀၊ သီးစုံ (ဝါစိမ်းပြာ)နဲ့ မြားကမ္ဘာကျပ် ၂၀၀၊ တီစူပါ ကျပ်၃၀၀နဲ့ တောင်သူမ ကျပ်၁၀၀ ဈေးကျပြီး ဇာမဏီကျပ် ၂၀၀ ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးနဲ့ အရောင်း အဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၇၄၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင် -တရုတ်) ကျပ် ၂၅၈၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ကျပ်၁၈၂၀၀၊ မြားကမ္ဘာ (၁၅း၇း၈)ကျပ် ၂၀၀၀၀၊ တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီးဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာယူရီးယား(ရွှေတောင် -တရုတ်) ကျပ် ၂၅၄၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၅၀၀၊ တီစူပါ (၄၆%တရုတ်)ကျပ် ၂၂၅၀၀၊ မြားသီးစုံ ကျပ် ၁၅၅၀၀၊ ပန်းသီးစုံ ကျပ် ၁၆၂၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀၊ ပိုတက် ကျပ် ၂၃၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီတန်ချိန် ၅၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၃၀၀ နီးပါးဝင်

မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်အထိသီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၅၃၈၀၀ တန်ဖိုးရှိ နို့ဆီ ၅၄၉ ဒသမ ၂၈၈ တန်ကို ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ မလေးရှားနိုင်ငံမှ ၃၃၀ ဒသမ၄၀၈ တန်နဲ့ စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အိုကေနို့ဆီနဲ့ အခြားတံဆိပ်များ ဝင်ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၂၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၈၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

အမေရိကန်ဒေါ်လာ ၈၉၇၇၅၄ တန်ဖိုးရှိ နို့မှုန့် ၂၇၈ ဒသမ ၃၇၅ တန်ကို ရေကြောင်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့်တန်ချိန် ၁၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၁၅၀ကျော် တင်သွင်းမှုပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၅ မှ ၂၅/၅ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၂/၅ မှ ၁၈/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၇.၅၀ | - | (+) | ၃၇.၅၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၁၈၅၆.၀၀ | ၁၆၅၂.၀၀ | (+) | ၂၀၄.၀၀ |
| ၅။ | တာချီလိတ် | ၄၉၅၀.၀၀ | ၆၁၀၀.၀၀ | (-) | ၁၁၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၂၀၀.၀၀ | (-) | ၂၀၀.၀၀ |
| ၈။ | မြိတ် | ၃၁၅၀.၀၀ | ၃၀၃၀.၀၀ | (+) | ၁၂၀.၀၀ |
| | စုစုပေါင်း | ၉၉၉၃.၅၀ | ၁၀၉၈၂.၀၀ | (-) | ၉၈၈.၅၀ |

မော်မော်အောင်

## ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၆/၅ မှ ၁/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၉/၅ မှ ၂၅/၅ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၅၁၇.၅၀ | ၁၈၇၈၀.၁၀ | (-) | ၃၂၆၂.၆၀ |
| ၂။ | လွယ်ဂျယ် | ၅၄၇.၀၀ | ၁၀၃၄.၀၀ | (-) | ၄၈၇.၀၀ |
| ၃။ | ချင်းရွှေဟော် | ၂၂၆၃.၅၀ | ၁၉၇၅.၇၅ | (+) | ၂၈၇.၇၅ |
| ၄။ | ကန်ပိုက်တီ | ၇၆၀.၀၀ | ၁၈၃၅.၀၀ | (-) | ၁၀၇၅.၀၀ |
| ၅။ | မြဝတီ | ၃၆၀၁.၇၇ | ၆၆၂၉.၀၀ | (-) | ၃၀၂၇.၂၃ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၁၅၀၀.၀၀ | ၁၇၀၀.၀၀ | (-) | ၂၀၀.၀၀ |
| ၉။ | တမူး | ၅၀.၀၀ | ၁၇၉.၀၀ | (-) | ၁၂၉.၀၀ |
| | စုစုပေါင်း | ၂၄၂၃၉.၇၇ | ၃၂၁၃၂.၈၅ | (-) | ၇၈၉၃.၀၈ |

ဇော်ဝင်း

## နှမ်း

# ပြည်နှမ်းနီဈေးမြင့်လို့ ဆီးဈေးမြင့်ပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်တွင် နှမ်းနီနှင့်စမုံနက်နှမ်း ဈေးမြင့်လာပြီး နှမ်းနက်ဈေးကျလာတာ တွေ့ရပါတယ်။ မိုးနှမ်းများ စိုက်ပျိုးနေချိန်ဖြစ်လို့ ဈေးကွက်သို့ နှမ်းဝင်ရောက်မှုမရှိဘဲ လှောင်နှမ်းများဖြင့်သာ အရောင်းအဝယ်ဖြစ်ပြီး နှမ်းနက်ကို ဝယ်ယူမှုမရှိဘဲ စမုံနက်နှမ်းနှင့်နှမ်းနီကို ဝယ်ယူမှုရှိတာတွေ့ရပါတယ်။ ဈေးကွက်တွင် နှမ်းနီမှာ မရှိသလောက် ရှားပါးသွားသဖြင့် ဆီစက်သမားအချို့မှာ ပေါက်ခေါင်းနှင့်ပေါင်းတည်ဘက်သို့ သွားရောက်ဝယ်ယူပြီး ဆီကြိတ်ရတာဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်တွင် နှမ်းနက်လက်ကျန် မရှိပေမယ့် ဆီ ကြိတ်လျှင် အထွက်နည်းခြင်း၊ အရသာမှာ သက်ခြင်းတို့ကြောင့် ဆီစက်သမားများက မနှစ်သက်ကြကြောင်းသိရပါတယ်။

ယခုတစ်ပတ် နှမ်းနီဈေးမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် လက်ကျန်ရှားပြီး အဝယ်များလို့ ယခင်အပတ်ထက် ဈေးမြင့်တက်လာပြီး နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀ ဖြစ်လာပြီး အဝယ်မရှိလို့ ဈေးကျလာပေမယ့် စမုံနက်နှမ်းမှာ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၇၀၀၀ ဖြင့် အဝယ်မရှိပေမယ့် ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာလည်း နှမ်းနီဈေးမြင့်လို့ တစ်ပိဿာလျှင် ကျပ် ၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ **ဝေဝေမင်း(ပြည်)**

## မြေပဲဆန်

# ဝင်ရောက်မှုရှိနေသေးပေမယ့် ဝယ်လက်များကြောင့် ပြည်မြေပဲဆန် အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်သို့ ရခိုင် ပြည်နယ်၊ မာန်အောင်၊ ကျောက်ဖြူ တောင်ကုတ်နှင့်မင်းတုန်းဘက်မှ တစ်နေ့လျှင် အိတ် ၅၀၀-၆၀၀ ခန့်အထိ ဝင်ရောက်မှုရှိနေပေမယ့် မိုးရွာတဲ့ရက်တွေဆိုလျှင် အဝင်မရှိတာတွေ့ရပါတယ်။ ဆီဆန်ကို မြို့တွင်းဆီစက်နှင့် ရန်ကုန်ဆီစက်များက အဝယ်ရှိပြီး လုံးဆန်(အဖြူ)ကို ရန်ကုန်ဆီစက်နှင့်လုံးဆန်(အနီ)ကို မြေပဲလှော်ဖိုနှင့် အကြော်ဖိုများက ဝယ်ယူမှုရှိသဖြင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်တာ တွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးမှာ ဆီဆန် တစ်ပိဿာလျှင် ကျပ် ၂၁၀၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀နှင့်လုံးဆန် (အနီ) တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် တစ်နေ့လျှင် အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ပေမယ့် မိုးရွာတဲ့နေ့ဆိုလျှင် အရောင်းအဝယ်မဖြစ်တာ တွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ

# အိန္ဒိယမှ စားသုံးဆီများတင်ပို့မှုကို အခွန်တိုးမြှင့်လိုက်၍ မလေးရှားစားအုန်းဆီဈေး အနည်းငယ်လှုပ်ရှား



အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်မှုဘုတ်အဖွဲ့တွင် ပဲပုပ်ဆီကြိုရောင်းဈေး မြင့်တက်လာမှုနှင့် အိန္ဒိယနိုင်ငံမှ စားသုံးဆီတင်သွင်းမှုအတွက် အခွန်တိုးမြှင့်မည့် အစီအမံတို့ကြောင့် တစ်လအတွင်း အနိမ့်ဆုံးဈေးသို့ ကျဆင်းနေသော မလေးရှား စားအုန်းဆီဈေးသည် လှုပ်ခတ်မှုများ ရှိလာကြောင်းသိရသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဩဂုတ်လအတွက် စားအုန်းဆီကြိုရောင်းဈေး၏အခြေခံဈေးနှုန်းမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၄၁ ရှိခဲ့ပြီး ဇွန် ၆ ရက်တွင် စားအုန်းဆီ ကုန်သွယ်မှုမှာ ၂၅ တန်တွဲပေါင်း ၈၂၇၄ တွဲရှိခဲ့သည်။

"ချီကာဂိုရဲ့ ပဲပုပ်ဈေး မာလာတာကြောင့် စားအုန်းဆီဈေးကို မြင့်လာအောင် ကူညီပေးနေတယ်။ အိန္ဒိယကလည်း စားသုံးဆီသွင်းတဲ့အပေါ် အခွန်တိုးမယ်ဆိုတာကြောင့် ဈေးတက်လာတာပါ"ဟု ကွာလာလမ်ပူမှ စားအုန်းဆီကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးက ပြောသည်။ ဇွန် ၆ရက်က ချီကာဂိုကုန်သွယ်မှု ဘုတ်အဖွဲ့တွင် ပဲပုပ်ဆီဈေးမှာ သုည ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

အိန္ဒိယနိုင်ငံသည် လောလောဆယ်တွင် ပဲပုပ်ဆီအပေါ် သွင်းကုန်အခွန် ၃၀ ရာခိုင်နှုန်းနှင့်နေကြာဆီနှင့် ပန်းမုန်ညင်းဆီအပေါ် သွင်းကုန်အခွန်၂၅ရာခိုင်နှုန်းကောက်ခံနေပြီး စားအုန်းဆီကြမ်းနှင့် စားအုန်းဆီသန့်အပေါ်ကိုမူ ၄၄ ရာခိုင်နှုန်းနှင့် ၅၄ ရာခိုင်နှုန်း အသီးသီး ကောက်ခံနေကြောင်းသိရသည်။ အဆိုပါ အခွန်နှုန်းထားများကို ပြောင်းလဲ၍ ပိုမိုတိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်းကို ဇွန် ၅ ရက်တွင် အိန္ဒိယက ကြေညာခဲ့သည်။

ကမ္ဘာ့ဟင်းသီးဟင်းရွက်ဆီဈေးကွက်တွင် စားအုန်းဆီသည် ပြိုင်ဖက်ဆီများနှင့်ဈေးကွက်ဝေစုရရေး အစဉ်ပြိုင်ဆိုင်နေကြရသည်။ မလေးရှား၏စားအုန်းဆီတင်ပို့မှုသည် မေလတွင် ၈ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး လေ့လာသုံးသပ်သူများ၏ တွေ့ရှိချက်အရ ဧပြီလက ၉ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်ဟုဆိုသည်။ ကမ္ဘာ့ထိပ်တန်း စားအုန်းဆီတင်ပို့သည့် နိုင်ငံတစ်ခုဖြစ်သော အင်ဒိုနီးရှားနိုင်ငံကမူ ဧပြီလတွင် စားအုန်းဆီတင်ပို့မှု ၁၃ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းတွေ့ရသည်။

စားအုန်းဆီဈေးသည် တစ်တန်လျှင် ၂၄၀၈ ရင်းဂစ်သို့ ရောက်နိုင်သော်လည်း ၂၃၆၄ ရင်းဂစ်သို့ ပြန်လည်ကျဆင်းသွားနိုင်ကြောင်း ရိုက်တာသတင်းဌာနမှ ဈေးကွက်စိစစ်ရေးမှူး ဝမ်တောင်းက ခန့်မှန်းထားသည်။

**ခင်လေးယု**

## ပြည်တွင်းဆီဈေးနှုန်းများ (၈-၆-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၆၀၀ | □ | ၁၉၀၀ | ၂၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၈၀၀ | ၄၅၀၀ | ▽ | ၅၅၀၀ | ၅၄၀၀ | □ | ၂၀၀၀ | ၁၇၅၀ | ▽ |
| မုံရွာ | ၄၅၀၀ | ၄၄၀၀ | ▽ | ၄၅၀၀ | ၄၄၀၀ | □ | ၁၇၈၀ | ၁၇၅၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၈-၆-၂၀၁၈ US$/Ton

| အမျိုးအစား | မေလစတုတ္ထပတ် | ဇွန်လပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၃၇.၅၀ | ၆၂၄.၅၀ | ▽ |
| RBD P.Olein | ၆၃၈.၅၀ | ၆၂၇.၀၀ | ▽ |
| RBD P.Stearin | ၆၂၄.၀၀ | ၆၁၃.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၈-၆-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၇၁.၂၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၃၆ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၉၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၀.၈၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၈.၀၃ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၁၁.၅၁၅ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၈-၆-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၆၅ ဒေါ်လာနှင့် USD ဈေး ၁၃၅၄ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၈-၆-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၅၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အာဆီယံစီးပွားရေးတိုးတက်မှုကို နှေးကွေးစေနိုင်သည့် အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ

**သိန်းမြင့်ဝေ**

အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) သည် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ကြားတွင် ဖြစ်ပွားလျက်ရှိသော ကုန်သွယ်ရေးစစ်ပွဲ (Trade war) ကို မလိုလားပါကြောင်း၊ နှစ်နိုင်ငံစလုံးအနေဖြင့် ကိုယ်ကျိုးစီးပွားကာကွယ်သည့် ကုန်သွယ်ရေးမူဝါဒ (Protectionism) ကို မကျင့်သုံးဘဲ လွတ်လပ်သော ကုန်သွယ်ရေး (Free trade) ကို ဦးစားပေးစေလိုပါကြောင်း ပြောကြားလိုက်သည်။ ၂၀၁၈ ခုနှစ်၊ ဧပြီလ နောက်ဆုံးပတ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၃၂) ကြိမ်မြောက် အာဆီယံထပ်သီးအစည်းအဝေးတွင် ထိုကဲ့သို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးမားဆုံးနိုင်ငံ နှစ်နိုင်ငံကြားတွင် ဖြစ်ပွားနေသော ကုန်သွယ်ရေးစစ်ပွဲ၏ ရိုက်ခတ်နိုင်ချေများကို အာဆီယံခေါင်းဆောင်များက သတိထားလျက်ရှိသည်။ ထို့ပြင်အဆိုပါ နှစ်နိုင်ငံအနေဖြင့် ဤပြဿနာကို ကောင်းမွန်စွာ ကိုင်တွယ်ဖြေရှင်းကြမည်ဖြစ်ကြောင်းလည်း အာဆီယံခေါင်းဆောင်များက သိရှိထားပါသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် အကောက်ခွန်များကို တိုးမြှင့်ကောက်ခံခြင်းအားဖြင့် စီးပွားရေးအရ အပြန်အလှန်တိုက်ခိုက်ခြိမ်းခြောက်လျက်ရှိသည်။ ဤကဲ့သို့ ဖြစ်ပွားနေခြင်းသည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကို စိန်ခေါ်လျက်ရှိသော ပထဝီဝင်နိုင်ငံရေး (Geopolitical dynamics) နှင့်လည်း ဆက်နွယ်နေကြောင်း တွေ့ရှိရသည်။

## ကုန်သွယ်ရေးမိတ်ဖက်နှင့် နိုင်ငံရေးမဟာမိတ်

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့သည် အရှေ့တောင်အာရှဒေသအတွက် စီးပွားရေးအရလည်းကောင်း၊ နိုင်ငံရေးအရလည်းကောင်း အရေးပါလျက်ရှိသည်။ ထို့ကြောင့် အဆိုပါအင်အားကြီး နှစ်နိုင်ငံကြားတွင် ဖြစ်ပွားလျက်ရှိသော ကုန်သွယ်ရေးပဋိပက္ခက အာဆီယံ၏ ကြီးကျယ်ခမ်းနားသည့် စီးပွားရေးအသိုက်အဝန်း တည်ထောင်နေမှု အရှိန်အဟုန်ကို ရပ်တန့်နှေးကွေးသွားစေနိုင်သည်။

တရုတ်နိုင်ငံသည် အာဆီယံ၏ အကြီးဆုံးသောကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုဒေသ (Asean-China Free Trade Area) သည် ကမ္ဘာ့အကြီးဆုံးသော ကုန်သွယ်မှုဒေသဖြစ်သည်။ အာဆီယံ-တရုတ်ဈေးကွက်သည် လူဦးရေ ၁ ဒသမ ၉ ဘီလျံရှိပြီး ၂၀၁၁ ခုနှစ်တွင် စုစုပေါင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ထရီလီယံရှိသည်။ အာဆီယံမှ တရုတ်သို့ အများဆုံးတင်ပို့သော ကုန်ပစ္စည်းများမှာ လျှပ်စစ်ပစ္စည်း၊ ကွန်ပျူတာနှင့်စက်ပစ္စည်း၊ စက်ဆီ၊ ချောဆီနှင့် ရေနံထွက်ပစ္စည်းများ၊ အော်ဂဲနစ်ဓာတုပစ္စည်းများ၊ စားသုံးဆီနှင့် ရော်ဘာတို့ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံ-တရုတ် ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၄၆ ဘီလျံနီးပါးရှိပြီး အာဆီယံ၏ စုစုပေါင်းကုန်သွယ်မှု တန်ဖိုး၏



၁၅ ဒသမ ၂ ရာခိုင်နှုန်းရှိပါသည်။

အမေရိကန်သည် အာဆီယံ၏ စတုတ္ထအကြီးမားဆုံးသော ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် အာဆီယံနှင့် အမေရိကန်ကုန်သွယ်ခဲ့သောတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၃၄ ဘီလျံရှိပြီး အာဆီယံ၏ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး၏ ၉ ဒသမ ၄ ရာခိုင်နှုန်းရှိပါသည်။ အာဆီယံမှ အမေရိကန်သို့ တင်ပို့သော ကုန်စည်အများစုမှာ လျှပ်စစ်ပစ္စည်း၊ ကွန်ပျူတာနှင့် စက်ပစ္စည်း၊ ဇာထိုးနှင့် ချည်ထည်အဝတ်အစားအပြင် ရော်ဘာတို့ဖြစ်သည်။ အမေရိကန်မှ အာဆီယံသို့ တင်ပို့သောကုန်စည်အများစုမှာ လေယာဉ်၊ လောင်စာဆီ၊ စက်သုံးဆီ၊ မျက်မှန်နှင့် ဆေးဝါးပစ္စည်းများဖြစ်သည်။

ထို့ကြောင့် အာဆီယံခေါင်းဆောင်များသည် အမေရိကန်နှင့် တရုတ်ကြားဖြစ်ပွားနေသော ကုန်သွယ်ရေးစစ်ပွဲကို အာရုံစိုက်လျက်ရှိသည်။ ထို့ပြင် အာဆီယံခေါင်းဆောင်များသည် အမေရိကန်နှင့် တရုတ်နိုင်ငံတို့အား လက်ရှိအကောက်ခွန်နှုန်းထားသစ်များကို လျှော့ချရေးနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု စည်းမျဉ်းစည်းကမ်းများ လေးစားလိုက်နာရေးကိုလည်း တိုက်တွန်းခဲ့သည်။ အထူးသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ချမှတ်ထားသော နိုင်ငံစုံကုန်သွယ်မှုစနစ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာစေပြီး လက်ရှိပြဿနာကို ဖြေရှင်းရန် တိုက်တွန်းခဲ့ကြသည်။ အာဆီယံသည် ဤပြဿနာကို အာရုံစိုက်စောင့်ကြည့်လျက်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်နှင့် တရုတ်နိုင်ငံတို့သည် အာဆီယံ၏ ကုန်သွယ်ရေးမိတ်ဖက်များ (Trading Partners) သာမက နိုင်ငံရေးမဟာမိတ်များ (Political allies) လည်းဖြစ်သောကြောင့် ဖြစ်ပါသည်။

## ကုန်သွယ်ရေးစစ်ပွဲ၏ ဆိုးကျိုးများ

အရှေ့တောင်အာရှဒေသ၏ စီးပွားရေးတိုးတက်မှုကို ရိုက်ခတ်နိုင်သောကြောင့် အမေရိကန်နှင့် တရုတ်ကြား စီးပွားဆက်ဆံရေးမပြေလည်မှုကို အာဆီယံခေါင်းဆောင်များက ဝိုင်းဝန်းအဖြေရှာလျက်ရှိပါသည်။ အထူးသဖြင့် အာဆီယံသည် တရုတ်နိုင်ငံအပါအဝင် နိုင်ငံ ခြောက်နိုင်ငံနှင့် ကုန်သွယ်ရေးပေါင်းစည်းမှုကို အရှိန်မြှင့်တင် ဆောင်ရွက်နေသောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံ ၁၆ နိုင်ငံပါဝင်သော ဒေသဆိုင်ရာဘက်စုံစီးပွားရေးပူးပေါင်းမှု (Regional Comprehensive Economic Partnership-RCEP) ကို အကောင်အထည်ဖော်ရန် ကြိုးစားနေခြင်းကြောင့်ဖြစ်သည်။

ထိုမျှသာမက ဖိလစ်ပိုင်အပါအဝင် အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများက အမေရိကန်ပြည်ထောင်စုနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များထားရှိပြီး အခွင့်အရေးများရယူရန်ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံကြီး နှစ်နိုင်ငံကြား ကုန်သွယ်ရေးစစ်ပွဲ၏ ဆိုးကျိုးများအဖြစ် စီးပွားရေးတုံ့နှေးခြင်း၊ ပို့ကုန်ပမာဏကျဆင်းခြင်း၊ အရောင်းအဝယ်ပြုလုပ်သည့်စရိတ် ကြီးမြင့်ခြင်းနှင့် အလုပ်အကိုင်ရရှိမှု ကျဆင်းခြင်းတို့ကို တွေ့မြင်လာပါမည်။ "ဒီစစ်ပွဲက အာဆီယံဒေသတစ်ခုလုံးရဲ့ စီးပွားရေးတိုးတက်နေတဲ့ အရှိန်ကို ပြိုကွဲပျက်စီးစေနိုင်ပါတယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းရဲ့ တိုးတက်မှုကိုလည်း တားဆီးပိတ်ပင်ရာ ရောက်ပါတယ်။ အာဆီယံဟာ ပို့ကုန်ကိုအားထားနေရတဲ့ ဒေသဖြစ်ပါတယ်။ အာဆီယံရဲ့ ရေရှည်တိုးတက်မှုဟာလည်း ကမ္ဘာတစ်ဝန်းချိတ်ဆက်မှုတွေနဲ့ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးပြောင်းလဲမှုကွင်းဆက် (Global value chain) အပေါ်မှာအများကြီးမှီခိုနေပါတယ်"ဟူ၍ ဖိလစ်ပိုင်နိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဦးစီးဌာန၊ ဒေသဆိုင်ရာဆက်ဆံရေးဌာနခွဲမှူး Myrene C.Bedano က ပြောကြားပါသည်။

အမေရိကန်သမ္မတ Donald J. Trump က သံမဏိနှင့် အလူမီနီယံ သွင်းကုန်များအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံရာမှ ကုန်သွယ်ရေးစစ်ပွဲမီးပွား စတင်လွင့်စင်လာခြင်းဖြစ်သည်။ ဤအချက်က အမေရိကန်သမ္မတ၏ ကိုယ်ကျိုးစီးပွားကာကွယ်သည့် ရပ်တည်ချက်ကို ပိုမိုခိုင်မာအားကောင်းစေခဲ့သည်။ အမေရိကန်သမ္မတက သံမဏိတင်သွင်းမှုအပေါ် ၂၅ ရာခိုင်နှုန်းနှင့် အလူမီနီယံတင်သွင်းမှုအပေါ် ၁၀ ရာခိုင်နှုန်း ကောက်ခံရန်အတည်ပြုခဲ့သည်။ ဤပေါ်လစီက ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးကို ဆိုးကျိုး (Adverse effect) သက်ရောက်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့သံမဏိအများဆုံး တင်သွင်းသော နိုင်ငံဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စုသည် ၂၀၁၆ ခုနှစ်တွင် ကမ္ဘာ့စုစုပေါင်း သံမဏိတင်သွင်းမှုတန်ဖိုး၏ ၈ ရာခိုင်နှုန်းခန့်တင်သွင်းခဲ့သည်။ သံမဏိတင်သွင်းမှုပမာဏအရ ကမ္ဘာ့ဒုတိယနှင့် တတိယအများဆုံး တင်သွင်းနေသော ဂျာမဏီနှင့် တောင်ကိုရီးယားနိုင်ငံတို့ထက် ၁၅ ရာခိုင်နှုန်းကျော် ပိုမိုတင်သွင်းလျက်ရှိပါသည်။

ထို့ကြောင့် ၂၀၁၈ ခုနှစ်၊ ဧပြီလဆန်းပိုင်းတွင် တရုတ်နိုင်ငံက အမေရိကန်နိုင်ငံကို လက်တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ထုတ်ကုန် ၁၀၆ မျိုးအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်းကြေညာခဲ့သည်။ တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံထံမှ နှစ်စဉ်ဝယ်ယူတင်သွင်းနေသော အမေရိကန်ထုတ်ကုန်များ၏ တန်ဖိုးစုစုပေါင်း ဒေါ်လာ ၅၀ ဘီလျံဖိုးအပေါ် အကောက်ခွန်တိုးမြှင့်ကောက်ခံရန် ရည်ရွယ်ထားသည်။

ထို့ပြင် အာရှတိုက်၏ စီးပွားရေးအင်အားကြီးဖြစ်သော တရုတ်နိုင်ငံသည် အမေရိကန်၏ သံမဏိနှင့် အလူမီနီယံထုတ်ကုန်များအပေါ် အကောက်ခွန်တိုးမြှင့်ခြင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ထံ တင်ပြထားသည်။ ထိုကဲ့သို့ ကောက်ခံခြင်းသည် ၁၉၉၄ ခုနှစ် ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ သဘောတူညီချက် (General Agreement on Tariffs and Trade of 1994) ကိုလည်းကောင်း၊ သွင်းကုန်များ၏ ရိုက်ခတ်မှုဒဏ်ကို ကာကွယ်သည့် သဘောတူညီချက် (Agreement on Safeguards) ကိုလည်းကောင်း ချိုးဖောက်ခြင်းဖြစ်ကြောင်း တရုတ်က အမေရိကန်ကို စွပ်စွဲထားသည်။

အာဆီယံခေါင်းဆောင်များသည် အမေရိကန်-တရုတ် ကုန်သွယ်ရေးပဋိပက္ခအပြင် RCEP ဟူသော ဒေသဆိုင်ရာပေါင်းစည်းမှု ပိုမိုတိုးတက်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ RCEP သည် ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်နှင့် တောင်ကိုရီးယားတို့ ပါဝင်ပြီး အာဆီယံက ဦးဆောင်သည့် ဒေသဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ဖြစ်သည်။ RCEP သည် အာဆီယံနှင့် ဖော်ပြပါ ခြောက်နိုင်ငံကြား လွတ်လပ်သောကုန်သွယ်ရေး (Bilateral FTA) ကို ပိုမိုမြှင့်တင်ရန် ရည်ရွယ်သည်။ ၂၀၁၆ ခုနှစ်တွင် RCEP နိုင်ငံများ၏ စုစုပေါင်းလူဦးရေမှာ ၃ ဒသမ ၅၃ ဘီလျံရှိပြီး စုစုပေါင်း GDP မှာ အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၈ ထရီလီယံရှိလျက် လူတစ်ဦးချင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၇၅၉ ဒေါ်လာ ရှိပါသည်။

(၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စိန်ခေါ်မှုနှင့် ဘေးအန္တရာယ်များကို တုံ့ပြန်နိုင်စွမ်း (Resiliency) နှင့် ဆန်းသစ်ပြောင်းလဲမှု (Innovation) တို့ကို အလေးထား ဆွေးနွေးခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ကမ္ဘာကြီးသည် နိုင်ငံရေးနှင့် စီးပွားရေး စိန်ခေါ်မှုသစ်များကို ရင်ဆိုင်နေရသည့်ကာလဖြစ်သောကြောင့် ဖြစ်ပါသည်။

Soruce:businessmirror

# မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

## ရေနံထုတ်လုပ်မှုပမာဏ ပြန်လည်အားကောင်းလာစေရေး ဆော်ဒီနှင့် ရုရှားတို့ကဆွေးနွေးသည့်သတင်းကြောင့် ရေနံစိမ်းဈေးနှုန်းများကျဆင်းလာ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အီရန်အပေါ် ပိတ်ဆို့မှုများ အသစ်ပြန်လည်ချမှတ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက်နှင့် ဗင်နီဇွဲလားနိုင်ငံ၏ ရေနံထွက်ရှိမှုပမာဏ ကျဆင်းလာခြင်းတို့ကြောင့် မေလအစောပိုင်းတွင် ရေနံစိမ်းဈေးနှုန်းမှာ သုံးနှစ်ခွဲအတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါသည်။

ယခုအခါ ဆော်ဒီအာရေဗျနှင့် ရုရှားတို့က သုံးစွဲသူများ၏ စိုးရိမ်မှုများကို ဖြေလျှော့ပေးရန်အတွက် ၎င်းတို့အနေဖြင့် ရေနံထုတ်လုပ်မှုပမာဏကို ပြန်လည်သုံးသပ်ရန် ဆွေးနွေးနေကြောင်း ပြောကြားပြီးနောက်တွင် ရေနံဈေးနှုန်းမှာ လေးလနီးပါးအတွင်း အနိမ့်ဆုံးသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ ပြီးခဲ့သည့်တစ်ပတ်တွင် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ နီးပါးဖြင့် ရောင်းဝယ်နေရာမှ မေ ၂၈ ရက်တွင်တစ်စည်ကိုအမေရိကန်ဒေါ်လာ ၇၅ ဒေါ်လာနီးပါးသို့ ၃ ဒသမ ၁ ရာခိုင်နှုန်းထိုးကျလာခဲ့ကြောင်း၊ ဆော်ဒီနှင့် ရုရှားတို့က ၎င်းတို့ရပ်နားထားသည့် ရေနံတွင်းအချို့ကို ပြန်လည်ထုတ်လုပ်ရန် အရိပ်အယောင် ပြနေသော်လည်း အချို့သော ရေနံထုတ်သည့်နိုင်ငံများက ဆန့်ကျင်မှုများ ရှိနေသေးရာ Vienna တွင် ပြုလုပ်မည့် ဆွေးနွေးပွဲ၌ သဘောတူညီချက် ရ/မရမှာ မသေချာသေးကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဇွန်လဆွေးနွေးပွဲတွင် ရေနံထုတ်လုပ်မှု လျှော့ချခြင်းအား ဒီဇင်ဘာအထိ ဆက်လက်ထားရှိရန် OPEC နှင့် ၎င်း၏မိတ်ဖက်နိုင်ငံများက ဆုံးဖြတ်ပြီး ရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်စိတ်များအား ဖြေလျှော့စေမည်ဆိုပါက ရေနံစိမ်းဈေးမှာ ပြန်လည်မြင့်တက်လာဖွယ်ရှိသည်ဟု Rakuten Securities Inc မှ ပညာရှင်ဖြစ်သူ Satoru Yoshida ကပြောကြားထားကြောင်း သိရှိရသည်။

ဆော်ဒီစွမ်းအင်ဝန်ကြီး Khalid AI-Falih က ပြောကြားရာ၌ OPEC နှင့် မိတ်ဖက်နိုင်ငံများသည် ရေနံထုတ်လုပ်မှုအား ဒုတိယနှစ်ဝက်တွင်မှ တဖြည်းဖြည်း တိုးမြှင့်နိုင်ဖွယ်ရှိကြောင်း၊ ရုရှားသမ္မတပူတင်က ပြောကြားရာ၌ ရေနံစိမ်းဈေးနှုန်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၀ နှုန်းမှာ ၎င်းတို့အတွက် ရာနှုန်းပြည့်အဆင်ပြေပြီး ရေနံဈေးနှုန်း တလိမ့်လိမ့်တက်နေခြင်းကိုလည်း ရုရှားအနေဖြင့် မလိုလားကြောင်း၊ ရေနံဈေးနှုန်းမှာ သင့်တင့်သည့် နှုန်းထားတစ်ခုထက် မြင့်တက်နေပါက သုံးစွဲသူများအတွက် အဆင်မပြေမှုများဖြစ်လာနိုင်ပြီး ယင်းအခြေအနေသည် ထုတ်လုပ်သူများအတွက်လည်း မကောင်းမွန်ကြောင်း၊ OPEC နှင့် ရုရှားသည် လက်ရှိထုတ်လုပ်မှုပမာဏကန့်သတ်ချက်အား ဆက်ထားရန် စီစဉ်ထားခြင်းမရှိဟု ပြောကြားထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## စာရင်းရှင်းတမ်းများ ပေးပို့တင်ပြခြင်းမရှိသည့် နောက်ထပ်ကုမ္ပဏီပေါင်း ၂ ဒသမ ၂၅ သိန်းခန့်သို့ အိန္ဒိယအစိုးရက သတိပေးစာပေးပို့မည်

အမည်ခံကုမ္ပဏီများအား တိုက်ဖျက်ရန် ရည်ရွယ်ချက်ဖြင့် အိန္ဒိယ ကော်ပိုရိတ်ရေးရာဝန်ကြီးဌာနသည် ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များအတွက် စာရင်းရှင်းတမ်းများအား သတ်မှတ်ကာလအတွင်း ပေးပို့တင်ပြခြင်းမရှိသည့် နောက်ထပ်ကုမ္ပဏီပေါင်း ၂ ဒသမ ၂၅ သိန်းခန့်သို့သတိပေးစာများပေးပို့ရန်စီစဉ်နေကြောင်း၊ သတိပေးစာပေးပို့ပြီးသည့်တိုင် သတ်မှတ်ရက်အတွင်း ပေးပို့တင်ပြရန် ဆက်လက်ပျက်ကွက်သည့် ကုမ္ပဏီများကို နောက်ထပ်လအနည်းငယ်အတွင်း မှတ်ပုံတင်ပယ်ဖျက်ကြောင်း ကြေညာခြင်းဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ ကုမ္ပဏီအက်ဥပဒေအရ ကုမ္ပဏီများအနေဖြင့် သတ်မှတ်ထားသည့် အချက်အလက်များ၊ စာရွက်စာတမ်းများကို ကော်ပိုရိတ်ဝန်ကြီးဌာနသို့ ပေးပို့တင်ပြရန် ပျက်ကွက်ပါက အဆိုပါကုမ္ပဏီများ၏ မှတ်ပုံတင်အား ပယ်ဖျက်နိုင်ပြီး ယင်းကုမ္ပဏီ၏ ဒါရိုက်တာများကို လည်း ဒါရိုက်တာဘုတ်အဖွဲ့ဝင် အရည်အချင်းနှင့် ပြည့်မီခြင်းမရှိသည့် စာရင်းတွင် ထည့်သွင်းသတ်မှတ်ကြေညာနိုင်ကြောင်း သိရှိရပါသည်။

အိန္ဒိယအစိုးရသည် အမည်ခံကုမ္ပဏီများအား တိုက်ဖျက်ရန်ရည်ရွယ်ချက်ဖြင့် ပြီးခဲ့သည့်နှစ်တွင်လည်း သတ်မှတ်စာရင်းဇယားများ တင်ပြရန်ပျက်ကွက်သည့် ကုမ္ပဏီပေါင်း ၂ ဒသမ ၂၆ သိန်းခန့် အား မှတ်ပုံတင်ဖျက်သိမ်းခဲ့ပြီး ၎င်းကုမ္ပဏီများ၏ဒါရိုက်တာပေါင်း ၃ ဒသမ ၁ သိန်း ကိုလည်း Disqualification စာရင်းသို့ ထည့်သွင်းကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအကြိမ်သည် ဒုတိယမြောက်ဖြစ်ပြီး အဆိုပါကုမ္ပဏီများနှင့်ဆက်စပ်သည့် အချက်အလက်များကို အခွန်ဦးစီးဌာနက ပိုမိုစိစစ်ရှာဖွေထားပြီးဖြစ်ကြောင်း၊ ယင်းတို့အနက်အများစုမှာ Demonetisation ကာလတွင် ငွေအလုံးအရင်းဖြင့် အပ်နှံခဲ့သည့် အထောက်အထားများကို တွေ့ရှိထားပြီး အလွှာအသီးသီးမှတစ်ဆင့် ငွေသားပေးချေမှုများအသုံးပြု၍ ဘဏ္ဍာငွေများ ဖြန့်ခွဲစီးဆင်းထားသည့် အထောက်အထားများကိုလည်း တွေ့ရှိထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

## ၂၀၁၈ ခုနှစ်အတွင်းလောင်စာဆီ ကဏ္ဍအတွက် ထိုင်းအစိုးရမှ ပံ့ပိုးပေးမည်

ပြည်တွင်းလောင်စာဆီ အသုံးပြုသည့်ပမာဏသည် ပိုလျှံခြင်းမရှိပါက လက်ရှိဖြစ်ပေါ်နေသော လောင်စာဆီဈေးနှုန်းအတိုင်း ထိန်းထားပေးရန် လောင်စာဆီရန်ပုံငွေ (State Oil Fund) မှ ထောက်ပံ့ပေးမှုသည် ၂၀၁၈ ခုနှစ်ကုန်ထိ လုံလုံလောက်လောက်ရှိမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ကျန်အိုကျာက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ လောင်စာဆီရန်ပုံငွေသည် လောင်စာဆီဈေးနှုန်း တည်ငြိမ်ရေးနှင့် တိုင်းပြည်စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများအတွက် အထောက်အပံ့ပြုသည့် အလွန်အရေးကြီးသော ရန်ပုံငွေတစ်ရပ်ဖြစ်သည်။ ယခင်သီတင်းပတ်များအတွင်း လောင်စာဆီဈေးနှုန်း မြင့်တက်လာသဖြင့် သုံးစွဲသူများ၏ ဝေဖန်ပြောဆိုမှုများရှိခဲ့သည့်အပြင် လောင်စာဆီဈေးနှုန်း မြင့်တက်မှုနှင့်လျော်ညီသော ယာဉ်စီးခနှုန်းထားသတ်မှတ်ရေးကို ခွင့်ပြုပေးရန်အတွက် ပို့ဆောင်ရေးလုပ်ငန်းရှင်များ၏တင်ပြချက်များလည်း ရှိခဲ့ပါသည်။

လက်ရှိအစိုးရသည် တိုင်းပြည်၏ လောင်စာဆီရန်ပုံငွေအားလုံးကိုသုံးစွဲထားပြီး လွန်ခဲ့သောလေးနှစ်က တိုင်းပြည်အာဏာကိုရယူခဲ့ပြီးဖြစ်ကြောင်း၊ လောင်စာဆီဈေးနှုန်းသည် ဈေးကွက်ပေါ် မူတည်၍သာ ပြောင်းလဲနေခြင်းဖြစ်၍ လောင်စာဆီရန်ပုံငွေကို ဖျက်သိမ်းပေးရန် တောင်းဆိုမှုများအား ဝန်ကြီးချုပ်က ငြင်းပယ်ခဲ့ကြောင်း၊ လွန်ခဲ့သည့်လေးနှစ်ကတည်းက လောင်စာဆီရန်ပုံငွေကို ဖျက်သိမ်းခဲ့မည်ဆိုပါက လောင်စာဆီဈေးနှုန်း မြင့်တက်လာမှုကို အထောက်အကူပြုနိုင်မည့် အနေအထားတွင်မရှိကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ လောင်စာဆီရန်ပုံငွေတွင် ရန်ပုံငွေစုစုပေါင်း ဘတ် ၃၁ ဘီလီယံရှိသည်။ ပြည်တွင်းလောင်စာဆီအသုံးပြုသူများအနေဖြင့် စနစ်တကျသုံးစွဲမည်ဆိုပါက ယခုနှစ်၏ ကျန်ရှိသည့်ကာလအတွင်း လက်ရှိဈေးနှုန်းကို ထိန်းသိမ်းနိုင်ရေးအတွက် အထောက်အကူပေးရန် ရန်ပုံငွေလုံလောက်မှုရှိကြောင်း သိရှိရသည်။ သို့သော်လက်ရှိ ပြည်တွင်းလောင်စာဆီ ဈေးနှုန်းသည် အလွန်မြင့်မားနေသည်ဟု ပြည်သူများ၏ ပြစ်တင်ပြောဆိုမှုများဖြင့် ကြုံတွေ့နေရသည်။

PTT ကုမ္ပဏီသည် မေ ၂၉ ရက်မှစ၍ လောင်စာဆီအသီးသီး၏ လက်လီဈေးနှုန်းများကို လျှော့ချပေးခဲ့ရာ ဓာတ်ဆီ Gasohol 95 တစ်လီတာလျှင် ၂၉ ဒသမ ၂၅ ဘတ်၊ ဓာတ်ဆီ Gasohol 91 တစ်လီတာလျှင် ၂၈ ဒသမ ၉၈ ဘတ်၊ ဓာတ်ဆီ Gasohol 95-E20 တစ်လီတာလျှင် ၂၆ ဒသမ ၇၄ ဘတ်နှင့် ဓာတ်ဆီ Gasohol 95-E85 တစ်လီတာလျှင် ၂၁ ဒသမ ၁၄ ဘတ်ဖြင့် ရောင်းချပေးလျက်ရှိပြီး ဒီဇယ်ဆီဈေးနှုန်းသည်လည်း တစ်လီတာလျှင် ဘတ် ၃၀ အောက်တွင်ရှိသည်။

PTT အရောင်းဆိုင်များမှ လောင်စာဆီများအား ဝယ်ယူသုံးစွဲခြင်း မပြုရန် ဆိုရှယ်မီဒီယာများမှတစ်ဆင့် လှုပ်ရှားမှုများပြုလုပ်ခြင်းသည် ကုမ္ပဏီအပေါ်တွင် ထိခိုက်မှုတစ်စုံတစ်ရာမရှိနိုင်ဘဲ PTT အရောင်းဆိုင်လုပ်ငန်းကို လုပ်ကိုင်နေသည့် ၉၀ ရာခိုင်နှုန်းသော အသေးစားလုပ်ငန်းရှင်များကိုသာ ထိခိုက်မည်ဖြစ်ကြောင်း၊ PTT အရောင်းဆိုင်များ၏ ဝန်ဆောင်မှုမကောင်းခြင်းနှင့် လောင်စာဆီ အရည်အသွေးမပြည့်မီခြင်းများအပေါ်တွင် ဆန့်ကျင်သည့် လှုပ်ရှားမှုမျိုးဖြစ်ပါက နားလည်ပေးနိုင်ကြောင်း၊ PTT အရောင်းဆိုင်များသည် ဈေးနှုန်းမြှင့်တင်ရောင်းချနေသည်ဟု စွပ်စွဲပြောဆိုမှုများသည်လည်း မမှန်ကန်ကြောင်းနှင့် PTT ၏ လောင်စာဆီဈေးနှုန်းသည် အခြားပြိုင်ဘက်လုပ်ငန်းများ၏ ရောင်းဈေးထက် မည်သည့်အခါမျှ မြင့်မားမှုမရှိခဲ့ကြောင်း PTT ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mr.Tevin Vongvanich က ပြောကြားခဲ့သည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## အီလက်ထရောနစ် ထုတ်လုပ်သူများအတွက် ပို့ကုန်ဦးစားပေးအစီအစဉ်များကို ဇွန်လတွင် အိန္ဒိယအစိုးရ စတင်

အိန္ဒိယနိုင်ငံတွင် အမျိုးသားအီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှုမူဝါဒသစ် (New National Electronics Manufacturing) မထုတ်ပြန်မီ ပို့ကုန်ဦးစားပေး အီလက်ထရောနစ်ပစ္စည်းများထုတ်လုပ်မှုကို အားပေးမြှင့်တင်ရန်အတွက် အိန္ဒိယအစိုးရသည် အစီအစဉ်သစ်များကို ဇွန်လမှစ၍ စတင်နိုင်ရန်ကြိုးစားနေကြောင်း သိရှိရပါသည်။

ယင်းအစီအစဉ်များအရ အိန္ဒိယအစိုးရသည် မိုဘိုင်းဖုန်းပို့ကုန်များကိုသာမက ဆေးပစ္စည်းကိရိယာနှင့် မော်တော်ကားအီလက်ထရောနစ်ကဲ့သို့သော ပို့ကုန်ပစ္စည်းများ မြှင့်တင်ရေးကိုလည်း ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ထုတ်လုပ်တင်ပို့ခဲ့သည့် လျှပ်စစ်ပစ္စည်းများအား ပြုပြင်ရန်/ဝန်ဆောင်မှုပေးရန်အတွက် သတ်မှတ်ထားသည့် ကာလနှင့်လုပ်ထုံးလုပ်နည်းများ ကျိုးကြောင်းဆီလျော်ပြီး ပြေပြစ်သွက်လက်မှုရှိစေရေး ဆွေးနွေးမှုများကိုလည်း ပြုလုပ်နေကြောင်း၊ အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ၃၅ ကုဋေခန့်သော မိုဘိုင်းဖုန်းဈေးကွက်ကြီးတစ်ခုရှိပြီး နှစ်စဉ်ဖုန်းပေါင်း ၂၂ ဒသမ ၅ ကုဋေခန့်ကို ထုတ်လုပ်လျက်ရှိကြောင်း၊ အနာဂတ်တွင်ပြည်တွင်းသုံးစွဲမှုထက်ပိုလျှံလာနိုင်သည့်အတွက် မိုဘိုင်းဖုန်းပို့ကုန်များ ပြည်ပသို့တင်ပို့နိုင်ရေး လမ်းဖွင့်ပေးထားရန်လိုအပ်ကြောင်း၊ လက်ရှိတွင် အိန္ဒိယနိုင်ငံ၏ အီလက်ထရောနစ်ပစ္စည်းပို့ကုန်ပမာဏမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံရှိရာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံထိ တိုးမြှင့်တင်ပို့နိုင်ရေးရည်မှန်းထားကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

### ကမ္ဘာ့ဖာလာထုတ်လုပ်မှု၊ တင်ပို့မှုနှင့် တင်သွင်းမှု အခြေအနေများအား လေ့လာခြင်း

ကမ္ဘာပေါ်တွင် ဖာလာထွက်ရှိမှုမှာ နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ပျမ်းမျှတစ်နှစ်လျှင် တန်ချိန် ၉၅၀၀၀ ခန့်ထွက်ရှိပြီး ဂွါတီမာလာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ အများဆုံးထွက်ရှိပါသည်။ ဖာလာစားသုံးမှုမှာလည်း ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်မြင့်မားလျက်ရှိပြီး ဖာလာအဓိကစားသုံးသော နိုင်ငံများမှာ အာဖရိက အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဥရောပနိုင်ငံများ၊ US နှင့် ဂျပန်နိုင်ငံတို့ဖြစ်ပါသည်။ ကမ္ဘာ့ဖာလာစားသုံးမှု၏ ၆၀ရာခိုင်နှုန်းကို ဆော်ဒီအာရေဗျ၊ UAE နှင့် အရှေ့တောင်အာရှနိုင်ငံများက စားသုံးကြပါသည်။ အိန္ဒိယနိုင်ငံသည် နှစ်စဉ်ဖာလာထွက်ရှိမှု၏ ၉၀ရာခိုင်နှုန်းကို ပြည်တွင်းတွင်စားသုံးကြပြီး ၁၀ ရာခိုင်နှုန်းခန့်ကိုသာ ပြည်ပသို့ တင်ပို့ကြသည်။ ၂၀၁၆ ခုနှစ် စာရင်းများအရ ကမ္ဘာပေါ်တွင် ဖာလာတင်ပို့မှု အများဆုံးနိုင်ငံများမှာ ဂွါတီမာလာက ၅၅ ဒသမ ၇၅ရာခိုင်နှုန်း၊ နီပေါက ၁၂ ဒသမ ၃၈ရာခိုင်နှုန်း၊ အိန္ဒိယက ၈ ဒသမ ၆၇ရာခိုင်နှုန်း၊ UAE က ၆ ဒသမ ၁၉ ရာခိုင်နှုန်း၊ မြန်မာက ၃ ဒသမ ၀၃ရာခိုင်နှုန်း၊ အင်ဒိုနီးရှားက ၂ ဒသမ ၅၉ရာခိုင်နှုန်း၊ သီရိလင်္ကာက ၂ ဒသမ ၁၂ ရာခိုင်နှုန်း၊ စင်ကာပူက ၁ ဒသမ ၅၉ ရာခိုင် နှုန်း၊ ဟွန်ဒူးရပ်စ်က ၁ ဒသမ ၀၈ရာခိုင်နှုန်းနှင့် နယ်သာလန်က ၁ ဒသမ ၀၃ ရာခိုင်နှုန်းတို့ဖြစ်ပြီး အဓိကတင်သွင်းသော နိုင်ငံများမှာ အိန္ဒိယက ၁၆ ဒသမ ၇၈ရာခိုင်နှုန်း၊ UAE က ၁၆ ဒသမ ၀၄ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်က ၇ ဒသမ ၂၄ရာခိုင်နှုန်း၊ ပါကစ္စတန်က ၆ ဒသမ ၀၆ ရာခိုင်နှုန်း၊ အီဂျစ်က ၃ ဒသမ ၄၈ရာခိုင်နှုန်း၊ US က ၃ ဒသမ ၄၇ ရာခိုင်နှုန်း၊ ကူဝိတ်က ၃ ဒသမ ၂၇ရာခိုင်နှုန်း၊ သီရိလင်္ကာက ၂ ဒသမ ၄၆ရာခိုင်နှုန်း၊ တရုတ်က ၂ ဒသမ ၃၈ ရာခိုင်နှုန်း၊ စင်ကာပူက ၂ ဒသမ ၂၈ ရာခိုင်နှုန်း၊ UK က ၂ ဒသမ ၂၆ ရာခိုင်နှုန်း၊ ဂျာမနီက ၂ ဒသမ ၀၆ ရာခိုင်နှုန်း၊ ဗီယက်နမ်က ၂ ဒသမ ၀၂ရာခိုင်နှုန်း၊ ဆူဒန်က ၁ ဒသမ ၅၉ရာခိုင်နှုန်း၊ မလေးရှားက ၁ ဒသမ ၅၃ ရာခိုင်နှုန်း၊ ဂျပန်က ၁ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ဆော်ဒီအာရေဗျက ၁ ဒသမ ၁၁ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ၌ ထွက်ရှိမှုအားလုံးနီးပါးကို တရုတ်နိုင်ငံသို့သာ အဓိကတင်ပို့လျက်ရှိပြီး ကိုရီးယား၊ အိန္ဒိယ၊ ဂျပန်နှင့် စင်ကာပူနိုင်ငံများသို့ အနည်းငယ်တင်ပို့လျက်ရှိပါသည်။ သို့သော်လည်း ပြည်ပတင်ပို့နိုင်မှုပမာဏမှာ ကျဆင်းလျက်ရှိနေပါသည်။ ထို့ကြောင့် မြန်မာ့ချဉ်ပေါင်ဖာလာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေး၊ အထွက်နှုန်းကောင်းစေရေးနှင့် အရည်အသွေး ကောင်းမွန်စေရေးတို့ကို အားထည့်လုပ်ဆောင်ရမှာဖြစ်သည့်အပြင် တစ်ဖက်တွင်လည်း ဈေးကွက်ခိုင်မာအားကောင်းရေး၊ ဈေးကွက်ချဲ့ထွင် ဆောင်ရွက်ရေးတို့ကိုလည်း အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

**ကမ္ဘာ့ဖာလာထွက်ရှိမှု အများဆုံး(၁၀)နိုင်ငံ၏ နှစ်စဉ်ဖာလာထွက်ရှိမှု အခြေအနေ**

ရေတွက်ပုံ-တန်

| စဉ် | နိုင်ငံ | ခုနှစ် | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ |
| ၁ | ဂွါတီမာလာ | ၂၂၅၉၁ | ၂၆၀၅၅ | ၃၅၁၉၄ | ၃၇၇၉၈ | ၃၈၄၆၅ | ၃၄၅၀၉ | ၃၅၄၇၅ |
| ၂ | အိန္ဒိယ | ၁၅၇၀၀ | ၁၅၈၁၆ | ၁၈၀၇၀ | ၁၆၅၆၅ | ၂၁၀၀၀ | ၂၂၀၀၀ | ၃၈၀၀၀ |
| ၃ | အင်ဒိုနီးရှား | ၁၅၇၀၀ | ၁၉၈၀၀ | ၂၅၂၀၀ | ၂၈၁၀၀ | ၃၄၃၀၀ | ၃၂၇၀၀ | ၃၁၀၃၉ |
| ၄ | နီပေါ | ၅၂၃၁ | ၅၅၁၇ | ၆၀၂၅ | ၇၀၀၀ | ၅၂၂၅ | ၅၁၆၆ | ၆၄၃၉ |
| ၅ | လာအို | ၂၈၉၄ | ၂၉၃၀ | ၂၉၆၇ | ၃၀၀၄ | ၃၀၄၁ | ၃၀၇၈ | ၃၁၁၅ |
| ၆ | ဘူတန် | ၁၁၆၃ | ၆၅၀ | ၆၄၃ | ၂၇၆ | ၉၀၃ | ၂၀၉၁ | ၂၅၉၆ |
| ၇ | Grenada | ၄၄၀ | ၄၇၈ | ၄၅၉ | ၄၃၇ | ၂၉၂၀ | ၃၀၆၉ | ၂၅၄၀ |
| ၈ | တန်ဇေးနီးယား | ၈၈၃ | ၇၉၀ | ၇၀၀ | ၇၂၀ | ၇၄၀ | ၈၀၂ | ၇၆၄ |
| ၉ | သီရိလင်္ကာ | ၅၇၀ | ၅၈၀ | ၅၅၀ | ၆၂၀ | ၅၈၄ | ၅၅၂ | ၅၆၃ |
| ၁၀ | ဟွန်ဒူးရပ်စ် | ၄၂၂ | ၂၇၆ | ၄၆၂ | ၄၇၄ | ၄၇၅ | ၄၇၉ | ၄၂၈ |

**၂၀၁၀ခုနှစ်မှ ၂၀၁၆ခုနှစ်အတွင်း ကမ္ဘာ့ဖာလာစိုက်ပျိုးထွက်ရှိမှုအခြေအနေ**

ရေတွက်ပုံ-တန်

| စဉ် | အကြောင်းအရာ | ခုနှစ် | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ |
| ၁ | ကမ္ဘာ့ဖာလာ ထွက်ရှိမှု | ၆၆၆၇၀ | ၇၃၉၇၃ | ၉၁၄၃၂ | ၉၆၂၄၃ | ၁၀၇၀၉၀ | ၁၀၇၁၇၆ | ၁၂၂၁၅၂ |

ဖာလာအဓိက တင်ပို့သော နိုင်ငံများနှင့် တင်သွင်းသည့်ဈေးကွက်နိုင်ငံများကို လေ့လာကြည့်ပါက ဂွာတီမာလာနိုင်ငံမှ ယူအေအီး၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အီဂျစ်၊ ကူဝိတ်၊ ယူအက်စ်၊ နီပေါ၊ ဆီးရီးယား၊ စင်ကာပူ၊ ဆူဒန်၊ နယ်သာလန်၊ ဂျပန်၊ ဂျာမနီ၊ တူရကီ၊ ကာတာ၊

# မြန်မာ့ချဉ်ပေါင်ဖာလာများ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်စေဖို့ . . .

အောင်ဆန်းလင်း

ဩစတြေးလျ၊ ဖင်လန်၊ ပါလက်စတိုင်းနိုင်ငံများသို့ တင်ပို့ပြီး နီပေါမှ အိန္ဒိယ၊ ပါကစ္စတန်၊ ဆွစ်ဇာလန်၊ နော်ဝေ၊ စင်ကာပူနိုင်ငံများသို့လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ ယူအေအီး၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ ယူအက်စ်၊ ယူကေ၊ ကနေဒါ၊ ဂျပန်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အာဖဂန်နစ္စတန်နိုင်ငံတို့သို့ လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ဗီယက်နမ်၊ သီရိလင်္ကာ၊ ထိုင်း၊ တောင်ကိုရီးယား၊ စင်ကာပူ၊ ပိုလန်နိုင်ငံတို့သို့လည်းကောင်း မြန်မာနိုင်ငံမှ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံတို့သို့ တင်ပို့ကြောင်းသိရသည်။

### မြန်မာနိုင်ငံအတွင်းရှိ ချဉ်ပေါင်ဖာလာဈေးကွက်အခြေအနေ

မြန်မာနိုင်ငံတွင် ချဉ်ပေါင်ဖာလာအများစုမှာ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်မှထွက်ရှိပြီး အသီးကို အခွံအုပ်အနေဖြင့်လည်းကောင်း၊ အခွံခွာပြီးအတွင်းမှ အစေ့ကိုလည်းကောင်း သံတောင်ကြီးဒေသနှင့် ဆက်စပ်လျက်ရှိသည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ချဉ်ပေါင်ဖာလာကုန်သည်များသို့ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ တင်ပို့ရောင်းချ ကြပါသည်။ အခွံပါ အနေအထားဖြင့် အသီးပေါ်စတွင် တစ်ပိဿာလျှင် ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ အရောင်းအဝယ်ဖြစ်ကြောင်းနှင့် အခွံခွာပြီး အစေ့တစ်ပိဿာလျှင် ကျပ် ၂၃၀၀၀ မှ ကျပ် ၂၅၀၀၀နှင့် အခွံခွာပြီး အစေ့တစ်ပိဿာလျှင် ကျပ် ၁၉၀၀၀ ရရှိကြောင်း သိရှိရပါသည်။ ချဉ်ပေါင်ဖာလာစေ့များကို ဒေသခံကုန်သည်များမှ မန္တလေး၊ မူဆယ်မြို့တို့မှတစ်ဆင့် တရုတ်နိုင်ငံ ရွှေလီမြို့သို့ အဓိကတင်ပို့ရောင်းချကြရပါသည်။ ထိုသို့ရောင်းချရာတွင် ဈေးကွက်လမ်းကြောင်းများအနေဖြင့် ကရင်ပြည်နယ် သံတောင်ကြီးဒေသမှ ထွက်ရှိသော ချဉ်ပေါင်ဖာလာများကို တောင်ငူဒေသရှိ ပွဲရုံလုပ်ငန်းရှင်များသို့လည်းကောင်း၊ ဖာပွန်ဒေသမှ ချဉ်ပေါင်ဖာလာများကို ကမောင်းနှင့် ဘားအံသို့လည်းကောင်း၊ လှိုင်းဘွဲ့ဒေသမှ ချဉ်ပေါင်ဖာလာများကို ဘားအံသို့လည်းကောင်း၊ ကြာအင်းဆိပ်ကြီးဒေသမှ ချဉ်ပေါင်ဖာလာများကို မုဒုံ၊ မော်လမြိုင်ဈေးကွက်များသို့ တင်ပို့ရောင်းချကြပြီး ယင်းမှတစ်ဆင့် မန္တလေး၊ မူဆယ်မြို့ရှိ ဖာလာကုန်သည်များသို့ တင်ပို့ရောင်းချကြကြောင်း သိရှိရပါသည်။ လက်ရှိအခြေအနေ၌ ဖာလာများကို ကုန်ကြမ်းများအဖြစ်သာ တင်ပို့နိုင်ပြီး နောင်တွင် တန်ဖိုးမြင့်ထုတ်ကုန်များ ပြုလုပ်က ကုန်ချောအဖြစ် တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်သွားကြရမည် ဖြစ်ပေသည်။

### မြန်မာနိုင်ငံမှ ချဉ်ပေါင်ဖာလာအား ပြည်ပသို့တင်ပို့မှု အခြေအနေ

မြန်မာနိုင်ငံထွက် ချဉ်ပေါင်ဖာလာသည် မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံသို့သာ အဓိကတင်ပို့ ရောင်းချလျက်ရှိသည်။ ယခုနောက်ပိုင်းတွင် ကိုရီးယား၊ ဂျပန်နှင့် စင်ကာပူဈေးကွက်များသို့လည်း တင်ပို့ရောင်းချလျက်ရှိပြီး၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံမှ ချဉ်ပေါင်ဖာလာ ၅၄၆၃ ဒသမ ၅၀၄ တန်၊ ကိုရီးယားနိုင်ငံမှ ၁၇ တန် တင်ပို့ခဲ့ကြောင်းတွေ့ရပြီး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံမှ ၄၅၂၅ ဒသမ ၁၅၉ တန်၊ ကိုရီးယားနိုင်ငံမှ ၄၂ ဒသမ ၉၉၈ တန်၊ အိန္ဒိယနိုင်ငံမှ ၆ တန်၊ ဂျပန်နိုင်ငံမှ ၁၂ ဒသမ ၅၆ တန် တင်ပို့ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်မှ တရုတ်နိုင်ငံမှ ၃၇၉၂ ဒသမ ၆၇၁ တန်၊ ကိုရီးယားနိုင်ငံမှ ၅၂ ဒသမ ၀၄၆ တန် တင်ပို့ခဲ့ပြီး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံမှ ၂၅၅၂ ဒသမ ၈၅ တန်၊ ကိုရီးယားနိုင်ငံမှ ၆၅ ဒသမ ၇ တန်နှင့် စင်ကာပူနိုင်ငံမှ ၃ တန်တင်ပို့ခဲ့ကြောင်း တွေ့ရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံမှ ၂၅၆၅ ဒသမ ၅၄ တန်၊ ကိုရီးယားနိုင်ငံမှ ၁၀၅ ဒသမ



၆၆ တန်၊ ဂျပန်နိုင်ငံမှ ၆ တန်တင်ပို့ခဲ့ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တရုတ်နိုင်ငံမှ ၂၃၅၅ ဒသမ ၄ တန်နှင့် ကိုရီးယားနိုင်ငံမှ ၂၈ ဒသမ ၃၇၂ တန် တင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ချဉ်ပေါင်ဖာလာ တင်ပို့နိုင်မှုပမာဏမှာ ကျဆင်းလျက်ရှိပြီး ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်မှုမှာလည်း အားနည်းလျက်ရှိသည်ကိုတွေ့ရှိရပါသည်။ ထို့ကြောင့် ထုတ်လုပ်မှု တိုးတက်စေရေးနှင့် အရည်အသွေး ကောင်းမွန်မှုတို့ကို ဦးစားပေးဆောင်ရွက်ကြရမှာဖြစ်သလို ဈေးကွက်ချဲ့ထွင်ရေးကိုလည်း အလေးထား လုပ်ဆောင်ဖို့ရန် လိုအပ်လျက်ရှိပါသည်။ မြန်မာ့ချဉ်ပေါင်ဖာလာကဏ္ဍ ရေရှည်တည်မြဲပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်မှာ ထုတ်လုပ်မှု၊ အရည်အသွေး၊ ဈေးကွက် စသဖြင့် ဘက်ပေါင်းစုံမှ အလေးထား ဆောင်ရွက်ကြရမှာဖြစ်ပြီး ဈေးနှုန်းကောင်းမွန်ရေးမှာလည်း အရေးကြီးသော အချက်တစ်ခုဖြစ်သောကြောင့် ထုတ်လုပ်သူ၊ ကုန်သည်လုပ်ငန်းရှင်များ၊ အစိုးရဌာနများ ပူးပေါင်းကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ချဉ်ပေါင်ဖာလာ၏ ဈေးနှုန်းသည် အရွယ်အစား၊ အရောင်၊ အနံ့နှင့် လတ်ဆတ်မှု၊ ပြည်တွင်းထုတ်လုပ်မှု၊ ပြည်ပတင်ပို့နိုင်မှုပမာဏ၊ အခြားသောနိုင်ငံများ၏ ထုတ်လုပ်မှု စသည့်အချက်များပေါ်တွင် မူတည်လျက်ရှိပါသည်။

### အလားအလာကောင်းသော ဖာလာဈေးကွက်နိုင်ငံများ

ကမ္ဘာပေါ်တွင် ဖာလာစိုက်ပျိုးထွက်ရှိမှု၊ တင်ပို့မှုများမှာ နှစ်စဉ်တိုးတက်မြင့်မားလျက်ရှိပါသည်။ တင်ပို့မှု အများဆုံးနိုင်ငံများမှာ ဂွါတီမာလာ၊ အိန္ဒိယ၊ တန်ဇေးနီးယား၊ သီရိလင်္ကာ၊ နီပေါ၊ အင်ဒိုနီးရှားနှင့် ဘူတန်နိုင်ငံတို့ဖြစ်ကြပြီး အများဆုံး တင်သွင်းသောနိုင်ငံများမှာ ဆော်ဒီအာရေဗျ၊ အီဂျစ်၊ ပါကစ္စတန်၊ UAE၊ UK၊ တရုတ်၊ တောင်အာဖရိကနှင့် EU နိုင်ငံများဖြစ်ကြပါသည်။ ဆော်ဒီအာရေဗျနိုင်ငံသည် နှစ်စဉ်ကမ္ဘာ့တင်ပို့မှု၏ ၃၄ ရာခိုင်နှုန်းကျော်အား တင်သွင်းလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဖာလာဈေးကွက်အား လေ့လာကြည့်သော် အလားအလာကောင်းသော ဈေးကွက်နိုင်ငံများမှာ ယူအေအီးနိုင်ငံ၊ ယူအက်စ်အေ၊ ဆော်ဒီအာရေဗျ၊ ယူကေ၊ ကနေဒါ၊ ဂျာမနီ၊ တောင်အာဖရိက၊ ကူဝိတ်၊ နယ်သာလန်၊ အီဂျစ်၊ ဗီယက်နမ်၊ ဆီးရီးယားနိုင်ငံတို့ဖြစ်ကြောင်း တွေ့ရသည်။

UAE၊ USAနှင့် ဆော်ဒီအာရေဗျနိုင်ငံ တို့မှာ ဖာလာအတွက် အကောင်းဆုံးဈေးကွက်နိုင်ငံများဖြစ်ကြပြီး ဥရောပနိုင်ငံများဖြစ်ကြသော UK၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများမှာ အလားအလာကောင်းသော ဖာလာဈေးကွက်နိုင်ငံများအဖြစ် တွေ့ရှိရပါသည်။ ဥရောပဈေးကွက်မှာ တည်ငြိမ်ပြီး ဖာလာလိုအပ်ချက် (demand) မှာ တဖြည်းဖြည်း တိုးတက်လျက်ရှိပါသည်။ ဥရောပနိုင်ငံများအနေဖြင့် ဖာလာတင်သွင်းမှုမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ပျမ်းမျှအားဖြင့် နှစ်စဉ် ၁ ရာခိုင်နှုန်း တိုးတက်လျက်ရှိပြီး လွန်ခဲ့သောနှစ်များက ဖာလာဈေးနှုန်းမှာ အတက်အကျရှိခဲ့သော်လည်း ၂၀၁၆ခုနှစ်တွင်မူ ဥရောပ၏ ဖာလာဈေးနှုန်းမှာ တစ်ဖန်ပြန်လည်တိုးတက်လာပါသည်။ ကမ္ဘာ့ဖာလာစားသုံးမှု၏ ၁၄ ရာခိုင်နှုန်းကိုလည်း ဥရောပနိုင်ငံများမှ စားသုံးကြကြောင်း စစ်တမ်းများအရ သိရှိရပေသည်။ ဥရောပနိုင်ငံများသို့ ဖာလာတင်သွင်းမှု၏ ၇၅ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ပြီး ကျန်သော ၂၅ ရာခိုင်နှုန်းမှာ Re-export များဖြစ်ပါသည်။ ဖာလာအတွက် စိတ်ဝင်စားဖို့ အကောင်းဆုံး ဥရောပဈေးကွက်နိုင်ငံများကတော့ UK၊ ဂျာမနီ၊ နယ်သာလန်၊ ဒိန်းမတ်၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံတို့ ဖြစ်ကြပါသည်။ အဆိုပါနိုင်ငံများဟာ ဖာလာကို ရိုးရာဆေးဝါးဖော်စပ်တဲ့နေရာမှာ အများဆုံး အသုံးပြုကြပါသည်။

စာမျက်နှာ ၃၂ သို့

# ဆန်စပါး အစိုဓာတ်တိုင်းတာရေး နောက်ကြောင်းပြန်ခြေရာခံစနစ်အကြောင်း သိကောင်းစရာ

**မောင်မောင် (CTQM)**

မြန်မာနိုင်ငံတွင် ဆန်စပါးကို အဓိကစားသုံး၍ လူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများတွင် လုပ်ကိုင်လျက်ရှိကြသည်။ နိုင်ငံ၏ ပြည်ပပို့ကုန် မဟာဗျူဟာ (National Export Strategy - NES) တွင်လည်း ဆန်စပါးသည် ရွေးချယ်ထားသော အဓိကကဏ္ဍတစ်ခုဖြစ်ပါသည်။ အဓိက စားသုံးသီးနှံဖြစ်သည့် အလျောက် ပြည်တွင်း ကုန်သွယ်ရေးကဏ္ဍတွင်လည်း ဆန်စပါးသည် အရေးပါလှပေသည်။ ဆန်စပါးဟူသည် သီးနှံအမျိုးအစားဖြစ်သည့်အတွက် ကူးသန်းရောင်းဝယ်မှုပြုရာတွင် အခြင်အတွယ် (တိုင်းတာချိန်တွယ်မှု)သည် အရေးကြီးလှပေသည်။ ရှေးမြန်မာမင်းများ လက်ထက်ကပင် လယ်ယာထွက်ကုန်များကို ကူးသန်းရောင်းဝယ်မှုများရှိခဲ့ပေသည်။ လင်္ကာဒီပ(ယခု သီရိလင်္ကာ) နှင့် မာလာဒီပ (ယခု မော်လဒိုက်) နိုင်ငံများသို့ ဆန်တင်ပို့မှုများ ရှိခဲ့ကြောင်း စာတမ်းများအရ သိရှိရပါသည်။ ပုဂံခေတ် အလောင်းစည်သူမင်းလက်ထက်တွင် အလေးချိန်တင်းတောင်း အခြင်အတွယ်များနှင့် ပတ်သက်၍ အမိန့်တော်ထုတ်ပြန်မှုများရှိခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။ မြန်မာ့ဆန်စပါး ရောင်းဝယ်ရေးတွင် ကိုလိုနီခေတ် မတိုင်မီအချိန်ထိ ခေတ်အဆက်ဆက်တွင် ပြည်၊ တင်း၊ တောင်းများဖြင့်သာ ခြင်တွယ်ခဲ့ကြပြီး ကိုလိုနီခေတ်တွင် ပြည်၊ တင်း၊ တောင်းများသာမက ပေါင် (pound-lb) စသည့်ဗြိတိသျှ ယူနစ်များဖြင့်ပါ ရောင်းဝယ်လာကြပါသည်။ ထုထည်အခြေခံ (Volume Basic) စနစ်ဖြစ်သည့် ပြည်၊ တင်း၊ တောင်းစနစ်တွင် အစိုဓာတ်ပြောင်းလဲမှုကြောင့် (၁၆ပြည်=၁တင်း) ဟူသောပမာဏတွင် ထိခိုက်မှု မရှိသော်လည်း အလေးချိန်အခြေခံ (Weight Basic) ဖြင့် တိုင်းတာရာတွင် ပြောင်းလဲမှုများ ရှိလာနိုင်ပါသည်။ စပါးတစ်တင်း ၄၆ ပေါင်တွင် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိရမည်ဖြစ်သည်။ ယခုအခါ ဒေသအသီးသီးတွင် အစိုဓာတ် အနည်းအများကိုလိုက်၍ တစ်တင်းလျှင် ပေါင် ၄၀ မှ ၅၅ ပေါင် ခန့်အထိ ရောင်းဝယ်မှုများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

တောင်သူလယ်သမားများသည် စပါးစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းရန် အဓိကလိုလားလျက်ရှိပြီး ကြိတ်ခွဲရေးသမားများသည် ဆန်ထွက်နှုန်း ကောင်းမွန်ရန် အဓိကလိုလားကြသည်။ တစ်ဧက တင်း ၁၀၀ ထွက်ရာမှ တင်း ၁၂၀ ထွက်ရှိမည်ဆိုပါက အထွက်နှုန်းတိုးသည်ဟု ဆိုနိုင်သော်လည်း အစိုဓာတ် မြင့်မားမှုကြောင့် ၁တင်း=ပေါင် ၅၀ နှုန်းဖြင့် ရောင်းချရလျှင် ရောင်းသူနှင့် ဝယ်သူတစ်ဖက်ဖက်တွင် နစ်နာမှုများရှိလာမည်ဖြစ်သည်။ ထို့အတူ အစိုဓာတ်တိုင်းကိရိယာများ၏ တိကျစွာတိုင်းတာနိုင်မှုသည်လည်း အထူးအရေးကြီးလှပေသည်။ အစိုဓာတ်တိုင်း ကိရိယာတစ်ခုတွင် အစိုဓာတ် ၁ ရာခိုင်နှုန်းဖော်ပြမှု လွဲမှားလျှင်ပင် ရောင်းဝယ်မှုတွင် ကွာခြားမှုမြောက်များစွာဖြစ်ပေါ် လာနိုင်ပေသည်။ စပါးတင်း တစ်သောင်းလျှင် အစိုဓာတ် တစ်ရာခိုင်နှုန်း ကွာခြားပါက ရောင်းသူနှင့် ဝယ်သူတစ်ဖက်ဖက်တွင်တင်း ၅၀ခန့် နစ်နာမည်ဖြစ်သည်။ ထို့ကြောင့်မျှတသောကုန် သွယ်မှု (Fair Trade) ဖြစ်စေရန်အတွက် အစိုဓာတ်တိုင်း ကိရိယာများတွင် တိကျမှုရှိရန်လိုအပ်ပါသည်။ ကြိတ်ခွဲရေးအပိုင်းတွင်လည်း အကျိုးအကြေ နည်းပြီး အောက်တန်းအထွက်ကောင်းရန် အတွက် အစိုဓာတ်ကို အထူးဂရုပြုရန် လိုအပ်ပါသည်။ ထို့ကြောင့် ဆန်စပါးကဏ္ဍတွင် အစိုဓာတ်သည် အထူးအရေးကြီးကြောင်း မီးမောင်းထိုးပြလိုပါသည်။

ဂျပန်နိုင်ငံ (JICA) ၏ အကူအညီဖြင့် ဆန်စပါးအစိုဓာတ်တိုင်းတာရေး နောက်ကြောင်းပြန် ခြေရာခံစနစf (Traceability in Rice Moisture Measurement System) ကို မြန်မာနိုင်ငံတွင် ထူထောင်ရန်အတွက် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စားသုံးသူရေးရာ ဦးစီးဌာနတို့နှင့် ဂျပန်နိုင်ငံမှ Kett Electric Laboratory တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဆန်စပါးအစိုဓာတ်တိုင်းတာရေး နောက်ကြောင်းပြန်ခြေရာခံစနစ်နှင့်ပတ်သက်၍ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဖေဖော်ဝါရီလ ၁၈ ရက်မှ ဖေဖော်ဝါရီလ ၂၄ ရက်အထိ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် မေလ ၂၈ ရက်မှ ဇွန်လ ၁ ရက်အထိ Traceability in Rice Moisture Measurement သင်တန်းဖွင့်လှစ်၍ ဂျပန်နိုင်ငံမှ ပညာရှင်များက သက်ဆိုင်ရာဌာနနှစ်ခုမှ ဝန်ထမ်းများကို စာတွေ့လက်တွေ့သင်တန်းပို့ချခဲ့ပါသည်။ ထို့အပြင် ယခုနှစ် ဇူလိုင်နှင့် စက်တင်ဘာလများတွင်လည်း သင်တန်းများဖွင့်လှစ်ခြင်း၊ စပါးစိုက်ဒေသများသို့ ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လက်ရှိ မြန်မာနိုင်ငံတွင် လယ်သမား၊ ကုန်သည်၊ ပွဲစား၊ စက်ပိုင်များမှ လက်ကားကုန်စည်ဒိုင် ဈေးကွက်ထိ ရောင်းချရာတွင် အစိုဓာတ်တိုင်း ကိရိယာများကိုသုံးစွဲလျက်ရှိရာ ၎င်းနယ်ပယ်အသီးသီးရှိ အစိုဓာတ်တိုင်း ကိရိယာများ၏ တိကျစွာတိုင်းတာမှုကို ထိန်းကျောင်းရန် လိုအပ်လျက်ရှိပါသည်။ နိုင်ငံတကာတွင် တိုင်းတာရေး စက်ကိရိယာများ တိကျမှုရှိစေရန် စံသတ်မှတ်ချက်များ ပြုလုပ်၍ တိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန လက်အောက်ရှိ National Institute of Metrology Myanmar (NIMM) မှ တိုင်းတာရေး ကိရိယာများ၏ တိကျစွာတိုင်းတာနိုင်မှုကို စံဖြင့်တိုက်ကြည့် စစ်ဆေးခြင်း (Calibration) ဆောင်ရွက်ပေးလျက်ရှိပါသည်။ သီးနှံများတွင် အစိုဓာတ်သည် ပတ်ဝန်းကျင်လေထု၏ အပူချိန် (Temperature) နှင့် စိုထိုင်းဆ (Humidity) ကိုလိုက်၍ ပြောင်းလဲလေ့ရှိပြီး ထိုအစိုဓာတ်ကို Free Water ဟုခေါ် ပါသည်။ အခြားသော စားသောက်ကုန်များတွင် Free Water ပါဝင်မှုကြောင့် မှိုပေါက်ခြင်း၊ ပုပ်သိုးခြင်းစသည်တို့ ဖြစ်စေသကဲ့သို့ ဆန်စပါးတွင်လည်းရှိသင့်သည့် အစိုဓာတ်ထက်ကျော်လွန်ပါက ဆန်ဝါပေါက်ခြင်း၊ ဆန်စပါး အရည်အသွေး ထိခိုက်ခြင်းများ ဖြစ်ပေါ် နိုင်ပါသည်။ တာရှည်သိုလှောင်မည့် သီးနှံများတွင် ရှိသင့်သည့် အစိုဓာတ်ပမာဏထက် ပိုမိုမြင့်မားခြင်း၊ ရှိသင့်သည့်အစိုဓာတ် ပမာဏအောက်လျော့နည်းခြင်း မဖြစ်စေရေးအတွက် ဆန်စပါးအစိုဓာတ်တိုင်းကိရိယာများ၏ တိကျစွာ တိုင်းတာနိုင်မှုသည် အဓိကအရေးပါလျက်ရှိပါသည်။ ထို့ကြောင့် ဆန်စပါး အစိုဓာတ်တိုင်းကိရိယာ နောက်ကြောင်းပြန်ခြေရာခံစနစ် ထူထောင်ခြင်းဖြင့် အဆိုပါကိရိယာများ၏ တိကျစွာတိုင်းတာနိုင်မှုကို ထိန်းကျောင်းနိုင်ခြင်းဖြင့် အရည်အသွေး ကောင်းမွန်သည့် ဆန်စပါးရောင်းဝယ်မှုကဏ္ဍအဖြစ် တိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ အဆိုပါ ဆန်စပါး အစိုဓာတ်တိုင်းတာရေး နောက်ကြောင်းပြန်ခြေရာခံစနစ်တွင် အဓိကအနေဖြင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန လက်အောက် ရှိ (National Institute of Metrology Myanmar - NIMM) မှ Primary Standard အဖြစ် ထိန်းကျောင်းသတ်မှတ်ဆောင်ရွက်မည်ဖြစ်ပြီး စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေး စီမံခန့်ခွဲရေးဌာနခွဲ လက်အောက်ရှိ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု (Commodity Testing and Quality Management Centre - CTQM) မှ Secondary Standard အဖြစ် ထိန်းကျောင်း သတ်မှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။ Primary Standard Meter ကို ISO-712 (Oven Drying Method) အရ တိုင်းတာဖော်ထုတ်မည်ဖြစ်ပြီး Reference Sample 30 အသုံးပြုမည်ဖြစ်ပါသည်။ Reference Sample ဆိုသည်မှာ ISO-712 အရ ပြုပြင်ထားသောစပါး သို့မဟုတ် ဆန်နမူနာများပင်ဖြစ်ပါသည်။ ထိုနမူနာ ၃၀ မှ နမူနာ ၅ မျိုးကို အသုံးပြု၍ Secondary Standard Meter ကို သတ်မှတ်ရမည်ဖြစ်ပါသည်။ Secondary Standard Meter သည် လက်တွေ့နယ်ပယ်တွင် အသုံးပြုလျက်ရှိသည့် အစိုဓာတ်တိုင်း ကိရိယာများကို တိုင်းတာမည့် Working Standard လည်း ဖြစ်ပါသည်။




**ဆန်စပါးအစိုဓာတ် တိုင်းတာရေး နောက်ကြောင်းပြန် ခြေရာခံစနစ်၏ လက်တွေ့လုပ်ငန်းစဉ်အဆင့်များ**

မြန်မာနိုင်ငံတွင် ဆန်စပါး အစိုဓာတ်တိုင်းတာရေး နောက်ကြောင်း ပြန်ခြေရာခံစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက အစိုဓာတ်ပါဝင်မှုကို တိကျစွာတိုင်းတာ စစ်ဆေးခြင်းဖြင့် ကုန်သွယ်မှု မျှတရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ရာ ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားအရည်အသွေး အခြေခံအဆောက်အဦ (National Quality Infrastructure - NQI) အားကောင်းလာစေရေးအတွက် အရည်အသွေး ယဉ်ကျေးမှု (Quality Culture) ထွန်းကားရေးအတွက် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။

# ဘားအံမြို့တွင် ရေပေါ်ဈေးနှင့် ငါးဒိုင်များ၌ ရှောင်တခင် ဝင်ရောက်စစ်ဆေး

ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးမှ ဦးစီး အရာရှိဒေါ် ချစ်ဆုဝေနှင့်ဝန်ထမ်းများသည် ဇွန် ၄ ရက်က ဆက်စပ်အဖွဲ့ အစည်း (FDA၊ စည်ပင်၊ မွေး/ကု၊ မြန်မာရဲတပ်ဖွဲ့၊ ထွေအုပ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး)များဖြင့် ဘားအံမြို့ ရေပေါ် ဈေး လက်လီအရောင်း ဆိုင်များနှင့် ငါးဒိုင်များသို့အေးခဲအသား၊ ငါး၊ ပုစွန်များ တရားမဝင် တင်သွင်းရောင်းချနေမှု ရှိ/ မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

၎င်းစစ်ဆေးချက်အရ ငါးဒိုင် ၁၀ ဒိုင်၊ လက်လီအရောင်းဆိုင် ၁၁ ဆိုင်ကို စစ်ဆေးခဲ့ကြောင်း၊ ယင်းမှငါးဒိုင် ၄ ဒိုင်နှင့် အရောင်းဆိုင်တစ်ဆိုင်မှ တရားမဝင်၊ သန့်ရှင်းလတ်ဆတ်မှုမရှိ၊ စားသုံးရန် မသင့်ဟုယူဆရသော အသား၊ ငါးများအား သိမ်းဆည်းခဲ့ကြောင်း၊ အလေးချိန်အားဖြင့် အေးခဲအသား၊ ငါး၊ ပုစွန် (ကိုးပိဿာနှင့် ၆၃ ကျပ်သား)၊ ဝက် အသည်းအမြစ်ပြုတ် ထုပ်ကီလိုဝက်တစ်ထုပ်အား သိမ်းဆည်း၍ ဈေးအနောက်ကွင်းပြင်တွင် အဖွဲ့အစည်း ရှေ့မှောက်၌ မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရှိရပါသည်။

ပညာပေးခြင်းအနေဖြင့် ယခုစစ်ဆေးခဲ့သည့် ငါးဒိုင်များနှင့် လက်လီရောင်းဝယ်ရေးလုပ်ငန်းများအနေဖြင့် သန့်ရှင်းမှု မရှိ/ လတ်ဆတ်မှုမရှိ / တရားမဝင်/စားသုံးရန်မသင့်သော အေးခဲအသား၊ ငါး၊ ပုစွန်များအား တစ်နေ့တာ ရောင်းချနိုင်မည့် ပမာဏအလေးချိန်သာ ရောင်းချပေးကြရန်၊ စားသုံးသူများအနေဖြင့် ဘေးကင်းလုံခြုံစေရန် ဆိုင်ပေါ် တင်ရောင်းရာတွင်လည်း သန့်ရှင်းစွာထားရှိ၍ ရောင်းချကြရန်၊ နောက်နောင် ရောင်းချမှုမပြုကြောင်း ခံဝန်ကတိပြုလက်မှတ် ရေးထိုးခြင်းနှင့် နောက်တစ်ကြိမ်ရောင်းချမှုအား စစ်ဆေးတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည်(ကရင်ပြည်နယ်)**



## မေလအတွင်း ရော်ဘာတန်ချိန် တစ်သောင်းကျော်တင်ပို့

မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၉၄ သန်း တန်ဖိုး ရော်ဘာအဆင့်စုံ ၂၃၅၇ တန် တင်ပို့ခဲ့ကြောင်း သိရပါတယ်။ မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ RQ-1 အမျိုးအစားတန်ချိန် ၁၀၀ နဲ့ RQ-3 အမျိုးအစား ၁၈၃၆ တန်၊ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ Crepe Rubber အမျိုးအစား ၂၉ တန်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ RQ-3 အမျိုးအစား ၂၄၄ တန် တင်ပို့ခဲ့ပြီး မြန်မာ-ထိုင်း နယ်စပ်ရှိတာချီလိတ်ကုန်သွယ်ရေး စခန်းမှ Rubber Latex 60% ၁၄၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၅၅ တန် တင်ပို့မှု လျော့ကျခဲ့ကြောင်း သိရပါတယ်။

မေလအတွင်းမှာ အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၀၀၆ သန်း တန်ဖိုးရှိ ရော်ဘာ ၁၂၆၉၁ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး ဧပြီလတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၉၁၁၄ တန် ပိုမိုတင်ပို့ခဲ့ကြောင်း သိရှိရပါတယ်။ ယခုတစ်ပတ် မူဆယ် ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RQ-3 အမျိုးအစားတစ်တန်လျှင် ကျပ် ၁၆ ဒသမ ၂၇၆ သိန်းရှိပြီး ယခင်တစ်ပတ်ဈေးထက် အတက်အကျ အနည်းငယ်သာရှိကြောင်း သိရပါတယ်။

**ယဉ်ယဉ်အေး**

---

## အိန္ဒိယနဲ့ တရုတ်နယ်စပ်စခန်းများမှ ကွမ်းသီးတင်ပို့မှုလျော့ကျ

မြန်မာ-အိန္ဒိယ နယ်စပ်စခန်းရှိ ကုန်သွယ်ရေးစခန်းများမှ မေ ၂၆ ရက်မှ ဇွန် ၁ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၄၅ သန်း တန်ဖိုးရှိ ကွမ်းသီး ၁၂၃၂ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၅၉၀ တန် တင်ပို့ခဲ့ တဲ့အတွက် ယခုတစ်ပတ်မှာ ၃၅၈ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ သုညဒသမ ၀၉၃ သန်း တန်ဖိုးရှိကွမ်းသီး ၇၃ တန်၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၅၂ သန်းတန်ဖိုးရှိကွမ်းသီး ၁၁၅၉ တန် တင်ပို့ခဲ့ပါတယ်။ တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၂၃၂၄ တန်ဖိုးရှိ ကွမ်းသီး(အစို) တန် ၅၀ ကိုလည်း တင်ပို့ခဲ့တာ တွေ့ရ ပါတယ်။

မြန်မာ-တရုတ် နယ်စပ်ရှိ ချင်းရွှေ ဟော် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၁၆၇၁ တန်ဖိုးရှိကွမ်းသီး ၂၁ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**မျိုးဇော်**

---

## မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မေ ၂၆ ရက်မှ ဇွန် ၁ ရက်ထိ သီတင်းတစ်ပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၃၈ သန်း တန်ဖိုး ရှိရေထွက်ကုန် ၁၅၉၄ တန် တင်ပို့ခဲ့ ပါတယ်။ ယခင်တစ်ပတ်က ၉၉၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၉၆ တန် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရ ပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၅၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း ၄၅ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၅၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ မွေးပုစွန်၊ ပင်လယ်ဘဝဲ၊ သဲကဏန်း ၉၉၄ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၂၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ ၊ ကင်းမွန်၊ ပုစွန်၊ ရေထွက်ပစ္စည်း၊ ရေဘဝဲ၊ ကဏန်း ၅၅၅ တန် တင်ပို့ခဲ့တယ်လို့ သိရ ပါတယ်။

**မျိုးဇော်**

---

## မူဆယ်မှ တရုတ်နိုင်ငံသို့ မေလအတွင်း ရေထွက်ကုန် တန်ချိန် ၉၀၀၀ နီးပါးတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၆ ရက် မှ ဇွန် ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၆၇ သန်း တန်ဖိုးရှိရေထွက်ကုန် ၁၂၃၁ တန် ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၄၆ တန်ကျော် နဲ့ နှိုင်းယှဉ်ပါက ၄၁၅ တန် လျော့နည်းခဲ့ပြီး တန်ဖိုးမှာလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၉၂ သန်း လျော့နည်းခဲ့ပါတယ်။ ယခုတစ်ပတ်တွင် ငါးခြောက်၊ ငါးလေးခြောက်၊ ပုစွန်ခြောက်၊ ငါးပူတင်း အရေခွံခြောက်၊ ငါးမျိုးစုံ၊ ကဏန်းနဲ့ ပုစွန်ဖွဲ့ တင်ပို့မှု လျော့နည်းခဲ့တာကြောင့် ယခုလို တန်ချိန်ရော တန်ဖိုးပါ လျော့နည်းရတာဖြစ်ပါတယ်။ တစ်ဖက်နိုင်ငံဈေးအနေနဲ့ ယခင်တစ်ပတ်က ကဏန်းတစ်တန်လျှင် ၆၆၆၇ ယွမ်မှ ၇၀၈၃၃ ယွမ်သို့ လည်းကောင်း ငါးရှဉ့်တစ်တန်လျှင် ယွမ် ၂၈၀၀၀ မှ ၃၀၀၀၀ သို့ လည်းကောင်း ဈေးအနည်း ငယ် ပြန်လည်မြင့်တက်ခဲ့ကြောင်း၊ မေလအတွင်း မူဆယ်မှ တရုတ်နိုင်ငံသို့ ရေထွက်ကုန်တန်ချိန် ၉၀၀၀ နီးပါးတင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

---

## တရုတ်နိုင်ငံသို့ မေလအတွင်း ပြောင်းတန်ချိန် ကိုးသောင်းနီးပါးတင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီစခန်းစုံမှ မေ ၂၆ ရက်မှ ဇွန် ၁ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၇၆ သန်း တန်ဖိုး ရှိ ပြောင်းဖူးစေ့ ၁၃၅၈၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ တန် ၁၁၆၃၀၊ လွယ်ဂျယ်မှ ၁၅၇၅ တန်ကျော်၊ ချင်းရွှေဟော်မှ ၂၆၄ တန်နဲ့ ကန်ပိုက်တီမှ တန် ၁၂၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၈၅၃ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၁၂၆၄ တန်လျော့နည်း တင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်လျှင် ၃၁၀၂၇၃ ကျပ်ရှိရာမှ မေ ၂၆ ရက်မှ ဇွန် ၁ ရက်ထိရက်သတ္တပတ်အတွင်း ၃၀၉၆၂၃ ကျပ်သို့ဈေး ပြန်လည်ကျဆင်းခဲ့ကြောင်း၊ မူဆယ်သို့ ပြောင်းကား ၄၂၃ စီး ဝင်ရောက်ခဲ့ကြောင်း၊ မေလတစ်လလုံး တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၈၉၃၀၀ ကျော်တင်ပို့ခဲ့ကြောင်း စခန်းများမှသတင်းရရှိပါတယ်။ **မော်မော်အောင်**

---

## မူဆယ် ကုန်သွယ်ရေးဇုန်မှ ကော်ဖီစေ့ တန် ၃၀ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၆ ရက်မှ ဇွန် ၁ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၇၀၀၀ တန်ဖိုးရှိ ကော်ဖီစေ့ တန် ၃၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တင်ပို့မှုမရှိဘဲ မေ ၁၂ ရက်မှ ၁၈ ရက်အထိ ရက်သတ္တပတ်တွင်လည်း မူဆယ်မှ ကော်ဖီစေ့ တန် ၃၀ တင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၂၁၉၂၀ တန်ဖိုးရှိ ကော်ဖီစေ့ ၁၆ တန်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

ရှမ်းဒေသထွက် ကော်ဖီဟာ အထူးတန်းဝင် ကော်ဖီအဖြစ် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် သတ်မှတ်ခံထားရပြီး ထိုင်း၊ မလေးရှားနဲ့ တရုတ်နိုင်ငံတွေက ဝယ်ယူကြကြောင်း၊ ကမ္ဘာ့ကော်ဖီဈေးကွက်တွင် ဝယ်လိုအား အကောင်းဆုံးနဲ့ ဈေးအမြင့်ဆုံးရရှိတဲ့ ကော်ဖီအမျိုးအစားဖြစ်ကြောင်း၊ ရှမ်းမြို့နယ်အတွင်း ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းကို ၂၀၀၆-၂၀၀၇ ခုနှစ်ကတည်းက စိုက်ဧက ၄၀၀၀ ကျော်ဖြင့် စတင်ခဲ့ကြောင်း ရှမ်းမြို့နယ် ကော်ဖီအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

---

## နယ်စပ်စခန်းများမှ ဆိုင်ကယ်တင်သွင်းမှု အခြေအနေ

နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၀၃ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၇၂၀ စီးတင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၈၆၈ စီးတင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၄၈ စီး လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၄၆၉ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၃၆၃ စီးကိုလည်း တင်သွင်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်များ ပိုမိုတင်သွင်းခဲ့သော်လည်း မြဝတီ ကုန်သွယ်ရေးဇုန်မှ လျော့နည်းတင်သွင်းခဲ့လို့ ယခုတစ်ပတ်မှာ လျော့နည်းရခြင်း ဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုညဒသမ ၀၂၄ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၂၃ စီး ၊ ကန်ပိုက်တီ ကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၂၇၅ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၆၄ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၃၇၂ စီး၊ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၅၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၈၀၅၀ စီး တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မျိုးဇော်**

---

## ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း၏ လျာထားချက် ပြည့်မီကျော်လွန်

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းသည် ၂၀၁၈ မေလတွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇၁၃သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၈၃သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၁၉၆ သန်း ဆောင်ရွက်နိုင်ခဲ့ ပါသည်။

ကန်ပိုက်တီ ကုန်သွယ်ရေးစခန်း၏ မေလအတွက်လျာထားချက်မှာ ပို့ကုန်အမေရိကန်ဒေါ်လာ ၉ သန်းနှင့် သွင်းကုန်အမေရိကန်ဒေါ်လာ ၃ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ သန်းဖြစ်ပြီး အမှန်ဆောင်ရွက်နိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂၅ သန်းကျော် ဆောင်ရွက်နိုင်ခဲ့သဖြင့် လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုမှာ ၂၀၉ ရာခိုင်နှုန်းကျော်အထိ ပြည့်မီကျော်လွန် ခဲ့ပါသည်။

အနီးစပ်ဆုံး ၂၀၁၈ ဧပြီလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိ ကန်ဒေါ်လာ ၁၀ ဒသမ ၈၀၂ သန်း လျော့နည်းခဲ့ပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၈၇၅ သန်း ပိုမိုခဲ့ပါသည်။

ကာလတူ ၂၀၁၇ ခုနှစ် မေလနှင့်နှိုင်းယှဉ်လျှင် ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၂၃၆ သန်းပိုမိုခဲ့ပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈၄ သန်း လျော့နည်းခဲ့ပါသည်။ ၂၀၁၈ မေလတွင်ပို့ကုန် ပိုမိုရခြင်းမှာ တစ်သျှူးငှက်ပျော၊ ပြောင်းနှင့် စပါးခွံ မီးသွေးတောင့်တို့ ပိုမိုတင်ပို့ခဲ့ခြင်းကြောင့် ဖြစ်ပြီး သွင်းကုန်လျော့နည်းရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းများ၊ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၂၀၁၈ ဇွန်လတွင် ပို့ကုန်ပိုင်းအနေဖြင့် တစ်သျှူးငှက်ပျော ရာသီကုန်ချိန်ဖြစ်၍ လျော့နည်းနိုင်သော်လည်း ပြောင်း၊ ဆန်နှင့်စပါးခွံမီးသွေးတောင့်များကို ပိုမို တင်ပို့လာနိုင်မည်ဖြစ်ပြီး သွင်းကုန်တင်သွင်းမှုတွင်လည်း ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ တာယာနှင့် ကျွတ်များ ပိုမိုတင်သွင်းလာနိုင်သဖြင့် ကုန်သွယ်မှုလျာထားချက် ပြည့်မီနိုင်ပါကြောင်း ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါသည်။

**မော်မော်အောင်**

---

## တရုတ်နိုင်ငံသို့ မေလအတွင်း သကြားတန် ငါးသောင်းကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၅၇ သန်း တန်ဖိုးရှိ သကြား(ရိုးရိုး) ၁၈၈၅၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၉၂၄၉ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန်ချိန် ၁၀၀၀၀ ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။ အလားတူ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန် ဒေါ်လာ ၁၃၃၂၅ တန်ဖိုးရှိ သကြားတန် ၂၀ ကျော် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။

မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော် စခန်းသုံးခုမှ မေလအတွင်း သကြား(ရိုးရိုး) နဲ့ Re - Export သကြားတန်ချိန် ၅၂၀၀၀ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ယခင်တစ်ပတ်က ကျပ် ၈၆၇၂၀၀ ဈေးရှိရာမှ မေ ၂၆ ရက်မှ ဇွန် ၁ ရက်ထိ သီတင်းပတ်တွင် ကျပ် ၈၇၄၂၅၀ သို့ ဈေးမြင့်တက်ခဲ့ပြီး တစ်ဖက်နိုင်ငံဈေးမှာ ၄၁၅၂ ယွမ်မှ ၄၁၇၁ ယွမ် ဈေးမြင့်တက်ခဲ့ပါတယ်။

**မော်မော်အောင်**

# မြန်မာ့ပေါ်ဆန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာမျှော်မှန်းချက်

မြန်မာနိုင်ငံသည် တောတောင်ရေမြေ သဘာဝအရသော်လည်းကောင်း၊ ရာသီဥတုအနေအထားအရသော်လည်းကောင်း ကောင်းမွန်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးမြေပေါကြွယ်ဝသည့်အတွက် ဆန်စပါးကို အဓိကစီးပွားရေးကဏ္ဍတစ်ခုအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိပါ တယ်။

ဆန်စပါးဟာ မြန်မာနိုင်ငံရဲ့ အဓိကစားသုံးသီးနှံဖြစ်ပြီး မဟာဗျူဟာသီးနှံတစ်မျိုးလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံလက်ရှိလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် အသက်ရှင်သန်နေထိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အရင်းအမြစ်များပေါ်တွင် မှီခိုလျက်ရှိနေကြပြီး ဆန်စပါးသည် နိုင်ငံ၏အရေးကြီးဆုံး စိုက်ပျိုးရေးထုတ်ကုန်တစ်ခုအဖြစ်ရပ်တည်လျက်ရှိနေကာ နိုင်ငံတွင်းရှိ စိုက်ပျိုးမြေအားလုံး၏ ထက်ဝက်ခန့်ရှိနေပြီး ဆန်စပါးအားကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့် စားသုံးနေကြပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ တစ်ဦးချင်း ဆန်စားသုံးမှုသည် ကမ္ဘာတွင်အမြင့်ဆုံးဖြစ်ပြီး တစ်ဦးလျှင် တစ်နှစ် ၁၅၅ ကီလို ဂရမ်နှုန်းအထိ စားသုံးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ထွက်ရှိတဲ့စပါးမျိုးများကိုကြည့်ရင် ဧည့်မထစပါး၊ ကောက်ညှင်းစပါးမျိုးများမှာ လုံးသွယ်မျိုးများဖြစ်ပြီး ပေါ်ဆန်း၊ ငကျွဲ၊ မြီးတိုး၊ ငစိန်စတဲ့ စပါးများကတော့ လုံးပုမျိုးများဖြစ်ပါတယ်။ အရွယ်အစားနဲ့ ပုံသဏ္ဌာန်မတူညီတဲ့အတွက် Volume နဲ့ချိန်တွယ်ရင် ကွဲပြားမှုများရှိမှာဖြစ်ပါတယ်။ ဧည့်မထစပါးမှာလည်း မျိုးကွဲပေါင်းများစွာရှိနေတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့ဌာနရဲ့ လေ့လာစိစစ်ထားချက်များအရ စပါးသန့်စင်မှု ၉၈ ရာခိုင်နှုန်းရှိပြီး အစိုဓာတ် ၁၄ ရာခိုင်နှုန်း အတူတူရှိနေတဲ့ ၄၆ ပေါင်ကိုက် စပါးတစ်တင်းရဲ့ ထုထည်များကို လေ့လာကြည့်ရင် ငစိန်စပါး တစ်တင်းမှာ ၁ ဒသမ ၂၈ ကုဗပေ၊ ရွှေဝါထွန်း စပါးတစ်တင်းမှာ ၁ ဒသမ ၃၄ ကုဗပေ၊ နှံကားမြီးကောက် စပါးတစ်တင်းမှာ ၁ ဒသမ ၃၆ ကုဗပေ၊ အင်းမရဲဘော်စပါးတစ်တင်းမှာ ၁ ဒသမ ၂၈ ကုဗပေ၊ ကောက်ညှင်းစပါးတစ်တင်းမှာ ၁ ဒသမ ၄၉ ကုဗပေ၊ မြီးတိုး စပါးတစ်တင်းမှာ ၁ ဒသမ ၂၅ ကုဗပေနဲ့ ငကျွဲစပါးတစ်တင်းမှာ ၁ ဒသမ ၂၆ ကုဗပေ စတဲ့ ကွဲပြားမှုများရှိနေကြောင်း လေ့လာတွေ့ရှိရပါတယ်။



လူတို့၏ပြောင်းလဲလာသော စားသုံးမှုပုံစံအရ တန်းနိမ့်ဆန်များမှာ ဈေးကွက်မှ တဖြည်းဖြည်း ပျောက်ကွယ်လာပြီး တန်းမြင့်ဆန်များ၊ ဆန်ချောများကို ပြောင်းလဲစားသုံးလာကြပါတယ်။ ၂၀၀၃ခုနှစ် ရှေ့ပိုင်းကာလများတွင် အများအားဖြင့် သမဝါယမမှဖြန့်ဖြူးသော ဆန်(ဝန်ထမ်းဆန်)များဖြစ်သည့် ငစိန်၊ ဧည့်မထဆန်များသာ အသုံးများခဲ့ပြီး ငွေကြေးတတ်နိုင်သူ အများစုသည်သာ မြီးတိုး၊ ငကျွဲ၊ ပေါ်ဆန်းဆန်များအား စားသုံးခဲ့ကြပါတယ်။ ထိုအချိန်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊ မြောင်းမြ၊ ဖျာပုံဘက်က ထွက်ရှိတဲ့ပေါ်ဆန်းဆန်သည် ဈေးကွက်တွင် နာမည်ရှိသောဆန်များဖြစ်ပါတယ်။

ယခုအခါတွင် မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာများ ကောင်းမွန်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်သည့် “မြန်မာ့ပေါ်ဆန်းမွှေး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာဆွေးနွေးပွဲ”ကို ၂၀၁၈ ခုနှစ် ဇွန်လလယ်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ နေပြည်တော်၌ကျင်းပမည်ဖြစ်ပြီး မြန်မာ့ပေါ်ဆန်းမွှေး အလားအလာများကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်းကိုလည်း ကြားသိရပါတယ်။

ပေါ်ဆန်းစပါးမျိုးမှာ ဧရာဝတီတိုင်းဒေသကြီး၏ မူရင်းစပါးမျိုးများ သာဖြစ်ပါတယ်။ မြန်မာ့ပေါ်ဆန်းသည် အဆင့်မြင့်အရည်အသွေးကောင်းစပါးမျိုးဖြစ်ပါတယ်။ ဈေးကွက်၏ လက်ယက်ခေါ်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာခဲ့ကြကြောင်း တွေ့ရှိရပါတယ်။ ပေါ်ဆန်းမွှေးအား နိုင်ငံတော်မျိုးစေ့ကော်မတီမှ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၉ရက်တွင် ပေါ်ဆန်းမွှေးမျိုးအား မှတ်ပုံတင်အမှတ် RC-200-37 ဖြင့် လည်းကောင်း၊ ပေါ်ဆန်းဘေးကြားမျိုးအား မှတ်ပုံတင်အမှတ် RC-2000-38ဖြင့်လည်းကောင်း မျိုးစေ့မှတ်ပုံတင်ခွင့်ပြုခဲ့ပါတယ်။

DOCA(Domestic)

မြန်မာ့ပေါ်ဆန်းကို အကဲခတ်ကြည့်လျှင် စားသုံးမှုအဆင့်အတန်းတွင် စေးကပ်ခြင်း၊ မာကျောခြင်းမရှိဘဲနူးညံ့သောစားသုံးမှုအရသာကို ပိုင်ဆိုင်ထားပါတယ်။ အနံ့ပါဝင်မှုတွင် စပါးစတင်ပျိုးထောင်ချိန် ပျိုးခင်းမှသည် စိုက်ပျိုးချိန်တစ်လျှောက် အမွှေးနံ့ရှိခြင်း၊ ထမင်းချက်ရာတွင် အမွှေးနံ့ ရှိခြင်း၊ ပေါ်ဆန်းမွှေးနှင့် ပေါ်ဆန်းဘေးကြားတို့မှာ ပေါ်ဆန်းရင်ထက် ပိုမိုအမွှေးနံ့စူးရှသည့် လက္ခဏာရှိပါတယ်။ ချက်ပြုတ်မှု အရည်အသွေးပိုင်းတွင်လည်း ချက်ပြုတ်ပြီးထမင်း၏ ဆန်စေ့ရှည်ထွက်မှုမှာနှစ်ဆမှ သုံးဆခန့်ရှိပြီး ထမင်းစေ့ပွခြင်းမှာ ဘာစမာတီ စပါးမျိုးထက်ပိုကြောင်းတွေ့ရပါတယ်။ ချက်ပြုတ်ပြီးနောက်တစ်နေ့ ထမင်းကြမ်းသည်လည်း အစိုပြန်အရည်ထွက်မှုမရှိကြောင်း တွေ့ရပါတယ်။ ဆန်နှင့်ထမင်းရှည်ထွက်မှုတွင် ပေါ်ဆန်းမွှေးသည် နှစ်ဆ၊ ပေါ်ဆန်းဘေးကြားသည် ၁ ဒသမ ၉၈ ဆနှင့် ပေါ်ဆန်းရင်သည် ၁ ဒသမ ၉ ဆ ရှိကြောင်း တွေ့ရှိရပါတယ်။

မြန်မာ့ပေါ်ဆန်းသည် ပြည်တွင်းမှ အဆင့်မြင့်ဆန်အနေဖြင့် စားသုံးနေကြပြီး ဈေးလည်းအမြင့်ဆုံးရနေသည့်အပြင် ယခင်က ပြည်ပ ဈေးကွက်များသို့ တင်ပို့နိုင်သည်ထိ ဈေးကွက်ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် တန်ချိန်များများ ဝယ်လိုအားရှိလာသည့်အခါ အခြားဆန်များနှင့် ရောနှောတင်ပို့သည့်အတွက် ဈေးကွက်ပျက်ခဲ့သည်ဟု သိရှိရပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးမှာ ဆန်စပါး အဓိကထွက်ရှိရာဒေသဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့တာကြောင့် ပြည်တွင်းဆန်စီးဆင်းမှုပါ အဟန့်အတားများ ဖြစ်ပေါ်ခဲ့ပါတယ်။

**ကိုးကား။ ကမ္ဘာ့မျက်နှာစာရှေ့သို့ တက်လှမ်းလာသည့် မြန်မာ့ပေါ်ဆန်း)**

(ဆက်လက်ဖော်ပြပါမည်)

# InfoCorp Technologies နှင့် RGK+Z&A Group တို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့ပူးပေါင်း၍ Tamper-Proof Livestock Identification Technology ကို အသုံးပြုမည့်စမ်းသပ်စီမံကိန်း ပူးတွဲလုပ်ဆောင်ရန်လက်မှတ်ရေးထိုး

မြန်မာနိုင်ငံ၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် စင်ကာပူနိုင်ငံအခြေစိုက် Fin-Tech ကုမ္ပဏီတစ်ခုဖြစ်သော InfoCorp Technologies နှင့် RGK+Z&A Group တို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့အာမခံလုပ်ငန်းတို့နှင့် ပူးပေါင်း၍ ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်အပါအဝင် ရွေးချယ်ထားသောဒေသများတွင် InfoCorp ၏ Sentinel Chain နည်းပညာကို အသုံးပြု၍ Tamper-Proof Livestock Identification tagging ပြုလုပ်ရန် စမ်းသပ်စီမံကိန်းတစ်ခုကို ပူးတွဲလုပ်ဆောင်ကြမည်ဖြစ်ကြောင်းသိရပါသည်။

စမ်းသပ်စီမံကိန်းကို ပူးတွဲလုပ်ဆောင်ရန် InfoCorp Technologies တည်ထောင်သူ CEO Mr. Roy Lai၊ RGK+Z&AGroup ၏ Chairman/ Group CEO ဖြစ်သူ ဦးဇေယျသူရမွန်နှင့် မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးတို့က ရန်ကုန်မြို့ မြန်မာ့အာမခံရုံး၌ ၂၀၁၈ ခုနှစ် မေ ၁၆ ရက် နံနက်ပိုင်းတွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

“ဒီပူးပေါင်းလုပ်ဆောင်မှုဟာ ကျွဲ /နွားအာမခံတွေရဲ့ ဆုံးရှုံးမှုနှင့် စွန့်စားရမှုတွေကို ဖြေရှင်းပေးပြီး ကျွဲ၊ နွားတွေကိုအာမခံ အပေါင်ပစ္စည်းအဖြစ် အသုံးပြုနိုင်ခြင်းဖြင့် ဈေးကွက်ကို ဖွံ့ဖြိုးတိုးတက်ရေး အင်အားစုအဖြစ် အသွင်ပြောင်းပေးမယ့် ငွေကြေးဆိုင်ရာဂေဟစနစ်အဖြစ် ဖန်တီးပေးနိုင်မယ်လို့ Info Corp က ယုံကြည်ပါတယ်” ဟု CEO ဖြစ်သူ Mr. Roy Lai က ပြောကြားခဲ့ပါသည်။

“ဒီနည်းပညာဟာ ကျေးလက်လူထုတွေ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း အသုံးပြုလာနိုင်အောင် လုပ်ဆောင်ပေးမှာဖြစ်လို့ ကျေးလက်လူနေမှုဘဝ တိုးတက်လာတော့မှာ ဖြစ်ပါတယ်”ဟု မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးက ပြောကြားခဲ့ပါသည်။

InfoCorp Technologies သည် ကျွဲ/နွားများကို အာမခံ အပေါင်ပစ္စည်းအဖြစ် လက်ခံအသုံးပြုသော ကမ္ဘာ့ပထမဆုံး platform ဖြစ်သည့် Sentinel Chain မှတစ်ဆင့် နယ်နိမိတ်များ ဖြတ်ကျော်ကာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကို အကောင်အထည်ဖော် လုပ်ဆောင်ပေးနေကြောင်း၊ ထို platform ကို အသုံးပြု၍ ရိုးရိုးငွေကြေးဝန်ဆောင်မှု လုပ်ငန်းများဖြစ်သော ဘဏ်ငွေချေးခြင်း၊ အာမခံလုပ်ငန်း စသည်တို့ကို ဘဏ်လုပ်ငန်းမရှိသော ကျေးလက်လူထုနှင့် ၎င်းတို့၏ အရောင်းအဝယ်လုပ်ငန်း လုပ်ဆောင်ရာတွင် အသုံးပြုနိုင်ကြောင်း သိရပါသည်။

မြန်မာ့စီးပွားရေးသည် ၂၀၁၇-၁၈ တွင် ၆ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်မည်ဟု International Monetary Fund (IMF)မှ ခန့်မှန်းထားကြောင်းနှင့် တိုးတက်မှုမှာ စိုက်ပျိုးရေးနှင့် ပို့ကုန်ကဏ္ဍမှ အများဆုံးရရှိမည်ဖြစ်ကြောင်း သိရပါသည်။ ထို့ကြောင့် စီးပွားရေးတိုးတက်မှုကို နိုင်ငံကျေးလက်လူထုပါဝင်ခံစားနိုင်ရန် ယခုပူးတွဲကြိုးပမ်းမှုက များစွာ အထောက်အပံ့ဖြစ်ပြီး ကျေးလက်လူထု လိုအပ်သော ချေးငွေများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဤနည်းပညာသည် ဘဏ်များအတွက် များစွာ အသုံးဝင်လာမည်ဖြစ်ကြောင်း သိရပါသည်။

“နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးနဲ့ ကျေးလက်ကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးလုပ်ဆောင်နေပါတယ်။ ဤလေ့လာမှုက ကျွဲ၊ နွား တိရစ္ဆာန်တွေနဲ့ ၎င်းတို့ပိုင်ရှင်တွေအတွက် အရေးပါတဲ့ အချက်အလက်တွေ ပြုစုရာမှာ အထောက်အကူများစွာ ရရှိလာမှာဖြစ်ပါတယ်။ တခြားနိုင်ငံတွေမှာ ငွေကြေးဆိုင်ရာ ပါဝင်မှုပြဿနာ ဖြေရှင်းရေးအတွက် အမျိုးမျိုး ကြိုးပမ်းခဲ့ကြတာကို တွေ့မြင်ခဲ့ရပြီး InfoCorp ရဲ့ မှန်ကန်ပြီးထူးခြားတဲ့ နည်းပညာဟာ အောင်မြင်မှုရမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ဒါကြောင့်လည်း ဒီနည်းပညာကို အသုံးချဖို့ InfoCorp နဲ့ပူးပေါင်းပြီး အစိုးရဌာနတွေရဲ့ ပူးပေါင်းလုပ်ဆောင်မှုကို ရယူခဲ့တာပါ” ဟု RGK+Z&A Group ၏ Chairman/Group CEO ဖြစ်သူ ဦးဇေယျသူရမွန်က ပြောကြားခဲ့ပါသည်။

ယခုပူးတွဲလေ့လာမှု၏ လာမည့်သုံးလအတွင်း ရှေ့ပြေးစီမံကိန်းတွင် နေပြည်တော်၊ လယ်ဝေးမြို့နယ်ရှိ နွားများ၏ မွေးမြူရေး အထောက်အထားများစုစည်းခြင်း ပါဝင်သော မိုဘိုင်းလ်အက်ပလီကေးရှင်းကို ပြည်တွင်းနေ အသုံးပြုသူများ လွယ်ကူစွာ အသုံးပြုနိုင်ရေး အဓိကထား အာရုံစိုက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဘာသာပြန်ခြင်းနှင့်အချက်အလက် စုစည်းခြင်းတို့က ကျန်ရှိနေသေးသော အချိန်ကိုလေ့လာမှတ်တမ်းတင်မှုအနေဖြင့် ပုံဖော်မည်ဖြစ်ကြောင်း သိရပါသည်။ ယခုလိုစိတ်ဝင်စားစရာကောင်းသည့် မွေးမြူရေးဆက်စပ်မှတ်ပုံတင်နိုင်ခြင်းကြောင့်အမျိုးမျိုးသော လူမှုကွန်ရက်များမှတစ်ဆင့် ယခုစီမံကိန်းကို ထောက်ခံလျက်ရှိသော ကမ္ဘာတစ်ဝန်းက အသိုင်းအဝိုင်းများအကြား လှုပ်လှုပ်ရှားရှား ဖြစ်လျက်ရှိကြောင်း သိရပါသည်။

## ကြယ်ပြာပန်း

RGK+Z&A Group သည် စင်ကာပူ-မြန်မာအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး စီးပွားရေးလုပ်ငန်းအမျိုးမျိုး လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

RGK+Z&A Group ၏ Chairman/Group CEO ဖြစ်သူ ဦးဇေယျသူရမွန်သည် ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business အစီရင်ခံစာပါ ညွှန်းကိန်းအလိုက် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်မည့် Starting a Business Indicator နှင့် Getting Electricity Indicator အထောက်အကူပြု အဖွဲ့များတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ Ease of Doing Business အဆင့်တိုးတက်ရေးနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဆင်ပြေ လွယ်ကူချောမွေ့စေရေးအတွက် အဓိကတာဝန်ယူ ဆောင်ရွက်နေသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်းလည်း သိရပါသည်။







လိပ်စာ ။ ။ အမှတ် ၄၃၃ ၊ အခန်း ( 8 – C ) ၊ ကုန်သည်လမ်း (သိမ်ဖြူ လမ်းထောင့်) ၊ဗိုလ်တစ်ထောင်မြို့နယ် ၊ ရန်ကုန် ။
( ၃ ) လတစ်ကြိမ် အတန်းသစ်များ ပုံမှန် ဖွင့်လှစ်သည် ။ ဆက်သွယ်ရန် - ၀၉ ၂၅၂ ၄၂၆ ၃၈၈




2018 ကမ္ဘာ့ဖလားပြိုင်ပွဲကို စောင့်မျှော်ကြည့်ရှုရင်း
Aronamin Gold Myanmar Facebook မှ ကျင်းပသော
A.G 2018 World Cup ခန့်မှန်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်
ဖိတ်ခေါ်လိုက်ပါရစေ.....
Multi-Active Vitamin
Korea No.1 Vitamin
ARONAMIN
Gold
30 Tablets
Multi-Active Vitamin
ကျန်းမာခြင်းရဲ့ဟီးရိုး အာရိုနမင်ဂိုးလ်
Hotline : 09 783 85 83 86
AronaminGoldMyanmar


SMT
Sun Myat Tun Construction Group
The Most Valuable Company In Real Estate
မိမိကြိုက်နှစ်သက်သော မြို့နယ်၊
မိမိနေထိုင်လိုသောအခန်းအကျယ်နှင့်
မိမိဝယ်ယူရန် သုံးစွဲလိုသည့်
ငွေပမာဏတို့ကို
လွတ်လပ်စွာ ရွေးချယ်နိုင်ပြီး
နိုင်မာမှုရှိသော ဘဏ် နှင့်
(၅)နှစ် အထိ
အရစ်ကျငွေပေးချေ၍
တိုက်ခန်းများ
ဝယ်ယူနိုင်မည့်
"အခွင့်အရေး"
"Realistic Affordable Housing For
Local young Professional in Myanmar"
SMT
Head Office:
No.(19/21), 45th Street, Lower Block, Botahtaung Township, Yangon.
Email : admin@sunmyattun.com,Tel : 09777700111, 09777700222,, 09777700333

# မြန်မာနိုင်ငံမှ သိုး/ဆိတ်များ ဈေးကွက်ထိုးဖောက်၍ နိုင်ငံတကာသို့တင်ပို့နိုင်ရေး မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သိုး/ဆိတ် မွေးမြူစားသုံးမှုနှင့် တင်ပို့ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား လေ့လာခြင်း

**သိတာကျော်**

**ယခင်တစ်ပတ်မှအဆက်**

ယခုအခါ ပြည်ပဆိတ်မျိုးစိတ်များဖြင့် သားစပ်/သားချခြင်း အစီအစဉ်ဖြင့် အောင်မြင်မှုရရှိခဲ့ပြီး ၎င်းအစီအစဉ်အား ထပ်မံချဲ့ထွင် လုပ်ဆောင်ခြင်းဖြင့် များစွာအောင်မြင်မှု ရရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။ ကနဦး၌ သားစပ်ဆိတ်များ မွေးမြူထုတ်လုပ်နိုင်ရန်နှင့် သန့်စင်သော ဆိတ်မျိုးများရရှိနိုင်စေရန်အတွက် မလေးရှားကျွန်းဆွယ်သို့ ဆိတ်များအား တစ်နှစ်ခန့် အချိန်ယူ၍ တင်သွင်းမှုများ စတင် ပြုလုပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

အသားတိုးဆိတ်များအား တင်သွင်းရာ၌ ဩစတြေးလျနိုင်ငံမှ ဆိတ်ရိုင်းများနှင့် ဆိတ်သိုး (ဆိတ်ထီး) များအား တင်သွင်းခဲ့ပါသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း၌ ဆိတ်မွေးမြူထုတ်လုပ်ရေးကဏ္ဍ တိုးတက်စေရန်အတွက် စီးပွားဖြစ်ဆိတ်များအား စုစုပေါင်း ကောင်ရေ ၆၄၆၅၈ ကောင် တင်သွင်းခဲ့ကြောင်း တွေ့ရှိရပါသည်။ မလေးရှားနိုင်ငံ ဆာဗားပြည်နယ်၌ ၁၉၆၀ ခုနှစ်တွင် ဩစတြေးလျနိုင်ငံမှ Anglo-Nubian (အမွေးတိုတိုနှင့် နားရွက်ဖားသည့် နို့စားဆိတ်) ဆိတ်မျိုးများနှင့် ဒေသဆိတ်မျိုးစိတ်များကို သားစပ်၍ အဆင့်မြှင့်တင်သည့် လုပ်ငန်းများအား စတင်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ်တွင်ဆာဗား ပြည်နယ်၌ ဩစတြေးလျ ဆိတ်ရိုင်းမျိုးစိတ်များအား မွေးမြူရေးဆိတ်များအဖြစ် စတင် မွေးမြူနိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

၂၀၁၀ ခုနှစ်အတွင်း၌ နို့စားဆိတ်များဖြစ်သော(Saanen , Alpine, Toggenberg, Shami )စသော ဆိတ်မျိုးစိတ်များအား မလေးရှားနိုင်ငံ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တင်သွင်းခဲ့ပါသည်။ အဆိုပါဌာနသည် ၂၀၀၉ ခုနှစ်တွင် ဒေသခံ ဆိတ်နို့ ထုတ်လုပ်သူများ၏တွေ့ဆုံ တောင်းဆိုမှုကြောင့် ဩစတြေးလျ ဆိတ်မျိုးများနှင့် နို့စားဆိတ် ကောင်ရေ ၁၁၅ ကောင်အား မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်သို့ စတင် တင်သွင်းခဲ့ပါကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများ အဆင့်မြှင့်တင်နိုင်စေရန်အတွက် ၁၉၈၀ ခန့်မှစ၍ (University of Malaya) မလေးရှားတက္ကသိုလ်မှ ဆိတ်မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဆိတ်နို့နှင့် ဆိတ်သားထုတ်လုပ်နိုင်သည့် ဆိတ်မျိုးနွယ်များဖြစ်သည့် ဂျာမန်ဆိတ်ရိုင်းများနှင့် သားစပ်ချထားသော (Jermasia) ဆိတ်မျိုးများ ကိုမွေးမြူကြရန် မွေးမြူထုတ်လုပ်သူများနှင့် အစိုးရတို့အကြား ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီး ပါဝင်ဆောင်ရွက်လာခဲ့ပါသည်။ မလေးရှားနိုင်ငံ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်း ၎င်းဆိတ်မျိုးများ ထုတ်လုပ် မွေးမြူရေးစင်တာ၌ ထည့်ဝင်မွေးမြူစေခြင်းဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါကြောင်း လေ့လာသိရှိရပါသည်။

လတ်တလောကာလတွင် တောင်အာဖရိက နိုင်ငံရှိ နှစ် ၁၀၀ ခန့် စနစ်တကျ မွေးမြူသားစပ်ထားသော အဆင့်အမြင့်ဆုံး တန်းဝင်ဆိတ်သိုး (ဆိတ်ထီး)များအား မွေးမြူထားရှိနိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် နိုင်ငံပိုင် ဆိတ်သိုး မွေးမြူထုတ်လုပ်ရေးစင်တာ (NBBC- National Boer Breeding Center) ကို တည်ထောင်ခဲ့ပြီး မလေးရှား ဆိတ်မွေးမြူထုတ်လုပ်ရေး စက်မှုဇုန်သို့ ကူးပြောင်းရောက်ရှိစေရန် ကြားခံဆောင်ရွက်ပေးခဲ့ပါသည်။ NBBC စင်တာအနေဖြင့် အရောင်းစင်တာ၊ ဝန်ဆောင်မှုစင်တာတို့ပါဝင်ပြီး ဆိတ်မွေးမြူရေး ခြံငယ်များ၌ ၎င်းတို့၏ သန့်စင်ထားသော ဆိတ်မျိုးကောင်း မျိုးသန့်များနှင့် နည်းပညာပိုင်းဆိုင်ရာများအား ကူညီထောက်ပံ့ပေးပြီးမှ ထပ်ပေါင်း အမြောက်ကိန်း ဆိတ်ခြံကြီးများကို ဖြစ်ပေါ်စေခဲ့ပြီး ဆိတ်သားနှင့် ဆိတ်ထုတ်ကုန်ပစ္စည်းများ၊ လုပ်ငန်းများအား တန်းတူဖြစ်ပေါ်စေခဲ့ပါကြောင်း လေ့လာသိရှိရပါသည်။

NBBC စင်တာ၏ အုပ်ချုပ်မှုအောက်တွင် စီးပွားဖြစ် မွေးမြူထုတ်လုပ်သော လုပ်ငန်းရှင်များအား သားဖောက်ခြင်း လုပ်ငန်းများ၊ သင်တန်းများ တည်ထောင်ပေးခြင်းဖြစ်ပြီး မွေးမြူထုတ်လုပ်သည်မှ ဈေးကွက်သို့ ရောက်ရှိသည်အထိ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းများကိုဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဆိတ်သတင်း အချက်အလက်စင်တာသည် ဆိတ်မွေးမြူထုတ်လုပ်သူများအတွက် မျိုးရိုးဗီဇ ဆန်းသစ်မှု ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စီမံဆောင်ရွက်ရန်အတွက် လုပ်ဆောင်သွားမည့် အစီအမံတစ်ခုဖြစ်ပြီး အရှေ့ကမ်းရိုးတန်း စီးပွားရေးဒေသများအတွက် ဆိတ်မျိုးကောင်း အကောင် ၁၃၀၀ အား မွေးမြူလျက်ရှိကြောင်း လေ့လာ သိရှိရပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အဆုံးအဖြတ်ပေးမည့် စားသုံးသူများ

**နိုင်ဦး (DOCA)**

**ယခင်တစ်ပတ်မှအဆက်**

လူသားများသည် ပင်ကိုယ်သဘာဝအားဖြင့် အတ္တသမားများ ဖြစ်သည်။ လောဘရမ္မက်များလည်းရှိသည်။ ထို အတ္တ၊ လောဘ၊ ရမ္မက်များ၏ သွေးဆောင်မှုကြောင့် နေ့စဉ်ရုန်းကန်လှုပ်ရှားနေကြသည်။ ထိုအတ္တ၊ လောဘ၊ ရမ္မက်များကို ထိန်းချုပ်ရန် ကြိုးစားခြင်းထက် လွတ်လွတ်လပ်လပ် လုပ်ဆောင်စေခြင်းက လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံး အကျိုးစီးပွားနှင့် ကိုယ်ရည်ကိုယ်သွေးများကို အစိုးရက ရယူနိုင်မည်ဖြစ်သည်။

စားသုံးသူများသည် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် အဆုံးအဖြတ်ပေးမည့် သူများဖြစ်ကြောင်း နားလည်ကြသည်။ ထို့ကြောင့်ပင် လူသုံးအိမ်သုံး၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသော လုပ်ငန်းရှင်များသည် သူတို့၏အတ္တ၊ လောဘများအရ မိမိပြိုင်ဘက် အသီးသီးထက် ချိုသာသော ဈေးနှုန်း၊ ကောင်းမွန်သည့် အရည်အသွေး၊ စံနှုန်း ကိုက်ညီစွာ ထုတ်လုပ်၍ ရောင်းချဆောင်ရွက်ပါမှ ပိုမိုရောင်းချ ဆောင်ရွက် နိုင်ကာ ပြိုင်ဘက်များကို အနိုင်ရရှိမည် ဖြစ်သည်ကို လုပ်ငန်းရှင်များနား လည် ကြသည်။

တစ်ဆင့် တက်၍ မိမိပြိုင်ဘက်ကို အနိုင်ယူနိုင်ရန် ကြိုးစားရာ၌ မျက်ကန်းအတ္တ၊ လောဘများနှင့် မဖြစ်နိုင်ပေ၊ ပြိုင်ဘက်များထက် ဈေးနှုန်း၊ အရည်အသွေး သိသိသာသာ အဘက်ဘက်မှ သာလွန်၍ အများအပြား ထုတ်လုပ်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ် အဆင့်တိုင်းတွင် သတိပြုရမည့် အချက်များစွာကိုလည်း သတိပြုရမည် ဖြစ်သည်။ ထုတ်လုပ်မှု၊ ဆောင်ရွက်မှုစရိတ် သက်သာရန် လိုသည်။ အလေအလွင့် နည်းနိုင်သမျှ နည်းရန် လိုသည်။ အလွယ်ကူဆုံးနည်းမှာ ခေတ်မီစက်ကိရိယာများ သုံးစွဲရမည်။ ထိုအခါ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်း အများအပြားကို အချိန်တို အတွင်း အမြောက်အများ ထုတ်လုပ်လာနိုင်မည်။ လုပ်အားခ သက်သာသွားမည်။ အများအပြား ရောင်းချသွားမည်။ အမြတ်အစွန်း များစွာရရှိလာနိုင်မည်။ လုပ်ငန်းများ တိုးချဲ့လာနိုင်မည် ဖြစ်သည်။

စားသုံးသူများကလည်း လုပ်ငန်းရှင် အများအပြားက ဆောင်ရွက်ပေးနေသော ကုန်စည်များ၊ ဝန်ဆောင်မှု အများအပြားအနက် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသော၊ အရည်အသွေး မြင့်မားသော၊ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော၊ ဈေးနှုန်းချိုသာသော ကုန်စည် ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်မည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ စားသုံးမှုအဆင့်အတန်းများ တိုးတက်လာမည်။ ကျန်းမာသက်ရှည်စွာဖြင့် လူ့သက်တမ်းစေ့ နေနိုင်မည် ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းပြည် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာမည်။ နည်းပညာ၊ အတတ်ပညာများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များ ခိုင်မာလာမည်ဖြစ်သည်။

ထိုသို့လွတ်လပ်စွာ ဆောင်ရွက် ခြင်းကြောင့် အစိုးရအတွက် အကျိုး များစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ကုန်သွယ်မှု လုပ်ငန်းများ တိုးတက်လာမည်။ အလုပ်အကိုင် အမျိုးအစား ပေါင်းစုံ တိုးတက်လာမည်။ အခွန်အခများ ပိုမို ရရှိလာမည်။ နိုင်ငံတော်၏ ဘဏ္ဍာငွေများ တိုးတက်ရရှိလာမည်ဖြစ်၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ် များပိုမိုတိုးချဲ့သုံးစွဲလာနိုင်မည်။ လမ်းတံတားများ ကောင်းလာမည်။ ပညာရေး အဆင့်မြင့်လာမည်။ ကျန်းမာရေး ပိုမို ကောင်းမွန်လာမည်ဖြစ်သည်။

ဤတွင် လုပ်ငန်းရှင်များ၏ အတ္တ၊ လောဘကြောင့် ဖြစ်ပေါ်လာသော အချိန်တိုအတွင်း အမြတ်အစွန်း ကြီးမားစွာ ရရှိလိုမှု၊ ကြီးပွားချမ်းသာလိုမှု၊ ပြိုင်ဘက်များကို အလဲထိုး အနိုင်ရယူလိုမှုများကြောင့် လွတ်လပ်စွာ ကုန်သွယ်လုပ်ကိုင်မှုများသည်လူ့အဖွဲ့အစည်းကို ကမောက်ကမများ ဖြစ်သွားလေမလားဟု စီးပွားရေးပညာရှင်များက စိုးရိမ်စိတ်ပွားများကြသည်။ ကိစ္စမရှိပေ၊ စိုးရိမ်စရာ မရှိပေ။ လူတစ်ဦးချင်းစီသည် လုပ်ငန်းရှင်ရော၊ စားသုံးသူများပါ အတ္တလောဘ သမားများ ဖြစ်သည်။ သဘာဝမကျသော နည်းလမ်းကို အသုံးပြု၍ ကုန်စည် ဝန်ဆောင်မှုပြုသူများကို စားသုံးသူက ဖယ်ကြဉ်သွား၍ အခြားလုပ်ငန်းမှ ထုတ်လုပ်ဆောင်ရွက်သော ကုန်စည် ဝန်ဆောင်မှုကို ရယူသုံးစွဲ ဆောင်ရွက်ကြမည်ဖြစ်သည်။

ထိုအခါ လုပ်ငန်းရှင်များသည် မိမိမိလုပ်ကိုင်ဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ရေရှည် ရပ်တည်နိုင်ရေးအတွက် စားသုံးသူ အလိုကျ အရည်အသွေး၊ စံနှုန်းသတ်မှတ်ချက်များ ပြည့်မီရေး၊ ထုတ်လုပ် ဆောင်ရွက်မှုနည်းပညာ လုပ်ငန်းစဉ်များ တိုးတက်ရေးအတွက် ကြိုးစားဆောင် ရွက်၍ စားသုံးသူများ အကြိုက် ဆောင်ရွက်ကြမည်သာ ဖြစ်သည်။

သို့သော် တာဝန်ရှိသူများ၏ ခွဲခြား ဆက်ဆံမှု၊ ဘက်လိုက်မှု၊ မျက်နှာသာပေးမှုများဖြင့် ကြားဝင်ဆောင်ရွက်ပါကမူ သာသူသာ၊ နာသူနာ ဖြစ်ကာ လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်များ ကျဆင်းလာမည်ဖြစ်သည်။ စားသုံးသူများ၏ အခွင့်အရေးများကိုလည်း လျစ်လျူရှုရာ ရောက်မည်ဖြစ်ပြီး သယံဇာတများကို လွဲမှားစွာ ခွဲဝေသုံးစွဲမှုများ ပေါ်ပေါက်လာမည် ဖြစ်သည်။ ထိုမျှမက တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးကိုပါ အဟန့်အတားပြုရာ ရောက်မည်ဖြစ်ကြောင်း လေစစ်ဖဲယားစနစ်၏ ဒဿနအကျဉ်းတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုး တိုးတက်ရန် အခြေခံကောင်းများကို ရရှိ ဆောင်ရွက်နေသည်။ တင်ပို့၊ တင်သွင်းသော ကုန်စည်များ၊ ဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ မျှတသော စီးပွားရေး စနစ်ကိုလည်းချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးကို အဆုံးအဖြတ်ပြုမည့် စားသုံးသူများသည် မိမိတို့၏ စားဝတ်နေရေးနှင့် ပတ်သက်၍နေ့စဉ်ရယူ သုံးစွဲနေရသည့် ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ထုတ်ကုန် လုံခြုံစိတ်ချရမှု ရှိ/မရှိ၊ ဘေးန္တရာယ် ကင်းရှင်းမှု ရှိ/မရှိ၊ သတင်းအချက်အလက်များ ပါ/မပါ သေချာစွာ ကြည့်ရှု မေးမြန်း ဝယ်ယူ သုံးစွဲကြရန် လိုအပ်နေပါပြီ။ လုပ်ငန်းရှင်များကလည်း မိမိလုပ်ကိုင်သော ကုန်စည်ဝန်ဆောင်မှု လုပ်ငန်းများနှင့် ပတ်သက်၍ အရည်အသွေး၊ စံနှုန်း သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ် ဆောင်ရွက်၍ ပြည်တွင်း ဈေးကွက်သာမက နိုင်ငံတကာ ဈေးကွက်အထိ ယှဉ်ပြိုင် ထိုးဖောက်၍ ပြိုင်ဘက်များအား အနိုင်ယူနိုင်ရေး ဆောင်ရွက်လုပ်ကိုင်ကြရန် အချိန်တန်ပြီ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

❑

# မြန်မာ့လယ်ယာထွက်ကုန်များနှင့် တရုတ်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများဖလှယ်ကုန်သွယ်ကြတော့မည်

မောင်လွင်ပြင်

မြန်မာနိုင်ငံထွက် ဆန်၊ သကြား၊ ပြောင်းနှင့် အခြားလယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအား ယူနန်ပြည်နယ်အစိုးရနှင့် ရေးထိုးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။ နားလည်မှုစာချွန်လွှာ (MoU) အပြန်အလှန်ရေးထိုးခြင်းအားဖြင့် ယင်းမြန်မာ့လယ်ယာထွက်ပို့ကုန်များ တင်ပို့ပြီး ယင်းပို့ကုန်များနှင့် ညီမျှသော တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများ ပြန်လည်တင်သွင်းမည်ဟု သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ယင်းသည် နှစ်နိုင်ငံတရားဝင် ကုန်သွယ်ခြင်းဖြစ်၍ ပြည်သူများအတွက် သတင်းကောင်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အတွက်လည်း တရားဝင်ကုန်သွယ်ခြင်းမှ အခွန်ဝင်ငွေတိုးမည်ဖြစ်သည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အစိုးရနှင့် မြန်မာ နိုင်ငံအကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးအတွက် အစိုးရချင်း G to G (Government to Government) နားလည်မှုစာချွန်လွှာရေးထိုးမည့် အစီအစဉ်တွင် ဆန်၊ သကြား၊ ပြောင်း စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်များ၏သဘောထားအမြင်များကို ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ မေ ၂၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ယင်းနားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံဘက်မှ ဆန်၊ သကြား၊ ပြောင်းနှင့် အခြားလယ်ယာထွက်ကုန်များကို တရုတ်နိုင်ငံဘက်သို့ တင်ပို့မည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် ယင်းပို့ကုန်ပစ္စည်းများနှင့် တန်ဖိုးညီမျှသော တရုတ်နိုင်ငံထုတ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် သံနှင့် သံမဏိပစ္စည်းများကို ပြန်လည်တင်သွင်းမည်ဖြစ်သည်။ အဆိုပါ နားလည်မှုစာချွန်လွှာ ရေးထိုးရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က သဘောထားမှတ်ချက်ခံယူခဲ့ပြီး မူကြမ်းပြုစုထားကြောင်းလည်း သိရသည်။

ရေးထိုးမည့် နားလည်မှုစာချွန်လွှာအရ နိုင်ငံတကာကုန်သွယ်မှု သတ်မှတ်ချက်များနှင့် အညီ ရောင်းချသွားမည်ဖြစ်ပြီး ငွေကြေးအသုံးပြုမှုနှင့်ပတ်သက်၍ မကြာမီဘဏ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး သဘောထားမှတ်ချက် တောင်းခံသွားရန် စီစဉ်ထားသည်။ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် အစိုးရ၊ ကူမင်းပြည်သူ့အစိုးရတို့အကြား ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နှစ်နိုင်ငံ G to G လက်မှတ်ရေးထိုးမည့် နားလည်မှုစာချွန်လွှာဖြစ်ကြောင်းလည်း သိရသည်။ ယင်းနားလည်မှုစာချွန်လွှာကို မကြာခင်ကျင်းပတော့မည့် တရုတ်နိုင်ငံ ကူမင်းကုန်စည်ပြပွဲတွင် လက်မှတ်ရေး ထိုးသွားမည်ဟုဆိုသည်။ မေ ၂၄ ရက်က ပြုလုပ်ခဲ့သော ကုန်သည်/စက်မှုအသင်းချုပ် ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဆန်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ၊ ကုန်သည်များနှင့်မူဆယ်၊ မန္တလေးကုန်စည်ဒိုင်များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်က နားလည်မှုစာချွန်လွှာနှင့် ပတ်သက်ပြီး မေလကုန်ပိုင်းတွင် ယခုလိုပြောကြားလာသည်။ “အခုက စာချုပ်ပြင်ဆင်နေတာပေါ့နော်။ စာချုပ်က ဒီဘက်ကလိုအပ်တာတွေ ပြည်တွင်းမှာရှိတဲ့ လုပ်မယ့်သူတွေနဲ့ ချပြဆွေးနွေးတယ်။ ဒီဘက်က ပြင်ဆင်ချင်တာ ဟိုဘက်ကိုပြန်ပို့တယ်။ ဟိုဘက်ကပြင်ချင်တာကိုလည်း ဒီဘက်ကို ပြန်ပို့တယ်။ အဲဒီလိုညှိနေတဲ့အဆင့်ပဲရှိပါသေးတယ်။ ဒါကတော့ သိပ်မကြာပါဘူး။ တစ်လလောက်အတွင်းမှာပြီးသွားမှာပါ ”ဟုပြောကြားသည်။ ထို့ပြင်ဟိုဘက်ဒီဘက် အပြန်အလှန်ကုန်သွယ်မှုပုံစံဖြစ်ကြောင်း၊ မြန်မာနိုင်ငံဘက်ကပို့သည့် ကုန်ပစ္စည်းတန်ဖိုးများကို စာရင်းမှတ်ထားပြီး တရုတ်နိုင်ငံဘက်ကထုတ်လုပ်သည့် မိမိလိုချင်သည့်ပစ္စည်းများကို တန်ဖိုးမှတ်ထားသည်နှင့်ညီမျှအောင် ပြန်တင်သွင်းခြင်းမျိုးဖြစ်ကြောင်းများကိုလည်း ဆက်လက်ပြောကြားထားသည်။ ယင်းကုန်ပစ္စည်းချင်း ဖလှယ်သည့်သဘော နှစ်ဖက်ကုန်သွယ်မှုပြုခြင်းသည် ယခုနှစ်အတွင်း ပေါ်ပေါက်လာတော့မည်ဖြစ်သည်။ ထိုသို့ကုန်သွယ်မှုပြုလျှင် တရုတ်နိုင်ငံထုတ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ၊ လျှပ်စစ်ပစ္စည်းများ အစရှိသည့် ကုန်ပစ္စည်းများအား ပြန်လည်တင်သွင်းရမည်ဖြစ်ရာ ယင်းပစ္စည်းများသည် မြန်မာနိုင်ငံတွင် အမှန်တကယ်လိုအပ်နေသော ပစ္စည်းများလည်းဖြစ်သည်။ ယင်းသို့ကုန်သွယ်မှုမပြုလျှင်လည်း မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်တွင် တရုတ်နိုင်ငံလုပ် စက်ပစ္စည်းကိရိယာများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူတင်သွင်းရမည်ဖြစ်ရာ ယခုကုန်ပစ္စည်းချင်း ဖလှယ်သည့်သဘော နှစ်ဖက်ကုန်သွယ်မှု ပြုကြတော့မည်ဖြစ်၍ ပို၍ပင် အဆင်ပြေသွားမည်ဟု မှတ်ယူမိသည်။ ယင်းသည်အစိုးရချင်း နှစ်ဖက်သဘောတူ ကုန်သွယ်မှုပြုခြင်း၏ အကျိုးကျေးဇူးတစ်ခုဖြစ်သည်ဟု ဆိုရပါမည်။ တစ်ခုတော့ သတိထားညှိနှိုင်းဆောင်ရွက်ဖို့လိုမည်။ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းများ ညှိနှိုင်းရောင်းဝယ်ကုန်ဖလှယ်ရာတွင် အရည်အသွေး မပြည့်မီ၍ဈေးအနှိမ်မခံရရေး မြန်မာဘက်ကအစဉ် ဂရုပြုဆောင်ရွက်ဖို့တော့ လိုပါမည်။ မြန်မာ့လယ်ယာစိုက်ပျိုးရေးထွက်ကုန် အချို့သည် ထုတ်လုပ်မှုလုပ်ငန်းစဉ် မကောင်းခြင်း၊ ထိန်းသိမ်းသိုလှောင်ထုပ်ပိုးမှု စနစ်တကျမရှိခြင်းနှင့် သယ်ယူပို့ဆောင်ရာတွင် စနစ်တိမ်းချော်မှုရှိနေခြင်းတို့ကြောင့် ကုန်ပစ္စည်းအရည်အသွေး လျော့ကျရခြင်းများဖြစ်ပေါ်တတ်သည်။ တစ်ခါတစ်ရံ နည်းပညာနှင့်ပံ့ပိုးပစ္စည်းများကို အပြည့်အဝ ရင်းနှီးမြှုပ်နှံအသုံးမချနိုင်ခြင်းကြောင့်လည်း ပစ္စည်းအရည်အသွေး ညံ့ဖျင်းရခြင်းများလည်း ဖြစ်ပေါ်လေ့ဖြစ်ပေါ်ထရှိသည်။

ထို့ကြောင့် မြန်မာ့လယ်ယာထွက်ကုန်များ အရည်အသွေးပြည့်ပြည့်ဝဝဖြင့် တင်ပို့ကုန်သွယ်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ကုန်သည်များပူးပေါင်းပြီး ဆောင်ရွက်နေကြခြင်းဖြစ်သည်။ အထူးသဖြင့် မြန်မာ့ဆန် အရည်အသွေး မြင့်လာရေး ဆန်စက်များအဆင့်မြှင့်တင်ခြင်း၊ အရည်အသွေး ပြည့်ဆန်များထွက်ရှိ ကြိတ်ခွဲနိုင်ရေးအတွက် ခေတ်မီဆန်စက်ဆိုင်ရာပစ္စည်းများဖြင့် အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်လာကြသည်ကို တွေ့ရှိကြားသိနေရသည်။ သို့သော် ခေတ်မီဆန်စက်များပေါ်ထွက်လာအောင် ဆောင်ရွက်ရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပိုင်းတွင်လည်း အားထည့်ဖို့လိုပါသေးသည်။ ဒေသတွင်းနိုင်ငံများ၏ အရည်အသွေး ပြည့်ဆန်များထွက်ရှိ ထုတ်လုပ်နိုင်အောင် နည်းပညာအကူအညီ၊ စိုက်ပျိုးရေးဆိုင်ရာ မျိုးစေ့ကောင်းရရှိမှု အကူအညီနှင့် ရာသီဥတု ရေခံမြေခံကောင်း အကူအညီ စသည့် အကူအညီများဖြင့် အချိန်ယူဆောင်ရွက်ရလိမ့်မည်ဟု ဆိုကြသည်။

ထိုအတောအတွင်း မြန်မာ့ဆန်ဈေးနှုန်း သက်သာနေသည့်အတွက် ဥရောပသမဂ္ဂ (အီးယူ) က ယခုနှစ်အတွင်း မြန်မာ့ဆန်ဝယ်ယူမှု တစ်ဆခွဲခန့်အထိ မြင့်တက်လာခဲ့ကြောင်း သတင်းတစ်ရပ်ကလည်း ပေါ် ထွက်လာသည်။ ယင်းသည်လည်း မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် သတင်းကောင်းတစ်ရပ်ပင်ဖြစ်သည်။ ဥရောပသမဂ္ဂ၏ GSP အခွန်သက်သာခွင့်အဖြစ် မြန်မာ့ဆန်ဈေးသည်လည်း အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သက်သာနေသည့်အတွက် ဥရောပသမဂ္ဂက ယခုနှစ်အတွင်း မြန်မာနိုင်ငံကဆန်ဝယ်ယူမှု တစ်ဆခွဲခန့်အထိ မြင့်တက်ခဲ့ကြောင်းကို မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးလူမော်မြင့်မောင်က ဇွန်လဆန်းပိုင်းတွင်ပြောကြား ခဲ့သည်။ “အခုလက်ရှိက အီးယူကိုတော်တော်သွားတယ်။ အိမ်နီးချင်းနိုင်ငံတွေ ထိုင်းတို့၊ ကမ္ဘောဒီးယားတို့ရဲ့ ဈေးတွေကမြင့်နေတယ်။ မြင့်နေတဲ့အခါကျတော့ မြန်မာကဘာပဲဖြစ်ဖြစ် သူတို့နဲ့နှိုင်းယှဉ်ရင်ဈေးနှုန်းကသက်သာတယ်။ အရည်အသွေးကလည်း အခြေခံအဆောက်အဦတွေတိုးတက်လာတဲ့အတွက် အရည်အသွေးမြင့်လာတဲ့အခါကျတော့ အီးယူက ဒီနှစ်တော်တော်လေး သိသိသာသာဝယ်လာတယ်။ အရင်က တန်ချိန်နှစ်သိန်းလောက်ပဲသွားတယ်ဆိုရင် အခုဆိုသုံးသိန်း၊ သုံးသိန်းခွဲလောက်ရှိတယ်”ဟု ပြောကြားထားသည်။

အီးယူနိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး(GSP) သည် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ပေးအပ်သည့် ကုန်သွယ်မှုဆိုင်ရာ အကောက်ခွန်သက်သာခွင့်ကို ဆိုလိုခြင်းဖြစ်သည်။ယခုအီးယူနိုင်ငံများက မြန်မာနိုင်ငံသို့ GSP ပေးအပ်ထားဆဲဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ဈေးကွက်အသစ်များတိုးချဲ့ပြီး တင်ပို့ခဲ့ရာ ဆန် တန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့သည်။ ယင်းပမာဏသည် နှစ်ပေါင်း ၅၀ အတွင်း စံချိန် ချိုးခဲ့ခြင်းလည်းဖြစ်သည်။ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်လေးသန်းကျော် တင်ပို့နိုင်လိမ့်မည်ဟုလည်း မျှော်မှန်းထားကြောင်း တင်ပြရေးသားလိုက် ရပါသည်။

**(စာရေးသူ၏အာဘော်သာဖြစ်ပါသည်)**

Commerce ကာတွန်း




## ပုသိမ်မြို့နယ် AIBI Institute သင်တန်းကျောင်းတွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသင်တန်း ဖွင့်လှစ်မည်

ပုသိမ်မြို့၊ စကားဝါလမ်း၊ အမှတ် (၂၂၀၀) AIBI Institute သင်တန်းကျောင်းတွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများနှင့် ဈေးကွက်အခြေအနေများ လေ့လာသုံးသပ်ရေးဆွဲထားသော သင်ရိုးညွှန်းတမ်း Improve Your Business course စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုသင်တန်းကို ဇူလိုင်လ ပထမပတ်တွင် ငါးရက်ကြာ ဖွင့်လှစ်သင်ကြားပေးမှာဖြစ်ကြောင်း အဆိုပါ သင်တန်းကျောင်းမှ သိရသည်။

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ ကုမ္ပဏီများတွင် စီမံခန့်ခွဲမှုပြုလုပ်နေသော မန်နေဂျာများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်သူများအတွက် နိုင်ငံပေါင်း ၉၆ နိုင်ငံတွင် ကျင့်သုံးလျက်ရှိပြီး လုပ်ငန်းတစ်ခု စနစ်တကျတိုးတက်အောင်မြင်ရန် မြန်မာနိုင်ငံရှိ မိမိတို့လုပ်ငန်းမှာ အသုံးချနိုင်ရေးအတွက် Business Management သင်ရိုးညွှန်းတမ်းများမှ Marketing၊ Costing၊ People and productivity၊ Record Keeping၊ Buying and Stock Control၊ Business Plan၊ စသည်တို့ကို International Labour Organization (ILO) certified Trainers များမှ သင်ကြားပေးမှာဖြစ်ပြီး နိုင်ငံတကာတွင် အသိအမှတ်ပြုထားခြင်းခံရသောကြောင့် လုပ်ငန်းအတွက် အထောက်အကူပြုခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအကြား အဆက်အသွယ်များရရှိနိုင်ခြင်း၊ ပြင်ပစာအုပ်ဆိုင်များတွင် ဝယ်ယူ၍မရနိုင်သော ILO ၏ မြန်မာပြည်သင်ရိုးစာအုပ်များ ရရှိနိုင်မှာဖြစ်ကြောင်း၊ လက်ရှိမှာလည်း သင်တန်းသားများ စတင်လက်ခံလျက်ရှိပြီး အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၉-၇၉၄၅၃၆၄၄၀၊ ၀၉-၄၂၂၄၉၆ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သင်တန်းဆရာ ဦးမောင်မောင်ဦးက ပြောပါသည်။ **မင်းမင်းဦး(ပုသိမ်)**

# မေလအတွင်း ဖြစ်ပေါ်ခဲ့သည့် မန္တလေး-လားရှိုး-မူဆယ် ကုန်စည် သယ်ယူခ

၂၀၁၈ မေလအတွင်း မန္တလေး-လားရှိုး-မူဆယ် ကုန်စည်သယ်ယူခနှုန်းထားများမှာ ပြောင်းလဲမှုမရှိဘဲ အပတ်စဉ် ပုံမှန်အတိုင်းရှိနေတာ တွေ့ရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပို့ကုန်ပစ္စည်းများဖြစ်တဲ့ ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်ကုန်၊ သကြား၊ ဖရဲ၊ သရက်၊ နာနတ်၊ ကြက်သွန်၊ နနွင်း ၊ ပရဆေးကုန်ကြမ်း၊ သီဟိုဠ်စေ့၊ ကော်ဖီစေ့နဲ့ လက်ဖက်ခြောက် အစရှိတဲ့ ကုန်ပစ္စည်းများတင်ပို့ပြီး တရုတ်နိုင်ငံမှ ဘိလပ်မြေ၊ ဓာတ်မြေသြဇာ၊ အိမ်ဆောက်ပစ္စည်းများ၊ လူသုံး/အိမ်သုံးပစ္စည်းများ၊ စာရေးကိရိယာများ၊ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ဆေးပစ္စည်းနဲ့ ပလတ်စတစ်ပစ္စည်းမျိုးစုံတို့ကို ပုံမှန်တင်သွင်းလာပါတယ်။ မေလရဲ့ ကုန်စည်သယ်ခ နှုန်းများကို အပတ်စဉ်အလိုက် ဖော်ပြပေးလိုက်ပါတယ်။

(ဝိသာ-ကျပ်)

| ပို့ကုန် | ၅. ၅. ၂၀၁၈ မှ ၁၁. ၅. ၂၀၁၈ ထိ | ၁၂. ၅. ၂၀၁၈ မှ ၁၈. ၅. ၂၀၁၈ ထိ | ၁၉. ၅. ၂၀၁၈ မှ ၂၅. ၅. ၂၀၁၈ ထိ | ၂၆. ၅. ၂၀၁၈ မှ ၁. ၆. ၂၀၁၈ ထိ |
|---|---|---|---|---|
| ပြောင်း | ၆၃ | ၆၃ | ၆၃ | ၆၃ |
| ဆန် | ၆၅ | ၆၅ | ၆၅ | ၆၅ |
| ပဲတီစိမ်း | ၆၃ | ၆၃ | ၆၃ | ၆၃ |
| နှမ်း | ၆၃ | ၆၃ | ၆၃ | ၆၃ |
| ရော်ဘာ | ၆၃ | ၆၃ | ၆၃ | ၆၃ |
| သွင်းကုန် | | | | |
| မြေဆီ | ၂၅-၃၀ | ၂၅-၃၀ | ၂၅-၃၀ | ၂၅-၃၀ |

**မော်မော်အောင်**

# မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု လျာထားချက်ထက်ကျော်လွန်

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တော ကုန်သွယ်ရေးစခန်းသည် ၂၀၁၈ မေလတွင် သွင်းကုန် ဆောင်ရွက်မှုမရှိသော်လည်း ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄၀ သန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ မေလ၏ လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၇၂၅ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုညဒသမ ၀၇၅ သန်း၊ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၈၀၀ သန်းဖြစ်သဖြင့် လျာထားချက်အပေါ် ၁၂၉ ရာခိုင်နှုန်းကျော်အထိ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှု လျာထားချက်ထက် ကျော်လွန်ခဲ့ပါသည်။

ယခင် ဘဏ္ဍာနှစ် ကာလတူနှင့် နှိုင်းယှဉ်လျှင် ပို့ကုန်တွင် အမေရိကန်ဒေါ်လာ သုညဒသမ ၀၃၆ သန်း လျော့နည်းခဲ့ပြီး အနီးစပ်ဆုံးကာလဖြစ်သည့် ၂၀၁၈ ဧပြီနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ သုညဒသ ၀၃၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ဧပြီလ ဆောင်ရွက်မှုထက် ပိုမိုရခြင်းမှာ လယ်ယာထွက်ကုန်နှင့် သစ်တောထွက်ကုန် တင်ပို့မှုတွင် လျော့နည်းခဲ့သော်လည်း ရေထွက်ကုန်ပစ္စည်းနှင့် စက်မှု ကုန်ချောပစ္စည်း တင်ပို့မှုတွင် ပိုမိုတင်ပို့နိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

၂၀၁၈ ဧပြီမှစက်တင်ဘာလအထိ ကုန်သွယ်မှုပမာဏ လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်ဌာနများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ နယ်စပ်ကုန်သည်များအသင်း၊OSS ဌာနများနှင့် ပူးပေါင်းပြီး ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သတင်းရရှိပါသည်။

**မော်မော်အောင်**

# ကျောက်ဆည်ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၄/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးအောင်မြင်စွာကျင်းပ

ကျောက်ဆည်ခရိုင်၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၇ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စားသုံးသူကိုယ်စားလှယ်များ၊ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ စုစုပေါင်း ၂၅ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းမင်းဇော်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးအောင်စိုးမိုးက စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ယခင်အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြခြင်း၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ရေသန့်လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးမှုအခြေအနေများ၊ Mobile တယ်လီဖုန်းအရောင်းဆိုင်များအား ဝန်ဆောင်မှုနှင့်ပတ်သက်၍ ဆက်လက် အသိပညာပေးဟောပြော ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာ (CICC) သို့ လာရောက်တိုင်ကြားမှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လာရောက်တိုင်ကြားမှု ငါးမှုနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ကြားကာလအတွင်းလာရောက် တိုင်ကြားမှု ၁၃ မှု စုစုပေါင်းတိုင်ကြားမှု ၁၈ မှုလာရောက်တိုင်ကြားခဲ့ကြောင်း၊ CICC သို့ တိုင်ကြားမှုများအား ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် အခြေအနေများအား အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီးတက်ရောက်လာသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**နှင်းလဲ့လဲ့(ကျောက်ဆည်)**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅ x ၅၀)ပေ | (ပ) ထပ် | ၆၅၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ အင်း၀လမ်း | (၄၀ x ၆၀)ပေ | | ၃၆၀၀ သိန်း | | ၀၉/၂၅၀၃၇၆၃၇၉ |
| ၃။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၄) လမ်း၊ (၅) လွှာ | (၁၂ x ၅၀)ပေ | BR (၁) ခန်း၊ လျှာထိုး | ၃၀၀ သိန်း | အသင့်နေ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၄။ | တိုက်ခန်း | ကျောက်တံတားမြို့နယ်၊ (၃၈) လမ်း၊ (၅) လွှာ | (၁၃ x ၅၅)ပေ | အခန်းဖွဲ့ | ၄၀၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၅။ | အိမ်/မြေ | ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၀၇) ရပ်ကွက်၊ ဂရုဏာလမ်း | (၄၀ x ၆၀)ပေ | ပျဉ်ထောင်အိမ်ပါ | ၂၈၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၆။ | အိမ်/မြေ | သာကေတမြို့နယ်၊ (၇) ရပ်ကွက် | (၂၀ x ၆၀)ပေ | ပျဉ်ထောင်(၁)လုံးပါ | ၆၃၀ သိန်း | | ၀၉/၉၇၆၂၁၁၁၂၃ |
| ၇။ | အိမ်/မြေ | ဒလမြို့နယ်၊ မြို့လယ်နာရီစင်အနီး | (၄၀ x ၆၀)ပေ | ပျဉ်ထောင်(၁)လုံးပါ | ၁၇၀၀ သိန်း | မြို့လယ်ရပ်ကွက် | ၀၉/၅၁၁၇၂၆၂ |
| ၈။ | အိမ်/မြေ | သန်လျင်မြို့နယ်၊ ထမလုံကျေးရွာ | (၄၀ x ၆၀)ပေ | မြေသီးသန့် | ၄၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ(၄)လမ်း | (၃၀ x ၅၀)ပေ | RC (၁) ထပ် | | လမ်း/ရပ်ကွက် သန့် | ၀၉/၅၁၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဟွန်ဒါဖစ်(၂၀၁၁) | H | ၁၈၀ သိန်း | GP-1/1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ပရာဒို (၁၉၉၈) | E | ၃၃၀ သိန်း | 2.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ပရိုဘောက် (၂၀၁၀) | G | ၁၆၅ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၄။ | အေဒီဗင် (၂၀၀၉) | G | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | စူပါကပ်စတန်(လီမိတက်)(၁၉၉၇) | 8I | ၁၃၅ သိန်း | 1.8 ဒီဇယ်၊ ရန်ကုန် |
| ၆။ | မစ်ဆူဘီရှိ(ကိုလ်တ်) (၂၀၁၀) | L | ၁၆၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟွန်ဒါ/အင်ဆိုဒ် (၂၀၁၁) | ယာယီ | ၂၇၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | မတ်(ခ်)တူး (၂၀၀၄) | F | ၂၅၅ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား ( နှစ် ၂၀ ) | | ၁၁၀ သိန်း | ကားကောင်း |

# ကသာခရိုင်အတွင်း တရားဝင် နွားပွဲဈေးဖွင့်လှစ်

ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယခရိုင် ဦးစီးမှူးနှင့်အဖွဲ့သည် ဇွန်လ ၅ ရက်နေ့တွင် ကသာမြို့၌ ဖွင့်လှစ်ထားသော နွားပွဲဈေးသို့ သွားရောက်၍ နွားပွဲဈေးတာဝန်ရှိသူများအား မေးမြန်းခဲ့ရာ စည်ပင်သာယာရေးကော်မတီ လက်ထောက်ညွှန်ကြားရေးမှူးက ကသာခရိုင်အတွင်းရှိမြို့နယ်များမှ တစ်ပိုင်တစ်နိုင် နွားမွေးမြူသူ ဝင်ငွေနှင့်အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ နွားကုန်သည် ပွဲစားများ၏ ဈေးနှိမ်ခံရခြင်းမှ ကင်းလွတ်စေရန်နှင့် ထိုက်ထိုက်တန်တန် ဈေးရရှိရန်၊ နိုင်ငံတော်အတွက် အခွန်အခ ရရှိစေရန်၊ တရားမဝင် တင်ပို့မှုများအား တရားဝင်လမ်းကြောင်းပေါ် ရောက်ရှိစေရန် ရည်ရွယ်လျက် ကသာမြို့တွင် မေ ၃၁ ရက်မှစ၍ ကသာခရိုင်အတွင်းရှိ ကျွဲ၊ နွားများ ကြိုက်ရောင်းကြိုက်ဝယ် ရောင်းချနိုင်စေရန် စည်ပင်သာယာရေး ကော်မတီမှ ကျွဲ၊ နွားပွဲဈေးအား ကသာမြို့ ရပ်ကွက် ၉ ဝန်ထမ်း အိမ်ရာအနီးတွင် ဖွင့်လှစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ နွားပွဲဈေးတွင် ကသာခရိုင်အတွင်း ကောလင်းမြို့နယ်မှ အများဆုံးလာရောက်ရောင်းချကြောင်း၊ ရောင်းချလာသော ကျွဲ၊ နွားများကို တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စည်ပင်သာယာဦးစီးဌာနတို့မှ ကျွဲ၊ နွားကျန်းမာရေး စစ်ဆေးပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော ကျွဲ၊ နွားများကို ပြည်တွင်း နယ်ကျော် သယ်ဆောင်ခွင့် ပြုလုပ်ပေးခြင်း၊ ကျွဲ၊ နွား ပွဲဈေးအတွင်း အဝင်အထွက် စာရင်းများကို မှတ်ပုံတင်ခြင်းတို့ ဆောင်ရွက်ပေးကြောင်း၊ ကသာမြို့ နွားပွဲဈေးအတွင်း ဝင်ရောက်ပြသ ရောင်းချပါက ဝန်ဆောင်ခ ကျွဲ၊ နွား တစ်ကောင်လျှင် ကျပ် ၂၀၀၀ ထမ်းဆောင်ရပြီး ဇွန် ၅ ရက်တွင် ကျွဲ ၁၀ ကောင်၊ နွား ၄၆ ကောင် ဝင်ရောက်ပြသရာ ကျွဲ၊ နွားအားလုံးအား ဒေသတွင်း သုံးစွဲရန်အတွက် ဝယ်ယူသွားကြောင်း၊ ကျွဲ၊ နွား အပိန်အဝ အပေါ် မူတည်ပြီး တစ်ကောင်လျှင်ကျပ် ၆ သိန်း၊ ကျပ် ၇ သိန်းမှ ကျပ် ၁၀ သိန်း၊ ကျပ် ၁၂ သိန်းအထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရှိရပါတယ်။ ကသာမြို့ ကျွဲ၊ နွား ပွဲဈေးမှာ တစ်လလျှင် ၈ ကြိမ်ရှိခြင်းကြောင့် ကသာခရိုင်အတွင်းမှ တောင်သူများ၊ တစ်ပိုင်တနိုင် မွေးမြူလိုသူများ၊ ပြည်တွင်း ပြည်ပသို့ ကျွဲ၊ နွား တရားဝင် တင်ပို့လိုသူများအနေဖြင့် တရားဝင်လမ်းကြောင်းမှ တင်ပို့နိုင်သည့်အပြင် နိုင်ငံတော် အခွန်ဘဏ္ဍာရရှိပြီး မြို့ရွာဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကျိုးရှိစေနိုင်မှာဖြစ်ကြောင်း ကျွဲ၊နွား ပွဲဈေးကို အပတ်စဉ် အင်္ဂါနှင့် ကြာသပတေးနေ့တိုင်း ဖွင့်လှစ်သွားမှာဖြစ်ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**

# တောင်ကြီးမြို့ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာနတွင် Saturday SME Talk On Support For Value Added Products ကျင်းပပြုလုပ်

ရှမ်းပြည်နယ် တောင်ကြီးမြို့ ကမ္ဘာဇကုန်သွယ်မှုဗဟိုဌာန အစည်းအဝေးခန်းမတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ အရည်အသွေးမြင့်မားသည့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ 'Saturday SME Talk On Support For Value Added Products' ဟောပြောဆွေးနွေးပွဲကို စက်မှုဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်းတို့ ပူးပေါင်း၍ ဇွန်လ ၂ ရက်က ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စံစံက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးမျိုးမင်း( President & CEO PS Business School )က Value Added ထုတ်လုပ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာများ၊ ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရာတွင် ဆောင်ရွက်မည့် အစီအမံများ SME လုပ်ငန်းများ ရေရှည် တည်တံ့ခိုင်မြဲရန်အတွက် ပံ့ပိုးမှုလိုအပ်ပုံများ၊ ဦးငွေထွန်း (Founder, Genius Shan High Lands Coffee ) ကGenius Coffee လုပ်ငန်း စတင် လုပ်ဆောင်ခဲ့သည်မှ နိုင်ငံတကာ ဈေးကွက်များသို့ တင်ပို့နိုင်ရန် ဆောင်ရွက်ခဲ့မှုများ၊ ထုတ်လုပ်သူနှင့် စားသုံးသူအကြား တိုက်ရိုက်ချိတ်ဆက်နိုင်ပါက အကျိုးရှိပုံများကို လည်းကောင်း၊ ဦးအောင် ( U Aung Aung Industrial Enterprises ) က မန္တလေး စက်မှုဇုန်မှ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များအတွက် တန်ဖိုးမြင့် စက်ပစ္စည်းများ ထုတ်လုပ်ပေးနေမှုများနှင့် SME လုပ်ငန်းရှင်များအတွက် စက်ပစ္စည်းများ အရစ်ကျ ပြန်လည် ခုနှိမ်ပြီး ရောင်းချပေးနေမှုများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများအား သိရှိလိုသည်များကိုလည်း ပြန်လည်ဆွေးနွေးပေးခဲ့တယ်လို့ သိရပါတယ်။ အဆိုပါ ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ အသီးသီးနှင့် SME လုပ်ငန်းရှင် ၁၀၀ ဦးခန့်တက်ရောက်ခဲ့ကြတယ်လို့ သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

# (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးပြင်ဆင် ပြည်တွင်းရတနာကုန်သည်များ ပြပွဲတက်ရောက်ခွင့် ဆောင်ရွက်ပေးမည်

သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကိုနေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပပြုလုပ်မည် ဖြစ်သည်။

ကျောက်မျက် ရတနာပြပွဲ သို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက် ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ခွင့်ပြုမိန့်နှင့်လိုင်စင် ရယူထားသူများ ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။ ကျောက်မျက်ရတနာပြပွဲသို့တက်ရောက် ဝယ်ယူလိုသော နိုင်ငံသား ရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးများပေးသွင်းရမည်ဖြစ်ပြီး မန္တလေး၊ မိုးကုတ်မြို့များတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းနှင့်ပူးပေါင်း၍ ပြည်တွင်း ကျောက်မျက်ရတနာ ကုန်သည်များ ပြပွဲတက်ရောက်ဝယ်ယူခွင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှု နှစ် ၇၀ ပြည့်အထိမ်းအမှတ်အတွက် ပွဲတော်များ ကျင်းပမည်

၂၀၁၈ ခုနှစ်သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုနှစ် (၇၀) ပြည့်မြောက်သော နှစ်ဖြစ်သဖြင့် ချစ်ကြည်ရင်းနှီးမှု ရေရှည်ခိုင်မာတည်တံ့ရန်အတွက် ပွဲတော်များကျင်းပပြုလုပ်မည်ဖြစ်ကြောင်းကို ဇွန် ၅ ရက်က Royal Thai Embassy, Yangon တွင် ကျင်းပခဲ့သော Press Conference on the Celebration of the 70th Anniversary of the Establishment of Thailand – Myanmar Diplomatic Relations ပွဲတွင် ထုတ်ပြန်ခဲ့သည်။





အဆိုပါထုတ်ပြန်ချက်အရ Colours of Friendship: Thailand and Myanmar Art Exhibition ပွဲကို ဇွန်လ ၇ ရက်မှ ၁၄ ရက်အထိ ရန်ကုန်အမျိုးသားပြတိုက်တွင် ပြုလုပ်မည်ဖြစ်ပြီး Khon: Masked Dance Performance of Thailand ပွဲကို ဇွန် ၁၉ ရက်၌ ရန်ကုန်မြို့ရှိအမျိုးသားဇာတ်ရုံတွင်လည်းကောင်း၊ ဇွန် ၂၁ ရက်၌ နေပြည်တော်ရှိ MICC II တွင်လည်းကောင်း၊ ဇွန် ၂၃ ရက်၌ မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံတွင် လည်းကောင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် Thai Film Festival ပွဲကို ဇူလိုင် ၆ ရက်မှ ၈ ရက်အထိ JCGV Junction City တွင်လည်းကောင်း၊ Thai Food Week ပွဲကို ဇူလိုင် ၉ ရက်မှ ၁၃ ရက်အထိ Novotel Yangon Max တွင် လည်းကောင်း ကျင်းပပြုလုပ်မည်ဖြစ်ပြီး အသေးစိတ် သိရှိလိုပါက Royal Thai Embassy, Yangon ၏ Facebook Page ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သတင်းရရှိပါသည်။

**ခင်လေးယု**

# မန္တလေးတွင် ကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၇)ဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ် (၇)ကို ဇွန် ၁ ရက်က ပို့ကုန်သွင်းကုန်ရုံး(မန္တလေး) တွင် ဖွင့်လှစ်ခဲ့ပါသည်။

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှု ပညာပေးရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်က သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါသင်တန်းကို နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပါသည်။

သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ ဥပဒေ၊ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်းအရည်အသွေးဆိုင်ရာ လုပ်ငန်းများ၊ အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးဆိုင်ရာ လုပ်ငန်းများ၊ စားသုံးသူ အကာအကွယ်ပေးရေး စည်းမျဉ်း စည်းကမ်းများ၊ ပြည်တွင်းအခွန် ဥပဒေများ၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများကို ဌာနဆိုင်ရာပညာရှင်များက ဆွေးနွေးပို့ချပေးသွားမှာဖြစ်ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ၊ ညီနောင် အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သင်တန်းသား/သူ စုစုပေါင်း ၇၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**KTDA (DOT)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| (၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) | ဖုန်း-၀၁ ၂၅၄၀၂၄ | ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ | အီးမေးလ်- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၁-၆-၂၀၁၈ မှ ၁၇-၆-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**

**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် အစုရှယ်ယာနှင့်ပတ်သက်၍ စကားပြောရတတ်ပြီး မိမိပိုင်လုပ်ငန်း ပိုမိုအကျိုးခံစားခွင့်ရှိပါသည်။ လယ်ယာထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်ပြီး အကျိုးပေးအားကောင်းလိမ့်မည်။ ပညာရေးထူးချွန်မှုရှိနေတတ်ပါသည်။ အချစ်ရေးတွင်ပင်ကိုယ်သဘာများနှင့်အညီရှိနေမည်။ အိမ်ထောင်ရေးသာယာမှုရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် သွေးစုနာပေါက်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းတို့ကြောင့်ရောဂါဝေဒနာခံစားရမှုရှိလိမ့်မည်။

**ယတြာ။ ။သစ်တော်သီးကိုခွဲစိပ်၍လှူဒါန်းပါ။**



**တနင်္လာသားသမီးများအတွက်** အမျိုးမျိုးသောအလုပ်ကိုင်အမှုအခင်းများအတွက် ပူပင်သောကရောက်တတ်သည်။ စီးပွားရေးတွင် အဖြူရောင် ဓာတ်သတ္တုများနှင့်ပတ်သက်၍ ဝင်ငွေရရှိလိမ့်မည်။ ဉာဏ်ရည်ထက်မြက်မှုအားကောင်းသောကြောင့် ပညာရေးကံကောင်းတတ်ပါသည်။ အချစ်ရေးတွင် မိမိတစ်ဖက်သတ်အချစ်မျိုးဖြစ်နေတတ်သည်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်နှင့်ဝေးကွာနေလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ရေကြောင့်ဖြစ်သောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။အုန်းခြစ်ဖျော်ရည်လှူပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်နှစ်မျိုးသုံးမျိုးလုပ်ကိုင်နေရပြီး လုပ်ငန်းခွင်ပင်ပန်းမှုများနေတတ်သည်။ ဘာသာရေးဆိုင်ရာလုပ်ငန်းများဖြစ်သော သက်န်းချုပ်ခြင်း၊ သက်န်းဆိုင်ဖွင့်ခြင်း၊ ပရိက္ခရာအမျိုးမျိုးရောင်းချခြင်းတို့မှ ဝင်ငွေအားကောင်းလိမ့်မည်။ ပညာရေးကောင်းနေတတ်ပါသည်။ အချစ်ရေးတွင်အဆင်ပြေနေမည်။ အိမ်ထောင်ရှိသူများအနေဖြင့် စီးပွားရေးလုံးပန်းနေရတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် သွေး၊ လေချုပ်သောဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ဆီထမင်းလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းအပြောင်းအလဲအတက်အကျရှိနေလိမ့်မည်။ အနုပညာလုပ်ငန်းများဖြစ်သော ဆေးရေးပန်းချီလုပ်ငန်း၊ စာပေလင်္ကာ၊ ကဗျာများနှင့်ပတ်သက်သည့် စာရေးဆရာလုပ်ငန်းများ အားကောင်းနေတတ်ပါသည်။ ပညာရေးတွင် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုကောင်းနေမည်။ အချစ်ရေးတွင် စိတ်တိုင်းကျမှုရှိပြီး ပျော်ရွှင်နေရတတ်သည်။ ကျန်းမာရေးအနေဖြင့် အအေးပတ်သော ဝေဒနာခံစားနေရတတ်ပါသည်။ **ယတြာ။ ။ယာဂုဆွမ်းကပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ငန်းတာဝန်များပြားမှုရှိနေလိမ့်မည်။ ပြည်ပဆက်ဆံရေးလုပ်ငန်းများ ပိုမိုကျယ်ပြန့်နေတတ်ပါသည်။ စီးပွားကုန်သွယ်မှုလုပ်ငန်းများတွင် မင်းအစိုးရ၏ထောက်ပံ့ကူညီအားပေးမှုခံရမည်။ ဝင်ငွေကောင်းနေမည့် အချိန်ပိုင်းကာလဖြစ်နေတတ်ပါသည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင် စိတ်ဝင်စားမှုမရှိဖြစ်နေမည်။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ဓာတ်ကြီးလေးပါးမညီမျှမှုဝေဒနာခံစားနေရတတ်သည်။

**ယတြာ။ ။စာကလေးများလွှတ်ပေးပါ။**



**သောကြာသားသမီးများအတွက်** အနုပညာလုပ်ငန်းတွင် ယှဉ်ပြိုင်တိုက်ခိုက်မှုများရှိနေသော်လည်း ကြံ့ကြံ့ခိုင်ခိုင်ခံနိုင်ရည်အပြည့်ရှိနေမည်။ ရတနာပစ္စည်းများရောင်းဝယ်ခြင်း၊ အကျိုးဆောင်လုပ်ငန်းလုပ်ကိုင်ခြင်းတို့ အဆင်ပြေအောင်မြင်မှုရရှိမည်ဖြစ်ပါသည်။ ပညာရေးကံကောင်းနေမည်။ အချစ်ရေးတွင်ချစ်ဦးသူနှင့်လွဲကိန်းရှိနေသည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် သွေးတိုး၊ သွေးချို၊ ဆီးချိုတက်ခြင်းတို့ရှိနေတတ်ပါသည်။ **ယတြာ။ ။ကြာဆံချက်လှူပါ။**



**စနေသားသမီးများအတွက်** စီးပွားရေး လုပ်ငန်းတွင် တိုးချဲ့လုပ်ကိုင်နိုင်သော အရည်အချင်းကောင်းတို့ရှိနေတတ်ပါသည်။ လမ်းတံတားလုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်းများအကျိုးဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ ပညာရေးကြိုးစားနေရမည်။ အချစ်ရေးတွင် မျှော်လင့်ထားသူနှင့်လွဲရတတ်သည်။ အိမ်ထောင်ရေးကံကောင်းမည်။ ကျန်းမာရေးအနေဖြင့် သွေး၊ ကြော၊ လေကြောပိတ်ဆို့မှုဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။နို့လှူပါ။**

# တောင်ကြီးမြို့ မြို့တော်ခန်းမတွင် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အခမ်းအနားကျင်းပ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ မြို့တော်ခန်းမတွင်ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကိုဇွန် ၅ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ဘဏ္ဍာရေး ဝန်ကြီး ဦးစိုင်းရှုန် တစ်လုံ၊ ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ ပြည်နယ်တရားရုံး တရားသူကြီးချုပ် ဦးကြွယ်ကြွယ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ Green School ဆုရကျောင်းများမှ ကျောင်းဆရာကြီး /ဆရာမကြီးများ၊ စွန့်ပစ်ပစ္စည်းမှ အိမ်တွင်းလက်မှုလုပ်ငန်းဆုရကျောင်းသား/ကျောင်းသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာစီစာကုံးဆုရ ကျောင်းသား/ကျောင်းသူများ၊ NGO အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး စိတ်ပါဝင်စားသူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြပါတယ်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးများက အခြေခံပညာအထက်တန်း၊ အလယ်တန်းမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စာစီစာကုံးဆုရ ကျောင်းသား/ကျောင်းသူများ၊ Green School ဆုရကျောင်းများ၊ စွန့်ပစ်ပစ္စည်းမှ အိမ်တွင်းလက်မှု လုပ်ငန်းပြုလုပ်ခြင်းဆုရ ကျောင်းသား/ကျောင်းသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့တယ်လို့ သိရပါတယ်။ အခမ်းအနားအပြီးတွင် ဆုရရှိသူများနှင့်အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြပြီး ပြသထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး နမူနာပစ္စည်းများ၊ ကာတွန်း၊ ပန်းချီနှင့် ဆုရစာစီစာကုံးများကို ကြည့်ရှုအားပေးခဲ့တယ်လို့ သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

# ရှမ်းတောင်သရက်ရာသီ သရက်အစုအဖွဲ့၏ လှုပ်ရှားမှုများ

ရှမ်းတောင် သရက်အစုအဖွဲ့သည် မြို့နယ်အလိုက် တာဝန် ရှိသူများနှင့်သရက်ရာသီတွင် ဈေးကွက်တင်ပို့နိုင်ရေး၊ ရှေ့လုပ်ငန်း စဉ်များနှင့် ဆောင်ရွက်မည့် အစီအစဉ်များအား ဇွန်အလိုက် သရက်စိုက်ပျိုးသူများနှင့်ဇွန် ၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဦးမြင့်ဦး (ပြည်နယ်သရက် အစုအဖွဲ့ ဥက္ကဋ္ဌ)က ရှမ်း(တောင်)အနေဖြင့် ယခုနှစ် သရက်ရာသီတွင် ယခင်နှစ်ကထက် သီတင်းပတ် နှစ်ပတ်နောက်ကျ၍ ထွက်ရှိနိုင်ကြောင်း၊ ဈေးကွက်သို့ အလွတ်သီး (အိတ်မစွပ်) သီးများသာ ဒေသတွင်း ရောင်းချနေကြောင်း၊ ရှမ်း(တောင်)မှ သရက်သီးများအား မူဆယ်မှတစ်ဆင့် တရုတ် ဈေးကွက်သို့ တင်ပို့ကြောင်း၊ ဈေးကွက်သို့မတင်ပို့မီ ကြိုတင်ပြင်ဆင်ခြင်းအနေဖြင့် အသီးအရွယ်အစား ရွေးချယ်ခြင်း၊ အသီးအရည်အသွေး၊ အနာအဆာများ စစ်ဆေးခြင်း၊ တင်ပို့ရာတွင်လည်း အသီးများအား အရွယ်အစား၊ အရည်အသွေးအလိုက် (A,B, C) အဆင့်ခွဲ၍ တင်ပို့ရောင်းချခြင်းတို့ကြောင့် ရှမ်း(တောင်)သရက်မှာ ဈေးပိုရကြောင်း၊ ယခုအချိန်မှာ ရှမ်း(တောင်) သရက်ရာသီချိန်ဖြစ်ခြင်းကြောင့် ခြံပြတ် ဝယ်ယူသော ပွဲစားများလည်း ရှိနေကြောင်း၊ သို့သော် ပွဲစားများမှာ အသီးခူးဆွတ်မှု၊ ထုပ်ပိုးမှု၊ သယ်ယူမှုများအား စနစ်တကျ လုပ်ဆောင်ခြင်း အားနည်းသည့်အတွက် သရက်သီး အရည်အသွေး ထိခိုက်နိုင်ပြီး သရက်ဈေးကွက်အတွက်ပါ စိုးရိမ်ရကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် ဦးစိုးသန်း (ပြည်နယ် သရက်အစုအဖွဲ့ အတွင်းရေးမှူး)မှလည်း ၎င်းခြံမှ ထွက်ရှိသော စိန်တလုံး သရက်သီးများကို EU သို့တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ သက်ဆိုင်ရာ Certificates များ ရရှိပါက သရက်သီးနမူနာများ ပေးပို့နိုင်မည်ဖြစ်ပြီး ဈေးကွက် ရရှိရန် ကြိုးစားဆောင်ရွက်နေကြောင်း ပြောကြားပါသည်။

ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် တောင်ကြီးမြို့ အေးသာယာစက်မှုဇုန်တွင် ဦးစိုးသန်း (ပြည်နယ် သရက်အစုအဖွဲ့အတွင်းရေးမှူး )က တရုတ်နိုင်ငံမှ လုပ်ငန်းရှင်နှင့်ပူးပေါင်း၍ Packing House တည်ဆောက်မည်ဖြစ်ကြောင်း၊ ရပ်စောက်မြို့နယ်တွင် Packing House တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော မြေ ၃ ဧကမှ ၅ ဧကကိုလည်း ရပ်စောက် သရက်အစုအဖွဲ့မှ အဖွဲ့ဝင်များ စုပေါင်းရှယ်ယာလုပ်ပြီး ဝယ်ယူမည်ဖြစ်ကြောင်းနှင့် အရှေ့မြောက်တံခါးကုမ္ပဏီမှ ပူးပေါင်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်းနှင့် Packing House အတွက် ရပ်စောက် သရက်အစုအဖွဲ့မှ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။ အလားတူ ဦးစိုးသန်း( ပြည်နယ် သရက်အစုအဖွဲ့ အတွင်းရေးမှူး )က YOMA Bank နှင့်ပူးပေါင်းကာ လာမည့် ရာသီတွင် ရှမ်း(တောင်)သရက်အစုအဖွဲ့အတွက် ကာလတို ချေးငွေများ ပေးနိုင်ရေး၊ သွင်းအားစုကုမ္ပဏီများနှင့် ချိတ်ဆက်ပြီးလိုအပ်သည့် သွင်းအားစုများ ရရှိဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသီးသီး ဆွေးနွေးခဲ့ကြကြောင်း သိရပါသည်။

**သန်းတိုး(တောင်ကြီး)**

စာမျက်နှာ (၈) ၂၀၁၈ ဘဏ္ဍာနှစ်(၂)လအတွင်း ကုန်သွယ်မှုပမာဏ…… မှအဆက်

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး၏ နိုင်ငံခြားခရီးစဉ်များတွင်လည်း နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပိုမိုတိုးတက်အောင် ပူးပေါင်း ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့်မို့ မြန်မာနိုင်ငံရှိ ကုမ္ပဏီလုပ်ငန်းရှင်များအပါအဝင် စိုက်ပျိုးထုတ်လုပ်သူများပါမကျန် ပြည်သူပြည်သားအားလုံးက ရှိပြီးသား ဈေးကွက်မပျောက်ပျက်စေရေး၊ ဈေးကွက်အသစ်ထပ်မံရှာဖွေနိုင်ရေး၊ အမယ်သစ်များတိုးချဲ့တင်ပို့နိုင်ရေး၊ ရှိပြီးအမယ်များ အဆင့်မြှင့်တင်ပို့နိုင်ရေး၊ နိုင်ငံအတွင်းသို့ အရည်အသွေးကောင်းမွန်မှန်ကန်သော ပစ္စည်းများ တင်သွင်းနိုင်ရေး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သို့မှသာ ကုန်သွယ်မှုမြင့်မားတိုးတက်ခြင်းမှသည် စီးပွားရေး အခွင့်အလမ်းကောင်းများရရှိနိုင်မှာ ဖြစ်သည့်အတွက် ကုန်သွယ်မှုကဏ္ဍနှင့် သက်ဆိုင်သူ အလွှာအသီးသီးမှ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။

လက်ရှိ၂၀၁၈ ဘဏ္ဍာနှစ်ဟာ ကာလတိုခြောက်လဘဏ္ဍာနှစ်ဖြစ်ပါတယ်။ သို့ဖြစ်၍ ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်သွယ်မှုပမာဏ မြင့်မားရေးတို့အတွက် ကာလတိုအတွင်း အရှိန်အဟုန်နဲ့ ဆောင်ရွက်ဖို့ လိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံ၏ကုန်သွယ်စီးပွား ဖွံ့ဖြိုးတိုးတက်မှုမှ နိုင်ငံတော်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန်အတွက် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များမှ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ထုတ်ရေးသားတင်ပြအပ်ပါတယ်။

❑

# အီတလီနိုင်ငံ ABB လိုင်စင်နှင့် ထုတ်လုပ်ထားသည့် Switchgear Type စက်သစ်တစ်လုံးကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ Training Center သို့ လှူဒါန်း




လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိသည့် Training Center ကို Asia General Electronic Co.,Ltd မှ Medium Voltage Switchgear Type Unisafe တစ်လုံးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါစက်ပစ္စည်းမှာ အီတလီနိုင်ငံ ABB လိုင်စင်နှင့် ထုတ်လုပ်ထားခြင်းဖြစ်ပြီး ထရန်စဖော်မာနှင့် တွဲသုံးရသည့် စက်ပစ္စည်းမျိုးဖြစ်ကြောင်း သိရသည်။

AGE Co.,Ltd အနေဖြင့် အီတလီလိုင်စင်ရ ထုတ်ကုန်အသစ်နှစ်မျိုးဖြစ်သည့် medium voltage switchgear type unisafe နှင့် low voltage switchgear type pro E power တို့ကို မိတ်ဆက်ခဲ့ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်အတွက်လည်း လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကုမ္ပဏီက ABB လိုင်စင်ကိုရရှိခဲ့ပြီး ပစ္စည်းသစ်တွေကို မိတ်ဆက်နိုင်ခဲ့တဲ့အတွက်ကြောင့် အခုလို လှူဒါန်းပေးတာပါ။ အခုလို ABB လိုင်စင်ရရှိခဲ့တဲ့အတွက် ABB ရဲ့ လမ်းညွှန်မှုနဲ့ ဒီဇိုင်းတွေ နည်းပညာတွေကို သုံးပြီး နိုင်ငံတကာစံချိန်စံညွှန်းနဲ့ညီတဲ့ ထုတ်ကုန်တွေကို ပြည်တွင်းမှာ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလို ထုတ်လုပ်နိုင်ခဲ့တဲ့အတွက်ကြောင့် Import တင်သွင်းတဲ့ကိစ္စတွေမှာ လျော့နည်းသက်သာစေပြီး နိုင်ငံတော်ရဲ့ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်နိုင်မှာပါ။ နောက်ပြီး နိုင်ငံတကာဈေးကွက်ကိုလည်း ကမ္ဘာ့အဆင့်အတန်းမီ Export ကွာလတီရှိတဲ့ ပစ္စည်းတွေနဲ့ ထိုးဖောက်နိုင်တော့မှာပါ"ဟု Asia General Electronic Co.,Ltd မှ ဦးခင်မောင်မြတ်က ပြောသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ၂၀၀၈ ခုနှစ်ထဲက စတင်တည်ထောင်ကာ medium/low voltage switchgear pannel များကို ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# ချစ်သူစုံတွဲများနှင့် မင်္ဂလာမောင်နှံများအတွက် Eternal Flame Of Love ပွဲ ကျင်းပမည်

ချစ်သူစုံတွဲများနှင့် မင်္ဂလာပွဲ စီစဉ်နေသော မောင်နှံများအတွက် Eternal Flame Of Love (Wedding Day 2018) ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Eternal Flame Of Love ပွဲကို ယခင်ကတည်းက ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါ Theme ကိုပြည်တွင်းသို့ ယူဆောင်လာလိုသည့်အတွက် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"ဒီပွဲက Marry ဝက်ဘ်ဆိုဒ်အနေနဲ့ ပထမဆုံး စလုပ်တာပါ။ ဒါပေမယ့် Marry က လက်ထပ်မယ့်စုံတွဲတွေကို ဆားစစ်ပေးတာမဟုတ်ပါဘူး။ Marry ဝက်ဘ်မှာက လက်ထပ်ခြင်းနဲ့ပတ်သက်တာကို ရေးသားဖော်ပြပေးနေသလို မင်္ဂလာမောင်နှံတွေ လိုအပ်တာကို ရှာလို့ရမယ်၊ ကုန်ကျစရိတ်တွေကိုလည်း တွက်ချက်နိုင်မယ်။ အဲဒါကြောင့် မြန်မာနိုင်ငံကို ယူလာချင်လို့ မနှစ်ကတည်းက စီစဉ်နေပေမယ့် ဒီနှစ်မှ လုပ်ဖြစ်သွားတာပါ။ ဒီပွဲက မင်္ဂလာပွဲ စီစဉ်မယ့်သူတွေတင်မကဘဲ မင်္ဂလာပွဲ စီစဉ်ထားတဲ့သူတွေပါ လာသင့်တဲ့ပွဲပါ။ လာတဲ့သူတွေ ပွဲကိုကြည့်ပြီးပြန်သွားတာမျိုး မဖြစ်စေရဘဲနဲ့ စိတ်ကျေနပ်အောင်၊ မင်္ဂလာဝတ်စုံဝတ်ပြီး အခမဲ့ ဓာတ်ပုံရိုက်ကူးနိုင်အောင် စီစဉ်ထားပါတယ်။ ဖြစ်နိုင်ရင်လည်း ပွဲကိုစုံတွဲတက်ပေးစေချင်ပါတယ်"ဟု Marry Network မှ Event Manager မဇာခြည်က ပြောသည်။

Eternal Flame Of Love ပွဲကြီးကို ဇွန်လ ၂၃ ရက်နှင့် ၂၄ ရက်တွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပမည်ဖြစ်ပြီး ပွဲသို့လာရောက်သူများအတွက် မင်္ဂလာဝတ်စုံဝတ်ဆင်၍ အခမဲ့ PreWedding ဓာတ်ပုံရိုက်နိုင်မည့် အခွင့်အရေးများ Discount များနှင့် Package များကို လုပ်ဆောင်ထားကြောင်း သိရသည်။

ထို့အပြင် Lucky Draw အနေဖြင့် ရွှေလက်စွပ်နှစ်စုံကို တစ်ရက်စီ မဲဖောက်ပေးမည်ဖြစ်ပြီး Digital Lucky Draw System ဖြစ်သောကြောင့် marry.com.mm တွင် Register လုပ်၍ပါဝင်ကံစမ်းနိုင်ကြောင်း သိရသည်။ ■

# ကလေးများအတွက် အသိပညာပေး ဆွေးနွေးပွဲများကို Lactogen 3 မှ မြို့ကြီး ၅ မြို့တွင် ကျင်းပ

ကလေးများ ကျန်းမာပျော်ရွှင်စေရန်နှင့် အသိပညာဖွံ့ဖြိုးစေရန် အသိပညာပေးဆွေးနွေးပွဲများကို မြန်မာနိုင်ငံ၏ မြို့ကြီးငါးမြို့တွင် ကျင်းပခဲ့သည်။

အဆိုပါပွဲကို Lactogen 3 Grow Happy Campaign နှင့်အတူ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ရန်ကုန်နှင့် မုံရွာမြို့များရှိ ကုန်တိုက်ကြီးများတွင် မိဘများနှင့် ကလေးငယ်များကိုတွေ့ဆုံကာ ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုများကို လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

"ကလေးတွေရဲ့ ပျော်ရွှင်မှုက သူတို့အပေါ် ဘယ်လောက်သက်ရောက်မှု ရှိသလဲဆိုတာ အခမဲ့ဆွေးနွေးပေးတာပါ။ နောက်ပြီး သူတို့တွေရဲ့စိတ်ဝင်စားမှုနဲ့ Talent ကို ဘယ်လောက်အထိ မြှင့်တင်ပေးနိုင်မလဲဆိုတာတွေ၊ ကြီးထွားမှုဆိုင်ရာ အချက်အလက်တွေနဲ့ အာဟာရဆိုင်ရာ အချက်အလက်တွေကို ဆွေးနွေးပေးတာပါ' ဟု Lactogen 3 မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပွဲတွင် ကလေးငယ်များ ဖွံ့ဖြိုးကြီးထွားစေရန်၊ ဝမ်းဗိုက်မအီမသာ ဖြစ်ခြင်း၊ ဝမ်းချုပ်ခြင်းတို့မှ ကာကွယ်နိုင်စေရန်၊ ကလေးငယ်အဝိုနည်းစေရန်နှင့် ကယ်လ်စီယမ်ဓာတ်ကြွယ်ဝသည့် အစားအစာများအကြောင်း အသိပညာပေးခြင်းများကိုလည်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

# ရသာမုန့် Yum Yum ၏ ကား ကံစမ်းမဲအတွက် ကံထူးရှင်များကို အငှမအကြိမ်မြောက် ထပ်မံရွေးချယ်

ရသာမုန့် Yum Yum ၏ ကျန်ရှိနေသည့် ကားကံစမ်းမဲအတွက် ကံထူးရှင်ရွေးချယ်ပွဲကို ရန်ကုန်မြို့ရှိ Park Royal Hotel တွင် ဇွန်လ ၇ ရက်က ကျင်းပခဲ့သည်။

Yum Yum မှ စားသုံးသူများအတွက် ကားရှစ်စီးမဲဖောက်ရန် စီစဉ်ခဲ့ပြီး လက်ရှိအချိန်အထိ ကား ၆ စီးသာ မဲ ပေါက်သေးကြောင်း၊ ထို့အပြင် ပြီးခဲ့သည့်ဧပြီလကုန်တွင် နောက်ဆုံးရွေးချယ်ခဲ့သည့် ပေါက်မဲနံပါတ်များမှာ လာရောက်ထုတ်ယူခြင်းမရှိသည့်အတွက် ထပ်မံရွေးချယ်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

"Yum Yum ရဲ့ ကံစမ်းမဲကို ပြီးခဲ့တဲ့နှစ် နိုဝင်ဘာမှာစခဲ့ပြီး ဧပြီလမှာ ပြီးဆုံးရမှာဆိုပေမယ့် ကြားထဲကပေါက်မဲနံပါတ်တွေကို လာရောက်ထုတ်ယူခြင်းမရှိတဲ့အတွက် ကံစမ်းမဲကိုဒီနေ့အထိ ဖောက်ပေးနေတာပါ။ စားသုံးသူတွေ လက်ထဲ အရောက်ထည့်ပေးဖို့ ဆန္ဒရှိတဲ့အတွက် မပေါက်မချင်းကို ဖောက်ပေးနေမှာပါ။ အဲ့ဒါကြောင့် အိတ်ခွံတွေသိမ်းထားကြပါ"ဟု ရသာချိုကုမ္ပဏီလီမိတက်၏ ဈေးကွက်မြှင့်တင်ရေးဌာနမှ ဒုဒါရိုက်တာ ဦးရဲမြတ်ထူးကပြောသည်။

ယခုအကြိမ်တွင် ကျန်ရှိနေသည့် ကားနှစ်စီးကို မဲဖောက်ပေးခြင်းဖြစ်ပြီး ပေါက်မဲနံပါတ် N822K41T42 နှင့် BA97V22T41 တို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကံထူးသူများအနေဖြင့် ဇူလိုင်လ ၇ ရက်နေ့ နောက်ဆုံးထား၍ လာရောက်ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။ ■

# ပဥ္စမအကြိမ်မြောက် Food and Hotel Myanmar 2018 ပြပွဲကျင်းပ



အစားအသောက်နှင့် ဧည့်ခံမှုဆိုင်ရာပြပွဲဖြစ်သည့် ပဥ္စမအကြိမ်မြောက် Food and Hotel Myanmar 2018 ပြပွဲကို ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Event Park တွင် ဇွန်လ ၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါပြပွဲ ကျင်းပရခြင်းမှာ အစားအသောက်နှင့် ဧည့်ခံကြိုဆိုမှုဆိုင်ရာ လုပ်ငန်းရှင်များသည် ပြပွဲမှတစ်ဆင့် ဈေးကွက်များကို လာရောက်ရှာဖွေနိုင်စေရန်၊ အရောင်းကိုယ်စားလှယ်များနှင့် တိုက်ရိုက်ထိတွေ့နိုင်စေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်တွေမှာ ပစ္စည်းတစ်ခုလိုအပ်ရင် တော်တော်ကိုရှာဖွေရတယ်။ အဲဒီတုန်းက ခေတ်မီတဲ့ နည်းပညာနဲ့ ပစ္စည်းတွေသုံးဖို့မလွယ်ကူပါဘူး။ ဒါပေမဲ့ ဒီလိုပွဲတွေမှာ နိုင်ငံတကာက Suppliers တွေကို တိုက်ရိုက်လေ့လာခွင့်ရလို့ အဆင်ပြေပါတယ်။ အခုဆို ပြည်တွင်းက စားသောက်ဆိုင်တွေအနေနဲ့ နိုင်ငံတကာအဆင့်မီဖို့ လိုပါသေးတယ်။ ဒီလိုဖြည့်ဆည်းဖို့အတွက် နည်းပညာတွေ ခေတ်မီပစ္စည်းတွေလည်း လိုပါသေးတယ်။ နိုင်ငံတကာအဆင့်မီတာကိုပြသနိုင်ဖို့အတွက် အစားအသောက်ကလည်း အရေးကြီးပါတယ်"ဟု မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးနေလင်းက ပြောသည်။

အဆိုပါပွဲတွင် Meat and Livestiock Australia မှ စီစဉ်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပပေးခဲ့ပြီး အသိအမှတ်ပြု လက်မှတ်များလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။ ■

ချောစု - စုစည်းတင်ပြသည်။

# Huawei P Series နောက်ဆုံး ပေါ်စမတ်ဖုန်းများကို မိတ်ဆက်ပြသ

Huawei P20 နှင့် Huawei P20 Pro၏ AI မိတ်ဆက်ပြသခြင်းနှင့် ပြည်တွင်းဈေးကွက်၌ စတင်ရောင်းချခြင်း အခမ်းအနားကို ဇွန် ၃ရက်က ရန်ကုန်မြို့၊ Junction City ၌ ကျင်းပပြုလုပ်ခဲ့သည်။

" Huawei P20 နဲ့ P20 Pro စမတ်ဖုန်းတွေဟာ ကမ္ဘာတစ်ဝန်းက ဓာတ်ပုံပညာကို ရူးသွပ်ကြတဲ့ စမတ်ဖုန်း အသုံးပြုသူတွေရဲ့ ဓာတ်ပုံပညာရပ်ဆိုင်ရာဆန်းသစ်တီထွင်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုမျိုး ထူးခြားတဲ့ အတွေ့အကြုံသစ်တစ်ရပ်ကို အခုဆိုရင် မြန်မာနိုင်ငံက သုံးစွဲသူတွေဆီကို ယူဆောင်လာနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံက စမတ်ဖုန်းသုံးစွဲသူတွေအနေနဲ့ ပရော်ဖက်ရှင်နယ်ဆန်တဲ့ ဓာတ်ပုံရုပ်ထွက်တွေကို လွယ်ကူသက်သာစွာနဲ့ ရိုက်ကူးပုံဖော်နိုင်တော့မှာ ဖြစ်ပါတယ်" ဟု Huawei Device Myanmar ၏တာဝန်ရှိသူ မခင်ရတနာဝင်းက ပြောသည်။

Huawei P20Pro တွင် ခေတ်သစ်စမတ်ဖုန်းလောက၏ အမြင့်မားဆုံး PixelyrmP ဖြစ်သည့် 40MP RGP sensor၊ အဖြူအမည်းဓာတ်ပုံများကို ဖမ်းယူပေးမည့် 20MP monochrome sensor၊ Telephoto Lens အတွက် 8MB sensorတို့ ပါဝင်ပြီး Huawei P20 တွင် 12MP RGP sensor နှင့် 20MP monochrome ပါဝင်ကြောင်း သိရသည်။

Huawei P20 တွင် ၅ ဒသမ ၈ လက်မအရွယ်နှင့် Huawei P20 Pro တွင် ၆ ဒသမ ၁ လက်မအရွယ် Full View Display ပါဝင်ပြီး Android 8.1 ကို အခြေခံသည့် EMUI 8.1၊ dedicated NPU တို့နှင့် ပေါင်းစပ်ဖန်တီးထားကြောင်း၊ P20Pro ကို ကျပ် ၁,၀၉၉,၀၀၀ ဖြင့် Twilight၊ Black၊ Midnight Blue စသည့် အရောင်သုံးရောင်အား ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး P20 ကို ကျပ် ၈၅၉,၀၀၀ ဖြင့် Black၊ Midnight Blue နှင့် Pink Gold စသည့် အရောင်သုံးရောင်ကို ရွေးချယ်ဝယ်ယူနိုင်မည် ဖြစ်ကြောင်း သိရသည်။



ထို့ပြင် Huawei နှင့် Telenor တို့ ပူးပေါင်း၍ P20 Pro နှင့် P20 ကို ဝယ်ယူအားပေးသူများအား ကျပ် ၁၀,၀၀၀ ဖိုး ဖုန်းငွေဖြည့်သွင်းလျှင် အင်တာနက်ဒေတာ 2GB နှင့် ကျပ် ၁၅,၀၀၀ ဖိုး ဖုန်းငွေဖြည့်သွင်းပါက အင်တာနက်ဒေတာ 3GB အထိ ဒေတာလက်ဆောင်များ ပေးအပ်သွားမည့် အထူးပရိုမိုးရှင်းအစီအစဉ်တစ်ခုကို စီစဉ်ထားပြီး အဆိုပါ သုံးစွဲနိုင်သည့် ပရိုမိုးရှင်းကာလမှာ ၁ နှစ်ဖြစ်၍ ရက် ၃၀ လျှင် ၁ ကြိမ်ဖြင့် အများဆုံး ၁၂ ကြိမ်အထိ အကျိုးခံစားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ■

# မြန်မာနေရှင်နယ်လိဂ် ဘောလုံးသတင်းများဖတ်ရှုနိုင်မည့် MPT MNL APPအား မိတ်ဆက်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မြန်မာနေရှင်နယ်လိဂ် (MNL)နှင့် ပူးပေါင်း၍ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ၏နောက်ဆုံးရသတင်းများ၊ ပွဲစဉ်များ၊ ဂိုးရလဒ်နှင့် ပွဲစဉ်သုံးသပ်ချက်များကို ဖော်ပြပေးမည့် MPT MNL ဘောလုံးအက်ပလီကေးရှင်းကို စတင်မိတ်ဆက်လိုက်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)မှ ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

"MPT MNL APP က မြန်မာဘောလုံးဝါသနာရှင်တွေအနေနဲ့ မိမိတို့ နှစ်သက်တဲ့ကလပ်အသင်းနဲ့ ကစားသမားတွေကိုအားပေးရာမှာ ပိုပြီး အဆင်ပြေချောမွေ့လွယ်ကူစေဖို့ ဖန်တီးထားတာဖြစ်ပြီး ပြည်တွင်းအားကစား လှုပ်ရှားမှုနဲ့ပတ်သက်လို့ ကစားသမားတွေရဲ့ ကြိုးစားပုံတွေနဲ့ နောက်ဆုံးရ သတင်းအချက်အလက်တွေကို မိုဘိုင်းလ်ဖုန်းတွေပေါ်ကနေ ကြည့်ရှုခံစားနိုင်မှာ ဖြစ်ပါတယ်။ MPT သုံးစွဲသူတွေအတွက် အပတ်စဉ်တိုင်းမှာ MNL အမှတ်တံဆိပ်ပါတဲ့ လက်ဆောင်ပစ္စည်းတွေ ရနိုင်မယ့် ပျော်စရာဉာဏ်စမ်းပဟေဠိ အစီအစဉ်တွေလည်း ပါဝင်သွားမှာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီအက်ပလီကေးရှင်းကို အခုပဲ Download ကလုပ်ပြီး ကိုယ့်စိတ်ကြိုက်အသင်းတွေကို စောင့်ကြည့်ရင်း ချန်ပီယံဆုအတွက် အကြိတ်အနယ်ယှဉ်ပြိုင်သွားမယ့် သူတို့ရဲ့ပွဲစဉ်တွေကို အားပေးလိုက်ကြရအောင်"ဟု MPT-KSGM Joint Operations ၏ Chief Commercial Officer ဖြစ်သူ Mr. Reizo Umeda က ပြောသည်။

အဆိုပါ အက်ပလီကေးရှင်းအသစ်ကို Google Play Store နှင့် MPT လိုတရဝက်ဘ်ဆိုက်မှတစ်ဆင့် Download ရယူနိုင်ကြောင်း သိရသည်။

ယခုဘောလုံးရာသီအစတွင် MPT သည် မြန်မာနေရှင်နယ်လိဂ်နှင့် ၂၀၁၈ မှ ၂၀၂၀ ခုနှစ်အထိ သုံးနှစ်တာကာလ လက်တွဲပူးပေါင်းရန်အတွက် နားလည်မှု စာချွန်လွှာရေးထိုးခဲ့ပြီး MPT အနေဖြင့် ဘောလုံးအားကစားလောက ရေရှည်တိုးတက်စေရန်၊ မြန်မာ့လူငယ်နှင့် ကလေးများအားလုံး ကျန်းမာကြံ့ခိုင်သော လူနေမှုဘဝကို ပိုင်ဆိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




# ရွှေတိုးဂိမ်းဖြင့် ဘဏ္ဍာရေးဆိုင်ရာ အသိပညာများ ရရှိနိုင်မည်ဟုဆို

United Nation Capital Development Fund(UNDCF) နှင့် Wave Money တို့ ပူးပေါင်း၍ Australian Department of Foreign Affairs and Trade ၏ ပံ့ပိုးမှုဖြင့် မြန်မာအမျိုးသမီးများအတွက် ဘဏ္ဍာရေးဆိုင်ရာ အသိပညာပေးမိုဘိုင်းဂိမ်း တစ်ခုဖြစ်သော 'ရွှေတိုး' မိုဘိုင်းဂိမ်းကို ဇွန် ၄ ရက်က ရန်ကုန်မြို့၊ နိုဗိုတယ်ဟိုတယ်တွင် စတင်မိတ်ဆက်ခဲ့သည်။

"အမျိုးသမီးများရဲ့ စွမ်းဆောင်ရည်ကဏ္ဍမြှင့်တင်ပေးခြင်းဟာ သူတို့ဘဝအတွက်ကော၊ သူတို့နေထိုင်တဲ့ ပတ်ဝန်းကျင်အတွက်ပါ အကျိုးရလဒ်ကောင်းတွေ အများကြီးရနိုင်ပါမယ်။ ဒီရွှေတိုးဂိမ်း ဟာ ငွေရေးကြေးရေးနဲ့သက်ဆိုင်တဲ့ အတွေးအခေါ်တွေကို ပိုမိုတိုးတက်အောင် လမ်းပြနိုင်မယ့်အပြင် မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးဆိုင်ရာဆောင်ရွက်မှုတွေကို ပိုမိုတိုးမြှင့်ပေးနိုင်ပါလိမ့်မယ်"ဟု Wave Money ၏ စီအီးအို Mr.Brad Jone က ပြောသည်။

ရွှေတိုးဂိမ်း၏ အဓိပ္ပာယ်မှာ ရွှေများ ဆထက်တပိုး တိုးတက်လာခြင်းဟု သတ်မှတ်ထားခြင်းဖြစ်ပြီး အမျိုးသမီးများအတွက် ရိုးရှင်းသောနည်းလမ်းဖြင့် ငွေကြေးဆိုင်ရာ အသိပညာများရရှိစေရန် ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

"ငွေရေးကြေးရေးအခန်းကဏ္ဍမှာ ငွေရေးကြေးရေးဆိုင်ရာ အသိပညာပေးရေးက အခြေခံကျတဲ့ အုတ်မြစ်တစ်ခုလို့ မြင်မိပါတယ်။ ဒါ့အပြင် အမျိုးသမီးတွေဟာ အိမ်ထောင်စုတစ်ခုရဲ့ ပညာရေးနဲ့ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲနေတဲ့ အဓိကလူဖြစ်တဲ့အတွက် ငွေရေးကြေးရေးဆိုင်ရာ အသိပညာပေးဖို့ အဓိကကျပါတယ်။ ဒီဂိမ်းကို အခုဆိုရင် Google Play Store ကနေ Download ရယူနိုင်ပြီဖြစ်ပါတယ်" ဟု UNDCF ၏ Country Director ဖြစ်သူ Paul Luchtenburg ကပြောသည်။

၂၀၁၇ ခုနှစ်တွင် အမျိုးသမီးများ၏ ငွေရေးကြေးရေးကဏ္ဍ ကျယ်ပြန့်စွာ ပါဝင်မှုအဆင့်မြှင့်တင်ရေးအတွက် UNCDF နှင့် Wave Moneyတို့ ပူးပေါင်းဆောင်ရွက်မှုစတင်ခဲ့ကြောင်း သိရသည်။

*သန်းထိုက်အောင် - စုစည်းတင်ပြသည်။*

## ကမ္ဘောဇဘဏ်၏ mBanking တွင် မြန်မာဘာသာဖြင့် စတင်အသုံးပြုနိုင်

ပြည်သူများအား ဘဏ္ဍာရေး အခွင့်အလမ်းများ ပိုမိုလက်လှမ်းမီစေရန် ရည်ရွယ်၍ ကမ္ဘောဇဘဏ်လီမိတက်၏ mBanking အား မြန်မာဘာသာဖြင့် စတင်ဖြန့်ချိပြီဖြစ်ကြောင်း ဇွန် ၇ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ကမ္ဘောဇဘဏ်၏ mBanking အား မြန်မာဘာသာထည့်သွင်းဖြန့်ချိရခြင်းမှာ ပြည်တွင်းရှိသုံးစွဲသူများအား ဘဏ်လုပ်ငန်းကိုလွယ်ကူသက်သာစွာဖြင့် ပိုမိုလက်လှမ်းမီလာစေရန်နှင့် မိုဘိုင်းဘဏ်လုပ်ငန်းတွင် နှစ်သက်ရာဘာသာစကားကို ရွေးချယ်အသုံးပြုနိုင်စေရန် ရည်ရွယ်ထားကြောင်း သိရသည်။

ကမ္ဘောဇဘဏ်၏ မိုဘိုင်းဘဏ်လုပ်ငန်းဆိုင်ရာ အထွေထွေမန်နေဂျာ Mr.Robin Chu က "ကမ္ဘောဇဘဏ်ရဲ့ mBanking ဟာ အခုဆိုရင် မြန်မာဘာသာနဲ့ရော အင်္ဂလိပ်ဘာသာစကားနဲ့ပါ နှစ်မျိုးအသုံးပြုနိုင်ပြီဖြစ်တဲ့အတွက် ကမ္ဘောဇဘဏ်ရဲ့ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေကို မြန်မာပြည်တစ်လွှားက မိဘပြည်သူများကို ပေးစွမ်းနိုင်ပြီဖြစ်ပါသည်။ ဒီ mBanking ဟာ ကျွန်တော်တို့ဘဏ်ရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ မြန်မာနိုင်ငံက မိဘပြည်သူအားလုံး ရာနှုန်းပြည့် ပါဝင်တဲ့ ဘဏ္ဍာရေးကဏ္ဍဖော်ဆောင်ရေးကို ခြေလှမ်းတစ်လှမ်း ပိုမိုနီးလာစေမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ကမ္ဘောဇဘဏ်၏ mBanking တွင် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများကို ရိုးရှင်းလွယ်ကူသက်သာစွာ အသုံးပြုနိုင်မည့် လုပ်ငန်းဆောင်ရွက်ချက်များထည့်သွင်းထားပြီး အဆိုပါလုပ်ဆောင်ချက်များမှာ သုံးစွဲမှုပုံစံအသွင်အပြင်သစ်၊ mBanking ဝန်ဆောင်မှုအား ဖုန်းမှတစ်ဆင့်ဆယ်လ်ဖီ (Selfie) ရိုက်ပြီးမှတ်ပုံတင်ခြင်း၊ ဒစ်ဂျစ်တယ်ဘေ(လ်)ပေးဆောင်မှု (အွန်လိုင်း QuickPay စနစ်)၊ ဒစ်ဂျစ်တယ်ငွေကြေးလက်ဆောင်ကတ် (Gift Card) ဝယ်ယူမှုများ၊ ပြည်တွင်းငွေလွှဲပေးပို့ဝန်ဆောင်မှု (Remit 2U နှင့် ကတ်မဲ့ ATM ထုတ်ယူခြင်း)တို့ ပါဝင်ကြောင်း သိရသည်။



## မြို့ကြီးများ၏ ၁၁-၆-၂၀၁၈ မှ ၁၅-၆-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | ၁၁-၆-၂၀၁၈(တနင်္လာ) | ၁၂-၆-၂၀၁၈(အင်္ဂါ) | ၁၃-၆-၂၀၁၈(ဗုဒ္ဓဟူး) | ၁၄-၆-၂၀၁၈(ကြာသပတေး) | ၁၅-၆-၂၀၁၈(သောကြာ) |
|---|---|---|---|---|---|
| နေပြည်တော် | ၁၀၀% ၂၇°C/၈၁°F | ၁၀၀% ၂၇°C/၈၀°F | ၉၀% ၂၇°C/၈၁°F | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F |
| ရန်ကုန်မြို့ | ၉၀% ၂၉°C/၈၅°F | ၁၀၀% ၂၉°C/၈၅°F | ၉၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F |
| မန္တလေးမြို့ | ၈၀% ၂၈°C/၈၃°F | ၉၀% ၂၈°C/၈၂°F | ၄၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၅၀% ၃၂°C/၈၉°F |
| မြစ်ကြီးနား | ၁၀၀% ၂၇°C/၈၀°F | ၁၀၀% ၂၆°C/၇၉°F | ၉၀% ၂၇°C/၈၀°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| လားရှိုး | ၉၀% ၂၃°C/၇၄°F | ၁၀၀% ၂၃°C/၇၃°F | ၈၀% ၂၄°C/၇၅°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၆°C/၇၉°F |
| ကျိုင်းတုံ | ၉၀% ၂၆°C/၇၈°F | ၈၀% ၂၅°C/၇၇°F | ၉၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၈°C/၈၃°F |
| လွိုင်ကော် | ၁၀၀% ၂၃°C/၇၄°F | ၁၀၀% ၂၃°C/၇၄°F | ၉၀% ၂၄°C/၇၆°F | ၉၀% ၂၄°C/၇၆°F | ၈၀% ၂၅°C/၇၇°F |
| တောင်ကြီး | ၉၀% ၂၃°C/၇၃°F | ၉၀% ၂၆°C/၇၈°F | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၆°C/၇၈°F |
| မော်လမြိုင် | ၁၀၀% ၂၇°C/၈၁°F | ၁၀၀% ၂၇°C/၈၀°F | ၁၀၀% ၂၇°C/၈၁°F | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၀°F |
| ဘားအံ | ၂၀% ၂၇°C/၈၁°F | ၄၀% ၂၈°C/၈၂°F | ၁၀% ၂၈°C/၈၂°F | ၁၀% ၂၇°C/၈၁°F | ၂၀% ၂၇°C/၈၀°F |
| တောင်ငူ | ၁၀၀% ၂၇°C/၈၀°F | ၁၀၀% ၂၇°C/၈၀°F | ၁၀၀% ၂၇°C/၈၁°F | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F |
| မုံရွာ | ၁၀၀% ၂၈°C/၈၃°F | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F | ၄၀% ၃၂°C/၈၉°F |
| ပုသိမ် | ၁၀၀% ၂၉°C/၈၅°F | ၁၀၀% ၂၉°C/၈၅°F | ၉၀% ၃၀°C/၈၆°F | ၉၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| မြိတ် | ၉၈% ၂၈°C/၈၂°F | ၁၀၈% ၂၈°C/၈၃°F | ၉၈% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F |
| စစ်တွေ | ၁၀၀% ၂၈°C/၈၃°F | ၁၀၀% ၂၉°C/၈၄°F | ၁၀၀% ၂၉°C/၈၄°F | ၉၀% ၃၀°C/၈၅°F | ၈၀% ၂၉°C/၈၄°F |
| မကွေး | ၁၀၀% ၂၈°C/၈၃°F | ၉၀% ၂၉°C/၈၄°F | ၉၀% ၂၉°C/၈၅°F | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၂°C/၉၀°F |
| ဖလမ်း | ၁၀၀% ၂၁°C/၆၇°F | ၁၀၀% ၂၂°C/၆၇°F | ၉၀% ၂၂°C/၆၈°F | ၉၀% ၂၂°C/၆၈°F | ၈၀% ၂၁°C/၇၂°F |

# အိန္ဒိယနိုင်ငံ မွမ်ဘိုင်းတွင် ၂၀၀၅ ခုနှစ် ဇူလိုင် ၂၆ ရက် နောက်ပိုင်း မိုးအများဆုံးရွာသွန်း

မွမ်ဘိုင်းတွင်ဇွန် ၄ ရက်က မုတ်သုံအကြို မိုးများရွာသွန်းခဲ့သည်။ မိုးရွာသွန်းမှုကြောင့် ရေများလျှံခြင်း၊ သစ်ပင်များလဲကျခြင်းနှင့် လေယာဉ်ပျံသန်းမှုနှင့် ကုန်းလမ်းပို့ဆောင်ရေး လုပ်ငန်းများ အဟန့်အတားဖြစ်ခြင်းတို့နှင့် ကြုံတွေ့ကာ ဒေသခံများ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း moneycontrol.com သတင်းတွင် ဖော်ပြသည်။

ရာသီဥတုခန့်မှန်းသူတို့က ယခုရက်သတ္တပတ်အတွက် ရာသီဥတုခန့်မှန်းချက်ကို ထုတ်ပြန်ခဲ့ရာ မိုးသည်းထန်မှုသည် ၂၀၀၅ ခုနှစ်ဇူလိုင် ၂၆ ရက်နောက်ပိုင်း အဆိုးဆုံးဖြစ်ကြောင်း ဖော်ပြခဲ့သည်။

မွမ်ဘိုင်းဒေသတွင် မုတ်သုံအကြို မိုးမှာ ဇွန် ၃ ရက်က စတင်ရွာသွန်းခဲ့ရာ မိုးရေချိန် ၂၆ မီလီမီတာအထိ ရောက်ရှိခဲ့သည်။ ထိုကဲ့သို့မိုးရေချိန် အမြောက်အမြား ရွာသွန်းရခြင်းမှာ တောင်ပိုင်းကုန်ကန်နှင့် ဂိုအာဒေသဝန်းကျင်တို့တွင်ရှိသော ဆိုင်ကလုန်းမုန်တိုင်းများကြောင့်ဟု သုံးသပ်ကြသည်။

မိုးသည်းထန်မှုကြောင့် ရေလွှမ်းမိုးခြင်းနှင့် ယာဉ်သွားလာမှုနှေးကွေးကာ နေ့စဉ်ဘဝများတွင် လူမှုဒုက္ခများနှင့် ကြုံတွေ့နိုင်ကြောင်း မိုးလေဝသပညာရှင်တို့က သတိပေးထားသည်။ ထိုသို့မငြိမ်မသက်ဖြစ်ပွားပါက ကသောင်းကနင်းဖြစ်လာမည့်အခြေအနေကို ရှောင်ရှားနိုင်အောင် လုံလောက်သောအစီအမံများနှင့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လည်း နှိုးဆော်ထားသည်။

လောလောဆယ်တွင် ဇွန် ၄ ရက်က မိုးရွာသွန်းမှုကြောင့် မွမ်ဘိုင်းရှိချာတရာ ပါတီရှိ ဗာဂျီမဟာရာဂျာ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်ခရီးစဉ်များကို ထိခိုက်ခဲ့သည်။ ခရီးစဉ်အနည်းဆုံး ၁၈ ခုကို လွှဲပြောင်းပေးခဲ့ပြီး ခရီးစဉ်အများအပြားကိုလည်း ရွှေ့ဆိုင်းခဲ့ရသည်။ အလားတူ အနောက်ပိုင်းနှင့်အလယ်ပိုင်း ရထားလမ်းများပေါ်တွင် ရထားသွားလာမှုများ အဟန့်အတားဖြစ်ခဲ့ပြီး ၁၅ မိနစ်၊ မိနစ် ၂၀ ခန့်နောက်ကျခဲ့သည်။ **စံမီအောင်**

# ရာသီဥတုနှင့် အခြားသောအန္တရာယ်များကြောင့် ဂွါတီမာလာမီးတောင်တွင် ကယ်ဆယ်ရေးလုပ်ငန်းများနှောင့်နှေး

ကြောက်စရာ ကောင်းလောက်အောင် မိုးရွာသွန်းမှုနှင့် မီးတောင်၏ လှုပ်ရှားမှုများက ဂွါတီမာလာမီးတောင်၏ ပတ်ဝန်းကျင်တွင် ဆောင်ရွက်နေသော ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အဟန့်အတားပြုလျက်ရှိကြောင်း ဇွန် ၇ ရက်က အေပီသတင်းတွင် ဖော်ပြသည်။

သို့သော်လည်း အထိအနာဆုံးသောနေရာများသို့ ကယ်ဆယ်ရေးအဖွဲ့များသွားရောက်နိုင်သော အချိန်တွင် သေဆုံးသူဦးရေမှာ ဆက်လက်မြင့်တက်လျက်ရှိနေသည်ကို တွေ့ရသည်။

ဇွန် ၆ ရက်က န္တုံ့ရည်များစီးဆင်းလာသဖြင့် ကယ်ဆယ်ရေးအဖွဲ့များသည် နောက်သို့ ပြန်ဆုတ်နေရသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ရပ်ဆိုင်းထားခဲ့ရသည်။ မီးတောင်ဓါတ်ငွေ့များနှင့် ပြာများကြောင့် ဖြစ်ရသောဆူပွက်နေသည့် ရေနွေးပူများကလည်း မီးတောင် ဆင်ခြေလျှောအတိုင်းစီးဆင်းကာ အန္တရာယ်ရှိမည့် လက္ခဏာများကို ပြသလျက်ရှိသည်။ စောစောပိုင်းတစ်နေ့ကလည်း မီးတောင်မှထွက်သော အဆမတန်ပူပြင်းသည့် အရာဝတ္ထုများကြောင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များ နောက်သို့ ပြန်လည်ဆုတ်ခွာပေးခဲ့ရသည်။

သို့သော်လည်း ချဉ်းကပ်၍ရနိုင်သည့်အချိန်တွင် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဂေါ်ပြားများ၊ အကြီးစားကိရိယာများဖြင့် ရှာဖွေဆောင်ရွက်သောအခါ ဇွန် ၃ ရက်၌ အကြီးအကျယ်ပေါက်ကွဲစဉ်က သေဆုံးခဲ့သော အလောင်းများကို ထပ်မံတွေ့ရသည်။

ဇွန် ၇ ရက်အထိ သေဆုံးသူ စုစုပေါင်း ၉၉ ဦးရှိသွားပြီဖြစ်ရာ တစ်နေ့အတွင်း ရှာဖွေတွေ့ရှိသော အလောင်းအရေအတွက်မှာ ၂၄ ဦးထိ ရှိခဲ့သည်။ သေဆုံးသူများအနက် ၂၈ ဦးကိုသာ အမည်ဖော်နိုင်ခဲ့သည်။ အနည်းဆုံးလူ ၁၉၇ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။ ကယ်ဆယ်ရေး သမားများက သတ္တုချောင်းများကို မြေကြီးထဲသို့ထိုးစိုက်သောအခါ မီးခိုးများသည် လေထုအတွင်းသို့ တိမ်များသဖွယ် ဝင်ရောက်သွားသည်ကို တွေ့ရသဖြင့် မြေမျက်နှာပြင်အောက်တွင် အဆမတန် ပူပြင်းနေသေးသည်ဟု ယူဆ ရသည်။ အချို့နေရာများတွင် အပူချိန် ဖာရင်ဟိုက် ၇၅၀ မှ ၁၃၀၀ အကြားရှိမည်ဟု မီးသတ်သမားများက ပြောကြောင်း သိရသည်။

**စံမီအောင်**

# ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ မြို့ပေါ်ရှိ ဆရာ၊ ဆရာမများနှင့်ကျောင်း မုန့်ဈေးတန်းရောင်းချနေသူများအား စားသုံးသူအသိပညာပေး သင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ(၁)တွင် မြို့ပေါ်ရှိကျောင်း မုန့်ဈေး တန်းစားသုံးသူရေးရာအဖွဲ့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းမုန့်ဈေးတန်း ရောင်းချနေသူများအား စားသုံးသူအကာ အကွယ်ပေးရေး အသိပညာပေးသင်တန်းကို ဇွန် ၂ ရက်က ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး စားသုံးသူအခြေ်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်၊ တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းပညာရေးမှူးရုံး၊ ကျန်းမာရေး ဦးစီးဌာန၊ ဆရာ၊ ဆရာမ၊ ကျောင်းမုန့်ဈေးတန်းရောင်းချသူများ စုစုပေါင်း ၇၀ ဦးခန့် တက်ရောက်ခဲ့ပါသည်။

တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကြည်အောင်က ကလေးငယ်များအား ကျောင်းနေအရွယ်မှစ၍ စားသုံးသူအသိပညာပေးရန် လိုအပ်ကြောင်း ယခုအခါ စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များလည်း ဖွဲ့စည်းထားပြီး နစ်နာသူ ပြည်သူများအနေနှင့်လည်း တိုင်ကြားနိုင် ကြောင်း အဖွင့်အမှာစကားပြောကြား၍ တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က စားသုံးသူရေးရာဦးစီးဌာန ဖွဲ့စည်းပုံရည်ရွယ်ချက်၊ တိုင်ကြားလာမှုအပေါ် အရေးယူဆောင်ရွက်နေမှုများ စားသုံးသူအခွင့်အရေးရှစ်ချက်နှင့် ကျောင်းမုန့်ဈေးတန်းဈေးသည်များ လိုက်နာရမည့် အချက်တို့ကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ဌာနခွဲမှူး ဦးစောမိုက်ကယ်က စားသုံးသူရေးရာ အသိပညာဗဟုသုတများ၊ ကျန်းမာရေးဦးစီးဌာန၊ FDA မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်နှင့် ဆေးဝါးများ၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ဆောင်ရန်၊ ရှောင်ရန်များအား အသေးစိတ်ရှင်းလင်းဟောပြော၍ မြို့နယ် ကျန်းမာရေးဦးစီးဌာန ဒေါက်တာ စောလောအယ်ထူးက ကျောင်းမုန့်ဈေးတန်းတွင် အာဟာရပြည့်ဝသောမုန့်များ ရောင်းချရန်၊ မုန့်ဈေးတန်းတည်ဆောက်ပုံ၊ မုန့်များထိန်းသိမ်းပုံ၊ အစာအာဟာရ၏ အရေးပါပုံ၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် ဗဟုသုတအသိပညာများကို ဟောပြောဆွေးနွေးခဲ့ပြီး စားသုံးသူရေးရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းမင်းဦး(ပုသိမ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် 4TV HD Package လိုင်းများကို Canal + စက်များဖြင့် လဲလှယ်ပေးခြင်းများ ဆောင်ရွက်နေ

စားသုံးသူရေးရာ ဦးစီးဌာနသည် စားသုံးသူတို့၏ အခွင့်အရေးများနှင့်ပတ်သက်၍ ထိခိုက်နစ်နာမှု မရှိစေရေး အတွက် ဆောင်ရွက်ပေးလျက်ရှိရာ Forever Group Co,Ltd အနေဖြင့် 4TV HD Packageလိုင်း ကြိုတင် အကြောင်းကြားထားခြင်းမရှိဘဲ ရုတ်တရက် ရပ်ဆိုင်းသည့်ကိစ္စနှင့် ပတ်သက်၍ စားသုံးသူများနစ်နာ မှု မရှိစေရေးအတွက် Forever Group Co.,Ltdတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး 4TV မှ Canal+ လဲလှယ်ပေးရန် သဘောတူညီမှုရှိခဲ့သဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကျားခေါင်းElectronicနှင့်ကျော်မင်း Electronic အရောင်းဆိုင်တွင် လဲလှယ်ပေးလျက်ရှိရာ ကျားခေါင်း Electronic ဆိုင်တွင်Canal+(၂၂၀)ခုနှင့်ကျော်မင်း Electronic ဆိုင်တွင် Canal+(၁၀)ခု လဲလှယ်ပေးခဲ့ပြီး ဖြစ်ပါသဖြင့်ထပ်မံ လဲလှယ်လိုသူများအနေဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိပါက လဲလှယ်၍ ရနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(၁) ရန်ကုန်မြို့နှင့်မန္တလေးမြို့များမှအပ ကျန်နယ်မြို့များတွင် ရုပ်သံလိုင်း (၂၈)လိုင်း ကြည့်ရှုနိုင်သည့် Package သက်တမ်းရှိနေသော DTT Digital Receiverများကို သက်တမ်း (၃)လ တိုးမည်ဆိုပါက ရုပ်သံလိုင်း(၃၆)လိုင်းနှင့်(၇၈)လိုင်း ကြည့်ရှုနိုင်သည့် DTHစက်၊ စလောင်းနှင့်LNB တို့ဖြင့် အခမဲ့ လဲလှယ်ပေးမည်ဖြစ်ပြီး မိမိ အစီအစဉ်ဖြင့် တပ်ဆင်ကြည့်ရှုနိုင်ကြောင်း၊ (၂) Canal+ ရုပ်သံလိုင်းအသစ်များကို ဆက်လက် မကြည့်ရှုလိုသော Package သက်တမ်းရှိနေသည့် ပရိသတ်များအတွက် ကျန်ရှိသော ကြည့်ရှုခငွေ ပြန်အမ်းပေးမည် ဖြစ်ကြောင်း၊ (၃) စက်ပြန်လည် အပ်နှံလိုသော ပရိသတ်များကို ၂၀၁၇ ခုနှစ်အတွင်း ဝယ်ယူထားသည့် Package သက်တမ်းရှိပြီး ပျက်ဆီးမရှိသည့် စက်များအတွက် စက်တန်ဖိုး ငွေနှင့် ကျန်ရှိသော ကြည့်ရှုခငွေများကိုပြန်အမ်းပေးမည်ဖြစ်ကြောင်း၊ (၄) 4TV စက်ကို စတင်ဝယ်ယူစဉ် ကတည်းကပင် ယနေ့အထိ စဉ်ဆက်မပြတ် သက်တမ်းတိုးပြီး ကြည့်ရှုအားပေးလျက်ရှိသော Package သက်တမ်းရှိ ပရိသတ်များကို အလေးထားသည့်အနေဖြင့် ဆက်လက် မကြည့်ရှုလိုပါက စက်တန်ဖိုးငွေနှင့် ကျန်ရှိသော ကြည့်ရှုခငွေများကို ပြန်အမ်းပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။ သို့ဖြစ်ပါ၍ 4TV HD Package စက်ဝယ်ယူထားသော စားသုံးသူပြည်သူများအနေဖြင့် အထက်ပါအချက်များအနက်မှ မိမိတို့သဘောကျနှစ်သက်သည့် နည်းများအတိုင်း မိမိတို့ ဝယ်ယူထားသည့် ဖော်ပြပါဆိုင်များနှင့် ဆက်သွယ်၍ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် အဆင်မပြေမှုများရှိပါက လားရှိုးမြို့၊ စားသုံးသူရေးရာ ဦးစီးဌာနရှိ CICCရုံးသို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

# ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန၏ ၆/၂၀၁၈ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၆/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းဝေးကို ဇွန် ၅ ရက်တွင် ယင်းမာပင် ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ကျော်လွင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်မင်းက (၅/၂၀၁၈) အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် စားသုံးရန်မသင့် သိမ်းဆည်းပစ္စည်းများအား မီးရှို့ဖျက်ဆီးပြီး ကျင်းတူးမြေမြှုပ် ဆောင်ရွက်မည့်အစီအစဉ်အား တင်ပြခြင်း၊ ရှေ့ဆက်၍ဇွန်လအတွင်း လျာထားချက်အရ စားသုံးသူအကာအကွယ်ပေး ရေးအသိပညာပေးဟောပြောပွဲ ရှစ်ကြိမ်၊ ကွင်းဆင်းဆောင်ရွက်မှုတစ်ကြိမ်၊ လုပ်ငန်းရှင်တွေ့ဆုံခြင်းတစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာဌာနအသီးသီးမှ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရပါသည်။

ထို့နောက် စားသုံးရန်မသင့် သိမ်းဆည်းပစ္စည်းများအား မေ ၈ ရက်တွင် လွှတ်တော်အမတ်များ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ဈေးစည်ပင်အမှုဆောင်အဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့များ ဖိတ်ကြား၍မီးရှို့ဖျက်ဆီးကျင်းတူးမြေမြှုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ခိုင်မို့မို့(မြင်းမူ)**

# ပုသိမ်မြို့နယ် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန သင်တန်းခန်းမတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၁) ဆင်းပွဲနှင့် အမှတ်စဉ်(၂)ဖွင့်ပွဲ ပြုလုပ်

ပုသိမ်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းခန်းမတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ် (၁) ဆင်းပွဲနှင့်အမှတ်စဉ်(၂) ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့်တိုင်းဒေသကြီး ဝန်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး၊ တိုင်းဒေသကြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ ဖိတ်ကြားထားသော တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ချောင်းသာဟိုတယ်ဇုန်) ဥက္ကဋ္ဌ ဦးကျော်ခိုင်၊ သင်တန်းကျောင်း ဆင်းသူများနှင့် သင်တန်းတက်ရောက်မည့် သင်တန်းသားများ စုစုပေါင်း ၂၀၀ ဦး တက်ရောက်ခဲ့ပါသည်။

သင်တန်းဆင်းပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးလှမိုးအောင်က နယ်စပ်ရေးရာဝန်ကြီးဌာနမှ တိုင်းရင်းသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒ(၄)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တည်ငြိမ်အေးချမ်းမှု၊ ဒေသဖွံ့ဖြိုး တိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုး၍ အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအနေဖြင့် ဘဝရပ်တည်နိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ ယခုပုသိမ်သင်တန်းကျောင်းမှ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖြစ်သော Front Office Operation Course ဧည့်ကြိုသင်တန်း၊ House Keeping Operation Course အိပ်ခန်းဆောင်သင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဝန်ဆောင်မှုသင်တန်း၊ Food and Veverage Service သင်တန်း၊ အမှတ်စဉ် (၁) ကို စာတွေ့(၃) လ၊ လက်တွေ့(၃)လ ပေါင်း (၆)လ၊ သင်တန်းသူ ၇၅ ဦးအား ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းဆင်း လက်မှတ် Certificate ချီးမြှင့်မှာဖြစ်ကြောင်း၊ သင်တန်း အမှတ်စဉ်(၂) အတွက် သင်တန်းသူ ၇၅ ဦးအား စာတွေ့ လက်တွေ့နေထိုင်စားသောက်စရိတ် အခမဲ့ဖွင့်လှစ်သင်ကြားပေးမှာဖြစ်ပြီး အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ် (၆)ကိုလည်း တစ်ပါတည်း ဖွင့်လှစ်ပေးမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းအတွက် ထောက်ပံ့ပေးနိုင်မှုအစီအစဉ်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရန်နှင့် အာဆီယံအသိုက်အဝန်းအတွင်း လွတ်လပ်စွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ဟိုတယ်သင်တန်းသူများအနေနဲ့ ကျွမ်းကျင်တတ်မြောက်ထားသော ပညာရပ်များကို လက်တွေ့နယ်ပယ်မှာ အသုံးချရင်း တစ်ဖက်မှာလည်း အိမ်တွင်းမှုသင်တန်းကျောင်း(ပုသိမ်)မှ သင်တန်းသူများ စဉ်ဆက်မပြတ် ရရှိစေရေး၊ သင်တန်းရေရှည် တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသအာဏာပိုင်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနဲ့အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် ပြောကြား၍ သင်တန်းဆင်းလက်မှတ် Certificate များ ပေးအပ်ခဲ့ပါသည်။

**ထွန်းထွန်း(ပုသိမ်)**

# လားရှိုးစားသုံးသူရေးရာဦးစီးဌာနမှ ဆုံကွယ်ကျေးရွာသို့ ပိုးသတ်ဆေးစနစ်တကျ အန္တရာယ်ကင်းစွာ ကိုင်တွယ်သုံးစွဲနည်း အသိပညာပေးဟောပြောပွဲကျင်းပ

ရှမ်းပြည်နယ် (မြောက်ပိုင်း) စားသုံးသူရေးရာဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင် ဦးဆောင်သောအဖွဲ့သည် ဇွန် ၁ ရက်က လားရှိုးမြို့နယ်၊ ဆုံကွယ်ကျေးရွာအုပ်စု၊ ဆုံကွယ်ကျေးရွာတွင် ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရွာသူ/ရွာသား ၂၅ ဦးတို့အား ပိုးသတ်ဆေးနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် အကြီးတန်းစာရေး ဦးညီသန်းအောင်က ပိုးသတ်ဆေးဆိုသည်မှာ အင်းဆက်၊ ပိုးမွှား၊ မှို ပေါင်း၊ ဘက်တီးရီးယားစသည်ဖြင့် ကာကွယ်ခြင်းအတွက် သုံးစွဲခြင်းဖြစ်ကြောင်း၊ ပိုးသတ်ဆေး၏ဆိုးကျိုးများမှာ အသက်ဆုံးရှုံးခြင်း၊ ဦးနှောက်နှင့် အာရုံကြောများ ချို့ယွင်းခြင်း၊ မျိုးပွားနိုင်စွမ်းလျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုများဖြစ်ခြင်း၊ သားမြတ်ကင်ဆာ၊ အသည်းကင်ဆာ စသည့် ပြင်းထန်သော နာတာရှည်ရောဂါများ ဖြစ်ပွားနိုင်ကြောင်း ဟောပြောခဲ့ပါသည်။

ထို့ပြင် ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာ စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများ မှာပိုးသတ်ဆေးဝယ်ယူရာတွင် မြန်မာဘာသာအညွှန်းဖြင့် ဖော်ပြထားသည့် ဆေးများကို ဝယ်ယူသုံးစွဲခြင်း၊ ထုတ်လုပ်သူ/ဖြန့်ချိသူအမည်၊ နေရပ်လိပ်စာနှင့် ပိုးသတ်ဆေးမှတ်ပုံတင်အမှတ်တို့ ပါဝင်ရမည်ဖြစ်ကြောင်း၊ ပိုးသတ်ဆေးများကို ရောစပ်ရာတွင် ထောက်ခံထားသည့် ပြင်းအား၊ နှုန်းထားအတိုင်း လိုက်နာဆောင် ရွက်ခြင်း၊ ဆေးဖျော်စပ်ရာတွင် အသုံး ပြုရမည့် ပမာဏထက်ပို၍ မဖျော်ရခြင်း၊ ပိုးသတ်ဆေးအချင်းချင်းကို မိမိဘာသာ ရောစပ်ခြင်းမပြုရခြင်း၊ ပိုးသတ်ဆေးများကို လက်ဖြင့် မမွှေရခြင်း၊ ပိုးသတ်ဆေးဖျန်းရာတွင် ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်၊ အနားပြန့်ကျယ်သည့် ဦးထုပ်၊ နှာခေါင်းစည်း၊ လက်အိတ်၊ လည်ရှည်ဖိနပ် (ကာကွယ်ရေးဝတ်စုံ)တို့ဝတ်ဆင်ရခြင်း၊ လေအောက်မှ ပိုးသတ်ဆေးမဖျန်းရခြင်း၊ လေပြင်းထန်သော အချိန်နှင့် နေအပူချိန် မြင့်မားချိန်တွင် ဆေးမဖျန်းရခြင်း၊ ဆေးဖျန်းပြီးတိုင်း ဝတ်ဆင်ခဲ့သည့် အဝတ်အစားများကို ဆပ်ပြာ၊ ရေများများဖြင့် ဆေးကြောရခြင်း၊ ပိုးသတ်ဆေးများနှင့် ဆက်စပ်ပစ္စည်းများကိုကလေး၊ ကိုယ်ဝန်ဆောင်မိခင်များနှင့်ဝေးရာတွင် ထားရှိခြင်း၊ ပိုးသတ်ဆေးစွန့်ပစ်ရာတွင် ချောင်း၊ မြောင်း၊ အင်းအိုင်၊ သောက်သုံးရေတွင်းအနီးစွန့်မပစ်ရခြင်း၊ အသုံးပြုပြီးသော ပိုးသတ်ဆေးပုလင်းခွံ၊ ပလတ်စတစ်ဗူးခွံ၊ ပုံးခွံများကို မီးရှို့ခြင်းမပြုဘဲ မြေကြီးတွင် သုံးပေမှ ငါးပေခန့်တူး၍မြှုပ်ရခြင်းစသည်ဖြင့် အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါသည်။ **အောင်ကျော်မြင့်(လားရှိုး)**

# မြစ်ကြီးနားမြို့တွင် "ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းပြုလုပ်

ကချင်ပြည်နယ်၊ ပြန်ကြားရေး နှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ပြုလုပ်သည့် ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့ ပြည်သူ့စကားဝိုင်းကို ဇွန် ၁ ရက်က မြစ်ကြီးနားမြို့ လူထုအခြေပြု ဗဟိုဌာန Community Centre အစည်းအဝေးခန်းမ၌ ကျင်းပရာ ကချင် ပြည်နယ် အစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ဝန်ကြီးဌာနဝန်ကြီး ဦးလှအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများ စုစုပေါင်း ၁၀၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရပါသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဝေလင်းက ဆွေးနွေးပွဲ ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်ကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ပလတ်စတစ်အသုံးပြုမှု အခြေအနေနှင့် ပလတ်စတစ်အန္တရာယ်များ၊ ပလတ်စတစ်ကြောင့် ညစ်ညမ်းမှုများ ဖြစ်ပေါ်ခြင်းကိုလည်းကောင်း၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ကချင်ပြည်နယ်အတွင်း ပလတ်စတစ် သုံးစွဲမှု အခြေအနေများ၊ ဧရာဝတီမြစ်နံဘေးတွင် ပလတ်စတစ်များ စွန့်ပစ်မှု အခြေအနေနှင့် စည်ပင်သာယာရေးအဖွဲ့၏ ဆောင်ရွက်ချက်များ၊ ပြည်နယ်အတွင်း ဆောင်ရွက်နေသော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်ကိုလည်းကောင်း၊ ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဖေသန်းဝင်းက စားသုံးသူများ၏ ထုပ်ပိုးခွံလိုအပ်မှု အခြေအနေနှင့် ထုပ်ပိုးမှုဆိုင်ရာ လမ်းညွှန်ချက်များကိုလည်းကောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခိုင်ဝင်းက ခရီးသွားလုပ်ငန်းတွင် ပလတ် စတစ် အသုံးပြုမှု အခြေအနေနှင့်ပလတ်စတစ်နှင့်ပတ်သက်သည့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ကချင်ပြည် နယ် ကုန်သည်ကြီးများအသင်းမှ ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းညွန့်က ပလတ်စတစ်သုံးစွဲမှုအပေါ် လုပ်ငန်းရှင်ကြီးများ၏အမြင်နှင့် သုံးစွဲမှုအပေါ် အကြံပြုချက်များ၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယ ပြည်နယ်မှူး ဒေါက်တာ နော်ရှဲတာက ပလတ်စတစ်နှင့် ကျန်းမာရေးအန္တရာယ်နှင့် ပလတ်စတစ် ဘေးအန္တရာယ် ကင်းရှင်းစေရေးနည်းလမ်းများကို လည်းကောင်း၊ ကချင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဒိန်ခန်ဖုန်က ပလတ်စတစ် သုံးစွဲမှုအပေါ် အကြံပြုတိုက်တွန်းမှုများကိုလည်းကောင်း၊ KCWG မှ ဦးအင်ခွမ်ဘရန်အောင်က ပလတ်စတစ်အန္တရာယ် လျှော့ချရေးနှင့် NGO များ၏ အခန်းကဏ္ဍကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခွာညို (မနော‌မြေ)**

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၆/၂၀၁၈ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ၆/၂၀၁၈ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌရုံးခန်း၌ ဇွန် ၄ ရက်တွင် ကျင်းပခဲ့ရာ ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ လေ့လာသူများ၊ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက ယခင်လက ကျင်းပခဲ့သည့် (၅/ ၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မိတ်ဘက်ဌာနအနေဖြင့် မိမိဘက်ဌာနများနှင့်ပူးပေါင်းပြီး ကွင်းဆင်း စစ်ဆေးပညာပေးခြင်းများ ဆောင်ရွက်ရာတွင် အန္တရာယ်ရှိသော ကုန်ပစ္စည်းများအား စျေးကွက်အတွင်းမှ တားမြစ်ခြင်း၊ သိမ်းဆည်းခြင်းများရှိပါက တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ တားမြစ်၊ သိမ်းဆည်း စာရင်းများတင်ပြခြင်းနှင့် စာရင်းစစ် အစစ်ဆေးခံရခြင်းများရှိပါသဖြင့် ဆက်လက်ဆောင်ရွက်သည့် အခြေအနေများကို သိရှိလို၍ သိမ်းဆည်းထားသော ဌာနများအနေဖြင့် ဆက်လက်ဆောင်ရွက်ထားသည့် အခြေအနေများကို စစ်ဆေးရာတွင် ပါဝင်သည့်ဌာနများအား အကြောင်းကြားပေးစေလိုကြောင်း၊ အကယ်၍ မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခြင်းများ ဆောင်ရွက်ပါကလည်း ညှိနှိုင်းအကြောင်းကြားပေးစေလိုကြောင်း၊ ကျောင်းဖွင့်ရာသီဖြစ်သဖြင့် ကျောင်းများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးပညာပေးမည့် အစီအစဉ်ရှိသဖြင့် ကျောင်းကျန်းမာရေးနှင့် ချိတ်ဆက်ဆောင်ရွက်လိုကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန်ပစ္စည်းများနှင့် မုန့်မျိုးစုံစာရင်းအား ခရိုင် ပညာရေးမှူးရုံးသို့ ပေးပို့မည်ဖြစ်ပြီး ခရိုင်ပညာရေးမှူးရုံးမှ တစ်ဆင့် မြို့နယ် ပညာရေးမှူးများနှင့် ကျောင်းအုပ် ဆရာ၊ ဆရာမများသို့ ပြန်လည်ဖြန့်ဝေပေးစေလိုကြောင်း ဆွေးနွေးပါသည်။ ဆက်လက်ပြီး ခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက လက်ရှိအချိန်တွင် ကျောင်းဖွင့်ရာသီဖြစ်၍ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချ သည့်မုန့်များ သန့်ရှင်းမှု ရှိ/မရှိ ကျောင်းဈေးသည်များ၏ ကျန်းမာရေး စစ်ဆေးထားရှိခြင်း ရှိ/မရှိ စစ်ဆေးရန်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**နှင်းနှင်းခိုင် (ရွှေဘို)**

# လင်ချန်းပြည်နယ် Commerce Department နှင့် ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူများ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးဆွေးနွေး

ရှမ်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးခန်းမတွင် တရုတ်နိုင်ငံ လင်ချန်းပြည်နယ် Commerce Department နှင့်ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများသည် မေ ၂၄ ရက်က နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။



ဆွေးနွေးပွဲတွင် လက်ရှိ ချင်းရွှေဟော်နယ်စပ်ဂိတ်သည် ကျဉ်းမြောင်းသည့်အတွက် နှစ်နိုင်ငံသဘောတူညီ ချက်ဖြင့်နယ်စပ်ဂိတ်အသစ်တစ်နေရာ တည်ဆောက်ရေး၊ နေရာသစ်ကိုရွှေးပြီး အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်အဖြစ် တိုးချဲ့သွားရေး၊ နှစ်နိုင်ငံနယ်စပ်တွင် အထူးစီးပွားရေးဇုန် တည်ဆောက်သွားရေး၊ လင်ချန်းပြည်နယ်နှင့် ရှမ်းပြည်နယ် ခရီးသွားကဏ္ဍမြှင့်တင်သွားရေး၊ လင်ချန်းပြည်နယ် လင်ချန်းမြို့နှင့် ရှမ်းပြည်နယ် ဟိုပုံးမြို့ လေယာဉ်တိုက်ရိုက်ခရီးစဉ် တိုးချဲ့ပျံသန်းနိုင်ရေး၊ လက်ရှိနယ်စပ်ဖြတ်ကျော်ခရီးသွားများကို လင်ချန်းပြည်နယ်မှ လားရှိုးမြို့အထိ သွားလာခွင့်ရရှိရေးနှင့် ဗီဇာတိုးမြှင့်ပေးရေး၊ လင်ချန်းပြည်နယ်မှ လားရှိုးခရိုင်၊ ကွမ်းလုံမြို့နယ်နှင့်လားရှိုးမြို့နယ်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရေး၊ လန်ချန်းပြည်နယ်နှင့် ရှမ်းပြည်နယ်မှ နှစ်ဖက်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စီးပွားရေးနှင့် သက်ဆိုင်သောဌာနများမှ သုံးလလျှင် (၁) ကြိမ် အလှည့်ကျ ပုံမှန်တွေ့ဆုံ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြတယ်လို့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်ထံမှ သိရပါတယ်။

အဆိုပါ ညှိနှိုင်းဆွေးနွေးချက်များကို နှစ်ဖက်အဖွဲ့များကသက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့များထံ တင်ပြသွားကြမယ်လို့လည်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး)**

# Forbes မှ ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမားစာရင်းထုတ်ပြန်၊ လက်ဝှေ့သမား မေဝယ်သာ ထိပ်ဆုံးမှဦးဆောင်

စီးပွားရေး မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Forbes မှ ၂၀၁၈ ခုနှစ်အတွက် ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး အားကစားသမားစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ အမေရိကန်မှ ကမ္ဘာကျော် လက်ဝှေ့သမားဟောင်း မေဝယ်သာက ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ မေဝယ်သာသည် ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၅ သန်းအထိ ရှိခဲ့ခြင်းကြောင့် ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။




မေဝယ်သာသည် လက်ဝှေ့ပွဲမှ ဆုကြေး အမေရိကန်ဒေါ်လာ ၂၇၅ သန်းအထိ ရရှိခဲ့ပြီး တခြားမှရရှိခဲ့သည့်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၀ သန်းရှိခဲ့သည်ဟုဆိုသည်။ မေဝယ်သာဟာ နောက်ဆုံးခုနှစ်နှစ်အတွင်း ထိပ်ဆုံးနေရာတွင် လေးကြိမ်အထိ ရပ်တည်နိုင်ခဲ့သည်။ ၎င်းသည် ၂၀၁၄ ခုနှစ်က ဝင်ငွေအကောင်းဆုံး အားကစားသမားစာရင်းတွင် ထိပ်ဆုံးနေရာရရှိခဲ့ပြီး အမေရိကန်ဒေါ်လာသန်း၃၀၀ဖြင့်စံချိန်တင်ဖြစ်ခဲ့သည်။

ဘာစီလိုနာအသင်းမှ အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီက ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၁ သန်းဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းမှ ပေါ်တူဂီတောင်ပံကစားသမား စီရိုနယ်ဒိုသည် ၂၀၁၆၊ ၂၀၁၇တို့တွင် နှစ်နှစ်ဆက်တိုက် ဝင်ငွေအကောင်းဆုံးအားကစားသမားအဖြစ် ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သော်လည်း ယခုနှစ်တွင် ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀၈ သန်းဖြင့် အဆင့် ၃ နေရာအထိ ကျဆင်းသွားခဲ့သည်။

**၂၀၁၈ ခုနှစ်အတွက် Forbes မဂ္ဂဇင်းမှ ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ဝင်ငွေအကောင်းဆုံး အားကစားသမား ၂၀**

(၁) မေဝယ်သာ(လက်ဝှေ့)၊ အမေရိကန်ဒေါ်လာ ၂၈၅ သန်း
(၂) မက်ဆီ (ဘောလုံး)၊ အမေရိကန်ဒေါ်လာ ၁၁၁ သန်း
(၃) စီရိုနယ်ဒို (ဘောလုံး)၊ အမေရိကန်ဒေါ်လာ ၁၀၈ သန်း
(၄) ကွန်နော်မက်ဂရီဂေါ (လက်ဝှေ့)၊ အမေရိကန်ဒေါ်လာ ၉၉ သန်း
(၅) နေမာ (ဘောလုံး)၊ အမေရိကန်ဒေါ်လာ သန်း ၉၀
(၆) လီဘရွန်းဂျိမ်းစ် (ဘတ်စကက်ဘော)၊ အမေရိကန်ဒေါ်လာ ၈၅ ဒသမ ၅ သန်း
(၇) ရော်ဂျာဖက်ဒဲရား (တင်းနစ်)၊ အမေရိကန်ဒေါ်လာ ၇၇ ဒသမ ၂ သန်း
(၈) စတီဖင်ကာရီ (ဘတ်စကက်ဘော)၊ အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၉ သန်း
(၉) မတ်ရှိုင်ယန် (အမေရိကန်ဖွတ်ဘော)၊ အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၃ သန်း
(၁၀) မက်သရူးစတက်ဖို့ဒ်(အမေရိကန်ဖွတ်ဘော)၊ အမေရိကန်ဒေါ်လာ ၅၉ ဒသမ ၅ သန်း
(၁၁) ကီဗင်ဒါရန့် (ဘတ်စကက်ဘော)၊ အမေရိကန်ဒေါ်လာ ၅၇ ဒသမ ၃ သန်း
(၁၂) လီဝစ်ဟာမီတန် (ပြိုင်ကားမောင်းသမား)၊ အမေရိကန်ဒေါ်လာ ၅၁ သန်း
(၁၃) ရစ်ဆဲလ်ဝက်စ်ဘရုခ် (ဘတ်စကက်ဘော)၊ အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၆ သန်း
(၁၄) ဂျိမ်းစ်ဟာဒင် (ဘတ်စကက်ဘော)၊ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၄ သန်း
(၁၅) ကာနီလိုအဲလ်ဗာရက်ဇ်(လက်ဝှေ့)၊ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၅ သန်း
(၁၆) တိုက်ဂါးဝုဒ် (ဂေါက်ဖ်)၊ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၃ သန်း
(၁၇) ဒရူးဘရိစ် (အမေရိကန်ဖွတ်ဘော)၊ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၉ သန်း
(၁၈) ဆီဘာစတိန်းဗက်တယ် (ပြိုင်ကားမောင်းသမား)၊ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၃ သန်း
(၁၉) ဒီရက်ကားလ် (အမေရိကန်ဖွတ်ဘော)၊ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၁ သန်း
(၂၀) ရာဖေးလ်နာဒယ် (တင်းနစ်)၊ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၄ သန်း

## ဘောလုံးလောက သတင်းတိုများ

- စပိန်လာလီဂါကလပ် ဘီလ်ဘာအို အသင်းသည် မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ဟာရဲရားကိုခေါ်ယူရန် အဆင်သင့်ရှိနေပြီဖြစ်ကြောင်း သိရသည်။
- စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းသည် အသင်းနှင့် ခြောက်နှစ်သက်တမ်းတိုး စာချုပ်တစ်ရပ် ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သိရသည်။
- အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့သည် မာဆေးအသင်းမှပြင်သစ်နိုင်ငံသား မော်ဂန်ဆန်ဆွန်ကို ခေါ်ယူရန်အပြိုင်ကြိုးပမ်းနေသကဲ့သို့ ချယ်လ်ဆီးအသင်းကလည်း ၎င်းကစားသမားကို ခေါ်ယူရန်ပြင်ဆင်နေကြောင်း သိရသည်။

## နာဘေးလ် ဖာကီအာကို လီဗာပူးအသင်း ပေါင် ၃၅သန်းဖြင့် ခေါ်ယူ



နည်းပြ ဂျာဂင်ကလော့ပ်သည် လီဗာပူးအသင်းတွင် လိုအပ်နေသည့် ကွင်းလယ်ပိုင်းကို ဖြည့်တင်းရန်အတွက် လိုင်ယွန်အသင်းမှ ပြင်သစ်လက်ရွေးစင်ကစားသမား နာဘေးလ်ဖာကီအာကို ခေါ်ယူရန် အကြိုသဘောတူညီမှုများ ရရှိထားပြီဖြစ်ကြောင်းသိရသည်။

လီဗာပူးအသင်းသည် နာဘေးလ်ဖာကီအာကို ခေါ်ယူရန်မှာ အလုံးစုံ ပြီးပြည့်စုံသည့်အနေအထားတွင် ရှိနေပြီဖြစ်ကြောင်းနှင့် ၎င်းကစားသမားအတွက် ပေါင် ၅၃ သန်းပေးရမည်ဖြစ်သည်။ နာဘေးလ်ဖာကီအာသည် ကွင်းလယ်ကစားသမားတစ်ဦး ဖြစ်ပြီး ၄င်းသည် လီဗာပူးအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့သွားသည့် ကော်တင်ဟိုကဲ့သို့ပင် ကွင်းလယ်ရော တိုက်စစ်ပိုင်းကိုပါ ကောင်းကောင်းလိုက်ပါကစားနိုင်သူဖြစ်သည်။

လီဗာပူးအသင်းသည် မကြာသေးမီရက်ပိုင်းကလည်း လိုက်ဇစ်အသင်းမှ နာဘီကိုင်တာကို ပေါင် ၅၂ ဒသမ ၅ သန်းဖြင့် ခေါ်ယူထားပြီးဖြစ်သည်။ ထို့ပြင် လီဗာပူးအသင်းသည် ရိုးမားအသင်းမှ ဂိုးသမား အလစ်ဆင်ဘက်ကာကို ခေါ်ယူရန် ကြိုးပမ်းနေမှုမှာ ယခုအချိန်ထိ အောင်မြင်မှုမရရှိသေးကြောင်း သိရသည်။



## ဒေါက်ဂလပ်စ်ကော်စတာနှင့် အမ်မရီကန်တို့ကို ဂျူဗင်တပ် ခေါ်ယူနိုင်ခဲ့

အီတလီ စီးရီးအေကလပ် ဂျူဗင်တပ်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ ဘရာဇီးတောင်ပံကစားသမား ဒေါက်ဂလပ်စ်ကော်စတာကို ပေါင် ၃၅ ဒသမ ၂ သန်းဖြင့်ခေါ်ယူကာ လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ ဂျူဗင်တပ်အသင်းသည် လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား အမ်မရီကန်ကိုလည်း လေးနှစ်စာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုများ ရရှိထားပြီးဖြစ်ကြောင်း သတင်းတွင်ဆက်လက်ဖော်ပြထားသည်။ ဂျူဗင်တပ်အသင်းသည် အမ်မရီကန်အတွက် ပေါင်လေးသန်းသာ ပေးချေရမည်ဖြစ်သည်။ အမ်မရီကန်သည် ဒဏ်ရာပြဿနာ ကြုံတွေ့နေရခြင်းကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ဂျာမနီလက်ရွေးစင်အသင်းမှ ချန်လှပ်ထားခြင်းခံရသူ ဖြစ်သည်။

၎င်းကစားသမားနှစ်ဦးကို ခေါ်ယူမှုအပြီး တခြားထိပ်တန်းကစားသမားများကိုလည်း ထပ်မံခေါ်ယူသွားဦးမည်ဟုဆိုသည်။ စီးရီးအေတွင် ခုနစ်နှစ်ဆက်တိုက် ပြိုင်ဘက်ကင်းနေသည့် ဂျူဗင်တပ်အသင်းသည် ထိပ်တန်းတိုက်စစ်မှူးတစ်ဦးကိုလည်း ခေါ်ယူသွားရန်ရှိနေသည်။

## ယာယာတိုရေးကို ခေါ်ယူရန် ဝက်စ်ဟမ်းအသင်း ကမ်းလှမ်း



ဝက်စ်ဟမ်းအသင်းသည် မန်စီးတီးအသင်းမှ ကွင်းလယ်ကစားသမား ယာယာတိုရေးကို ခေါ်ယူရန် တရားဝင်ကမ်းလှမ်းလိုက်ကြောင်း သိရသည်။ နည်းပြ ပယ်လီဂရီနီ ကိုင်တွယ်နေသည့် ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့်ရာသီက ရလဒ်ပိုင်းကောင်းမွန်မှုမရှိဘဲ ဖိအားများဖြင့် ရင်ဆိုင်ခဲ့ရသည်။ သို့သော် ဝက်စ်ဟမ်းအသင်းသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီအကုန်တွင် ပရီးမီးယားလိဂ်တွင် အဆင့်(၁၃)တွင်ရပ်တည်ပြီး တန်းဆင်းဇုန်မှ လွတ်မြောက်နိုင်ခဲ့သည်။ နည်းပြ ပယ်လီဂရီနီအနေဖြင့် လာမည့်ရာသီတွင် ရလဒ်များကောင်းမွန်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။ ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းခြင်းကို ခံရသည့် ယာယာတိုရေးသည် မန်စီးတီးအသင်းတွင် တစ်ပတ်လုပ်ခ လစာ ပေါင် ၂၂၀၀၀၀ သိန်းရရှိနေသူဖြစ်သည်။

၂၀၁၀ ပြည့်နှစ်ကပင် ဘာစီလိုနာအသင်းမှ မန်စီးတီးအသင်းသို့ ရောက်ရှိလာသည့် ယာယာတိုရေးသည် မန်စီးတီးအသင်းသို့ ရောက်စနှစ်များက အသင်းအတွက် မရှိမဖြစ် ကစားသမားတစ်ဦးဖြစ်သော်လည်း ပြီးခဲ့သည့် နှစ်ရာသီဆက်တိုက်တွင်အသင်း၏ အရန်ကစားသမားအဖြစ်သာ ရှိနေခဲ့ခြင်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းမှုမှာ အောင်မြင်ဖွယ်ရှိနေသော်လည်း ကာယကံရှင် ကစားသမားကမူ မည်သည့်ဆုံးဖြတ်ချက်မျှ မချရသေးကြောင်း ထုတ်ဖော်ပြောဆိုလာသည်။ ဝက်စ်ဟမ်းအသင်းသည် ရာသီသစ်အတွက် ကစားသမားဖြည့်တင်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# စင်ကာပူနိုင်ငံသို့ စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

| ကျော်စိန်ဝင်း(ပြည်တွင်း/ပြည်ပ) |

**ယခင်တစ်ပတ်မှ အဆက်**

လယ်ယာထွက် စားသောက်ကုန်နှင့်တိရစ္ဆာန် ကျန်းမာရေး အာဏာပိုင် အဖွဲ့ (Agri-Food and Veterinary Authority-AVA) ဟာ တင်သွင်းလာတဲ့ အခြေခံထုတ်ကုန်တွေ၊ မွေးမြူရေး ထွက်ကုန်တွေနဲ့ ဆင့်တက်ပြုပြင်ထားတဲ့ စားသောက်ကုန်တွေ အားလုံးကို သက်ဆိုင်ရာ ဝင်ပေါက်တွေမှာ စစ်ဆေးခြင်းကို ဆောင်ရွက်ပါတယ်။ အထူးသဖြင့် ကြက်/ဘဲနှင့်အသားများ တင်သွင်းမှု တစ်ခုချင်းစီအတွက် စာရွက်စာတမ်း အထောက်အထားများ စစ်ဆေးခြင်းအပြင် ကျန်းမာရေးနှင့်ညီညွတ်မှုနဲ့ ရောဂါဘယ ကင်းစင်မှု၊ ပုပ်သိုးပျက်စီးမှုနှင့် စီးပွားရေးဆိုင်ရာ အတုအပပြုလုပ်ခြင်း စတာတွေကို စစ်ဆေးပါတယ်။ တင်သွင်းသူတွေအနေနဲ့ စင်ကာပူနိုင်ငံ သက်ဆိုင်ရာ အာဏာပိုင်တွေက ရုပ်ပိုင်းဆိုင်ရာစစ်ဆေးမှုနဲ့ ဓာတ်ခွဲစမ်းသပ်မှုတွေမှတစ်ဆင့် ရှင်းလင်း ဆောင်ရွက်မှုမပြီးမချင်း တင်သွင်းလာတဲ့ အသားနဲ့ ကြက်/ဘဲ ထုတ်ကုန်တွေကို ရောင်းချခြင်းမပြုရပါဘူး။ ဒီလိုစစ်ဆေးတဲ့ လုပ်ငန်းစဉ်ကို ခြွင်းချက် တစ်စုံတစ်ရာမရှိဘဲ တင်းကျပ်စွာ ဆောင်ရွက်တာလည်း ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံရဲ့အစားအစာ ဘေးကင်း လုံခြုံမှု စံနှုန်းတွေကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ စားသောက်ကုန် တင်သွင်းမှုတွေဟာ ငြင်းပယ်ခံရမှာဖြစ်ပြီး AVA ရဲ့ ကြီးကြပ်မှုနဲ့ အတူ ဖျက်ဆီးခံရမှာ လည်း ဖြစ်ပါတယ်။

ပင်လယ်စာများအား ဓာတုနည်းဖြင့် တာရှည်ခံအောင်ပြုလုပ်ထားခြင်း (အထူးသဖြင့် ခရုကမာကောင်၊ ခုံးကောင်၊ ယောက်သွား၊ ပင်လယ်ခူ၊ ဟင်းချက်ကဏန်းအသား) ကိုလည်း တင်းတင်းကျပ်ကျပ် စောင့်ကြည့် စစ်ဆေးပါတယ်။ အဆိုပါ ကုန်စည်များ စင်ကာပူနိုင်ငံသို့ ဆိုက်ရောက်ချိန်မှာ ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုနဲ့ ဓာတ်ခွဲစမ်းသပ်မှုတို့ကို လုပ်ဆောင်ပါတယ်။ အခွံမာရေသတ္တဝါ (shellfish) တင်သွင်းမှုကိုတော့ လက်ခံခွင့်ပြုထားတဲ့ ကျန်းမာသန့်ရှင်းမှုဆိုင်ရာ အစီအစဉ်တွေနဲ့ မွေးမြူထားသည့် နေရာများမှသာ တင်သွင်းခွင့်ပြုပါတယ်။ အခွံမာ ရေသတ္တဝါ တင်သွင်းမှု တစ်ခုချင်းစီအတွက် တင်သွင်းသည့် ပင်ရင်းနိုင်ငံမှ ကျန်းမာကြောင်း အသိအမှတ်ပြုလက်မှတ်ပါရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

AVA ဟာ တင်သွင်းလာတဲ့ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ အားလုံးကိုလည်း စစ်ဆေးပါတယ်။ ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှုကိုဓာတ်ခွဲ စမ်းသပ်စစ်ဆေးဖို့အတွက် နမူနာများကို ထုတ်ယူပါတယ်။ တင်သွင်းလာတဲ့ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများအား ထုပ်ပိုးထားသည့် ကတ်ထူဗူးများအားလုံးတွင် ပင်ရင်းနိုင်ငံနှင့်ထုပ်ပိုးထားသည့် အပင် အမျိုးအစားကို တံဆိပ်ကပ်၍ ဖြစ်စေ၊ ကတ်ပြားဖြင့် ချိတ်ဆွဲ၍ ဖြစ်စေဖော်ပြထားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံ စားသောက်ကုန်အက်ဥပဒေမှာ ဖော်ပြထားတဲ့ ဓာတ်ကြွင်းပါဝင်မှု အမြင့်ဆုံးအဆင့် (MRLs) ကိုကျော်လွန်တဲ့ ဟင်းသီးဟင်းရွက်နှင့်သစ်သီးဝလံများကိုတော့ တင်သွင်းမှု ငြင်းပယ်ခံရမှာဖြစ်ပြီး ဖျက်ဆီးပစ်မှာ ဖြစ်ပါတယ်။

**စားသောက်ကုန်ရောင်းချမှုအက်ဥပဒေကို ပြင်ဆင်ခြင်း**

စင်ကာပူနိုင်ငံရဲ့စားသောက်ကုန် ရောင်းချမှု အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂ ရက်မှာ ပါလီမန်သို့ ပထမအကြိမ် တင်သွင်းဖတ်ကြားခဲ့ပါတယ်။ ပြင်ဆင်ချက်ဟာ AVA ရဲ့အစားအစာ ဘေးကင်းလုံခြုံရေး အုပ်ချုပ်မှုနည်းစနစ်ကို ပိုမိုကောင်းမွန်စေဖို့၊ စားသုံးသူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးဖို့နဲ့ စားသုံးသူများအနေနဲ့ ရွေးချယ်မှုတွေ ပြုလုပ်နိုင်စေဖို့ ရည်ရွယ်တာဖြစ်ပါတယ်။ အဆိုပြုထားတဲ့ အဓိက ပြင်ဆင်ချက်တွေ အနေနဲ့ အောက်ပါတို့ကို တွေ့ရပါတယ်-

(က) အများပြည်သူကျန်းမာရေးကို မြှင့်တင်ပေးနိုင်ရေး စားသောက်ကုန် ဥပဒေလုပ်ထုံးလုပ်နည်းများအား ခြုံငုံမိစေရန် စားသောက်ကုန် ရောင်းချမှု အက်ဥပဒေ၏ နယ်ပယ်ကိုချဲ့ထွင်ခြင်းဖြင့် AVA အား စားသောက်ကုန်ဘေးကင်းလုံခြုံမှုကို ကျော်လွန်သော လုပ်ထုံးလုပ်နည်း အသစ်များအား ချမှတ်ခွင့်ပြုခြင်း၊

(ခ) ဘေးကင်းလုံခြုံမှုကို ခြိမ်းခြောက်နိုင်သည့် စားသောက်ကုန်နှင့် စားသောက်ကုန် ဆက်စပ်ပစ္စည်းများအတွက် ဆီလျော်မှုရှိသည့် အခြေခံပေါ်တွင် ပြန်လည်ဆင့်ခေါ်ခွင့်ကို AVA အား ခွင့်ပြုခြင်းဖြင့် အစား အစာဘေးကင်း လုံခြုံမှုကို တိုးတက်စေခြင်း၊

(ဂ) AVA ၏ လိုင်စင်ခွင့်ပြုနိုင်မှုအား လက်ရှိစားသောက်ကုန် တင်သွင်းသူနှင့် စားသောက်ကုန် ဆင့်တက်ပြုပြင်သည့် လုပ်ငန်းများကို (ဥပမာ- အသားနှင့်ပင်လယ်စာ အအေးခန်းများ၊ စားသောက်ကုန် ထုတ်လုပ်သူများ) ခွင့်ပြုနေခြင်းမှ လက်လီမဟုတ်သော စားသောက်ကုန် လုပ်ငန်းများ (Non-retail food businesses) အား (ဥပမာ- စားသောက်ကုန် သိုလှောင်ရုံများ၊ လက်ကား ရောင်းချသူများနှင့်ဖြန့်ဖြူးသူများ) တိုးတက်ခွင့်ပြုပေးခြင်း၊

**တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်များ**

တံဆိပ်ကပ်ခြင်းအတွက် ယေဘုယျလိုအပ်ချက် အနေနဲ့ကတော့ ဖျော်ရည်များအပါအဝင် ကြိုတင်ထုပ်ပိုးထားသည့် စားသောက်ကုန်များ အားလုံးဟာ သင့်လျော်တဲ့ တံဆိပ်ကပ်ဖော်ပြမှု ပါရှိရမှာဖြစ်ပါတယ်။ စားသောက်ကုန် တံဆိပ်ကပ်ဖော်ပြခြင်းနဲ့ ကြော်ငြာခြင်းများအတွက် လမ်းညွှန်ချက်ကို AVA က ၂၀၁၀ ခုနှစ်မှာ ထုတ်ပြန်ခဲ့ပြီး ၎င်းကို ၂၀၁၇ ခုနှစ် ဧပြီလမှာ နောက်ဆုံးအကြိမ် ပြင်ဆင်မှု ပြုလုပ်ထားခဲ့တယ်လို့ သိရပါတယ်။ ဒီနေရာမှာ စားသောက်ကုန်များ တံဆိပ်ကပ်ခြင်းဆိုင်ရာ လိုအပ်ချက်အချို့ကို တင်ပြပေးသွားလိုပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

| ရွှေစင်ဦး |

**ယခင်တစ်ပတ်မှအဆက်**

အကျိုးခံစားရသည့်နိုင်ငံသည် EU၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် တူရကီနိုင်ငံတို့တွင် ပင်ရင်းပင်ရင်းပြုထားသည့် ပစ္စည်းများကို ပေါင်းစည်းထည့်သွင်းနိုင်ပြီး ပင်ရင်းဒေသကို ဆုံးဖြတ်ရာ၌ မိမိနိုင်ငံတွင် ပင်ရင်းပင်ရင်းပြုခြင်းဟု ယူဆနိုင်သည်။ ဤနည်းလမ်းသည် EU နှင့် ၎င်း၏ GSP မိတ်ဖက်များမှ ပစ္စည်းများအား အသုံးပြုခြင်းကို လှုံ့ဆော်ပေးနိုင်သည်။ သတိမှတ်ထားသည့်အချက်မှာ EU မှ ကုန်တင်ပို့သူသည် ပင်ရင်းဒေသသက်သေခံလက်မှတ် EUR1 (သို့မဟုတ် ဆီလျော်မှုရှိပါက ငွေတောင်းခံလွှာကြေညာချက်) ကို GSP ပင်ရင်းဒေသဆိုင်ရာ စည်းမျဉ်းများအရ နှစ်နိုင်ငံအကြား ပေါင်းစပ် တွက်ချက်မှုအတွက် ထုတ်ပြန်ပေးနိုင်သည်။ ၎င်းအား ဥရောပပို့ကုန် တင်ပို့သူများအနေဖြင့် မှတ်ပုံတင်ရန်နှင့် ပင်ရင်းဒေသကို ကိုယ်တိုင်ထုတ်ဖော်ကြေညာရန်လိုသည့် REX စနစ်သစ်ဖြင့် လတ်တလော အစားထိုးထားသည်။

> **သတိပေးချက်။ ။ ပေါင်းစပ်တွက်ချက်မှုကို ကျင့်သုံးနိုင်ရန်နှင့် GSP ပင်ရင်းဒေသဆိုင်ရာ အထူးအခွင့်အရေးကို တောင်းဆိုနိုင်ရန် အကျိုးခံစားရသည့် နိုင်ငံ၌ကုန်ထုတ်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်းသည် အနိမ့်ဆုံးသော လုပ်ငန်းဆောင် ရွက်ခြင်းများကို ကျော်လွန်ရန်လိုအပ်သည်။ (နောက်တွင်လည်း ကြည့်နိုင်သည်)**

**၃၊၆၊၃ ဒေသတွင်းနှင့် အခြားပေါင်းစပ်တွက်ချက်မှုပုံသဏ္ဍာန်များ**

'ဒေသတွင်းပေါင်းစပ်တွက်ချက်မှု' ဆိုသည်မှာ ဒေသတွင်းအုပ်စုတစ်ခု၏ အဖွဲ့ဝင်ဖြစ်သည့် နိုင်ငံတစ်နိုင်ငံတွင် ပင်ရင်းပင်ရင်းပြုသည့် ကုန်ပစ္စည်းများကို အဆိုပါဒေသတွင်းအုပ်စု၏ အခြားအဖွဲ့ဝင်နိုင်ငံ (သို့မဟုတ် အုပ်စုများအကြား ပေါင်းစပ်တွက်ချက်မှုပြုထားပါက အခြားဒေသတွင်း အုပ်စုတစ်ခု၏ အဖွဲ့ဝင်နိုင်ငံ) တွင် ဆက်လက်လုပ်ဆောင်ပါက သို့မဟုတ် ထိုနိုင်ငံတွင်ထုတ်လုပ်သည့် ကုန်ပစ္စည်းများတွင် ပေါင်းစည်းထည့်သွင်းပါက ၎င်းနိုင်ငံတွင် ပင်ရင်းပင်ရင်းပြုသည့် ပစ္စည်းဟုယူဆခြင်းဖြစ်သည်။ သို့သော် အဆိုပါလုပ်ဆောင်ချက် သို့မဟုတ် ပြုပြင်ခြင်းလုပ်ငန်းစဉ်သည် အနိမ့်ဆုံးသော လုပ်ငန်းဆောင်ရွက်ခြင်းများကို ကျော်လွန်ရမည်ဖြစ်သည်။ (အချက် ၃၊၇၊၁ အားရှုရန်) GSP တွင် ဒေသတွင်းပေါင်းစပ်တွက်ချက်မှုကို ခွင့်ပြုထားသည့် ဒေသတွင်းအုပ်စု လေးခုရှိသည်-

(က) အုပ်စု (၁) - ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ/ဗမာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်။

(ခ) အုပ်စု (၂) - ဘိုလီဗီးယား ၊ ကိုလံဘီယာ၊ ကော့စတာရီကာ၊ အီကွေဒေါ၊ အယ်လ်ဆာဗေဒိုး၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်၊ နီကာရာဂွာ၊ ပနားမား၊ ပီရူး၊ ဗင်နီဇွဲလား။

(ဂ) အုပ်စု (၃) - ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မော်လဒိုက်ဗ်၊ နီပေါလ်၊ ပါကစ္စတန်၊ သီရိလင်္ကာ။

(ဃ) အုပ်စု (၄) - အာဂျင်တီးနား၊ ဘရာဇီး၊ ပါရာဂွေး၊ ဥရုဂွေး။

ဒေသဆိုင်ရာပေါင်းစပ်တွက်ချက်မှု စည်းမျဉ်းသစ်များကို ၂၀၁၄ ခုနှစ် ၊ ဇန်နဝါရီလ ၁ ရက်တွင် စတင် သက်ရောက်စေခဲ့သည်ဆိုသော်လည်း ဒေသဆိုင်ရာ ပေါင်းစပ်တွက်ချက်မှုသည် GSP အား ခံစားခွင့်ရှိသော နိုင်ငံများဖြစ်သည့် နိုင်ငံများ၌သာ ဖြစ်ပေါ်ပေမည်။ အဆိုပါ ခံစားခွင့်ရှိသောနိုင်ငံများတွင် ဝင်ငွေမြင့်မားသောနိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်အထက်ဆင့်ရှိနိုင်ငံများ မပါဝင်သလို (ကူးပြောင်းကာလ ၂ နှစ်တာကြာပြီးနောက်) EU နှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများလည်း မပါဝင်ပေ။ ခိုင်လုံအောင်ပြောရမည်ဆိုလျှင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ ဘရူနိုင်းနှင့် မလေးရှားနိုင်ငံတို့သည် ၎င်းတို့ဝင်ငွေမြင့်မားသော စီးပွားရေး အခြေအနေကြောင့် ဒေသဆိုင်ရာ ပေါင်းစပ်တွက်ချက်မှု၏ အစိတ်အပိုင်းအဖြစ်ဆက်လက်တည်ရှိမနေတော့ပေ။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ စတင်ကာထိုင်းနိုင်ငံအားလည်း အလားတူပုံစံမျိုးဖြစ်စေခဲ့သည်။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှစတင်ကာ မြန်မာနိုင်ငံသာလျှင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သော အောက်ပါအုပ် စု (၁) GSP နိုင်ငံများနှင့်အတူ ပေါင်းစပ်တွက်ချက်မှုပြုနိုင်သည်။ အခွန်ဦးစားပေးပုံ အဆင့်အတန်း အမျိုးမျိုးရှိသည့် နိုင်ငံများအကြား ကုန်သွယ်ရေးအား ထိခိုက်ခြင်းမှ ကာကွယ်သည့်အနေဖြင့် ဒေသတွင်းပေါင်း စပ်တွက်ချက်မှုတွင် သီးခြားထိ လွှယ်ရှလွှယ် ထုတ်ကုန်ပစ္စည်းများကို ဖယ်ချန်ထားသည်။ (၎င်းမှာ အသား၊ ဆန်၊ ဆန်မှုန့်၊ ကိုလာ သို့မဟုတ် ကော်ဖီနှင့် အခြားပြင်ဆင်ထားသည့် ထုတ်ကုန်ပစ္စည်းများဖြစ်သည်။)

> **မှတ်ရန် ။ ။ ဒေသတွင်းအုပ်စုတွင် အသုံးပြုသည့် သွင်းအားစု ပစ္စည်းများအား ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်ပေးသည့် ပင်ရင်းဒေသဆိုင်ရာ စည်းမျဉ်းများသည် EU GSP ROO ပေါ်၌ အခြေခံခြင်းဖြစ်ပြီး ဒေသတွင်း အထူးအခွင့်အရေးပေးသည့် အစီအစဉ်၏ ROO ပေါ်တွင် အခြေခံခြင်းမဟုတ်ပါ။**

အုပ်စု (၁) သို့မဟုတ် အုပ်စု (၂) မှ အကျိုးခံစားရသည့် နိုင်ငံ၏ အာဏာပိုင်များ၏ တောင်းဆိုမှုဖြင့် အဆိုပါ အုပ်စုများမှ နိုင်ငံများအကြား ဒေသအဆင့် ပေါင်းစပ်တွက်ချက်မှုကို ကော်မရှင်ကခွင့်ပြုနိုင်သည်။ သို့သော် GSP ROO ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် ချမှတ်ထားသည့် သတ်မှတ်ချက်တစ်ခုစီကို ပြည့်မီကြောင်း ကော်မရှင်က လက်ခံရန် လိုအပ်သည်။

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

စာမျက်နှာ (၁၄) မြန်မာ့ချဉ်ပေါင်ဖာလာများ …… မှအဆက်

ဂျာမနီတွင် Kuchen ဟုခေါ်သော ကိတ်မုန့်များတွင် လည်းကောင်း၊ ဒိန်းမတ်၊ နော်ဝေနှင့် ဆွီဒင်နိုင်ငံတို့တွင် Julekake ဟုခေါ်သည့် ခရစ်စမတ်ပေါင်မုန့်များတွင်လည်းကောင်း ဖာလာကိုအသုံးပြုကြပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဥရောပနိုင်ငံများမှ နိုင်ငံအလိုက်ဖာလာတင်သွင်းမှုမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

**၂၀၁၁ ခုနှစ်မှ ၂၀၁၅ခုနှစ်အတွင်း ဥရောပနိုင်ငံများမှ ဖာလာတင်သွင်းမှု အခြေအနေ**

ရေတွက်ပုံ-တန်

| စဉ် | နိုင်ငံ | ခုနှစ် | | | | |
|---|---|---|---|---|---|---|
| | | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
| ၁ | UK | ၉၁၀ | ၈၆၆ | ၇၃၀ | ၇၅၁ | ၆၅၂ |
| ၂ | ဂျာမနီ | ၅၈၆ | ၆၅၃ | ၆၇၂ | ၆၄၂ | ၅၅၁ |
| ၃ | နယ်သာလန် | ၅၂၈ | ၅၈၀ | ၇၂၉ | ၇၂၂ | ၆၅၂ |
| ၄ | ဆွီဒင် | ၂၇၂ | ၁၇၃ | ၂၄၁ | ၂၅၆ | ၂၇၂ |
| ၅ | ပြင်သစ် | ၁၇၅ | ၁၁၆ | ၁၄၉ | ၁၈၁ | ၁၉၀ |
| ၆ | ဖင်လန် | ၁၂၅ | ၁၃၅ | ၁၄၈ | ၁၃၁ | ၉၈ |
| | စုစုပေါင်း | ၂၅၉၆ | ၂၅၂၃ | ၂၆၆၉ | ၂၆၈၃ | ၂၄၁၅ |

၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံအလိုက် ဖာလာသုံးစွဲမှုအခြေအနေကို ကြည့်ပါက ယူကေနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ၁၃ ဂရမ်၊ ၂၀၁၂ ခုနှစ်တွင် ၁၂ ဂရမ်၊ ၂၀၁၃ ခုနှစ်တွင် ၁၀ ဂရမ်၊ ၂၀၁၄ ခုနှစ်တွင် ၉ ဂရမ်၊ ၂၀၁၅ ခုနှစ်တွင် ၈ ဂရမ်သုံးစွဲပြီး၊ ဂျာမနီနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ၅ ဂရမ်၊ ၂၀၁၂ ခုနှစ်တွင် ၅ ဂရမ်၊ ၂၀၁၃ ခုနှစ်တွင် ၆ ဂရမ်၊ ၂၀၁၄ ခုနှစ်တွင် ၆ ဂရမ်၊ ၂၀၁၅ ခုနှစ်တွင် ၅ ဂရမ်သုံးစွဲကြောင်းတွေ့ရသည်။ နယ်သာလန်နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ၅ ဂရမ်၊ ၂၀၁၂ ခုနှစ်တွင် ၁၀ ဂရမ်၊ ၂၀၁၃ ခုနှစ်တွင် ၅ ဂရမ်၊ ၂၀၁၄ ခုနှစ်တွင် ၁၂ ဂရမ်၊ ၂၀၁၅ ခုနှစ်တွင် ၈ ဂရမ်သုံးစွဲသည်ကိုတွေ့ရသည်။ ဆွီဒင်နိုင်ငံမှာမူ ၂၀၁၁ ခုနှစ်တွင် ၂၁ ဂရမ်၊ ၂၀၁၂ ခုနှစ်တွင် ၁၂ ဂရမ်၊ ၂၀၁၃ ခုနှစ်တွင် ၁၉ ဂရမ်၊ ၂၀၁၄ ခုနှစ်တွင် ၂၁ ဂရမ်၊ ၂၀၁၅ ခုနှစ်တွင် ၂၁ ဂရမ်သုံးစွဲ၍ ဖင်လန်နိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် ၂၁ ဂရမ်၊ ၂၀၁၂ ခုနှစ်တွင် ၂၂ ဂရမ်၊ ၂၀၁၃ ခုနှစ်တွင် ၂၆ ဂရမ်၊ ၂၀၁၄ ခုနှစ်တွင် ၂၂ ဂရမ်၊ ၂၀၁၅ ခုနှစ်တွင် ၁၅ ဂရမ်သုံးစွဲသည်ကို လေ့လာတွေ့ရှိရပါသည်။

UK၊ ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့မှာ အများဆုံးတင်သွင်းလျက်ရှိပြီး UK၊ ဆွီဒင်နှင့် ဖင်လန်နိုင်ငံတို့တွင် စားသုံးမှုနှုန်း မြင့်မားပါသည်။ ထို့ကြောင့် မြန်မာ့ချဉ်ပေါင်ဖာလာအား ဥရောပဈေးကွက်သို့ထိုးဖောက်ရန် အလားအလာ ကောင်းလျက်ရှိသည်ဟု သုံးသပ်ထင်မြင်မိပါသည်။ ထို့ကြောင့် ဥရောပ၏ ဖာလာဈေးကွက်သို့ တင်ပို့မည်၊ ဈေးကွက်ချိတ်ဆက်မည်ဆိုလျှင် အဆိုပါနိုင်ငံများ၏ လိုအပ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကိုလည်း သိရှိထားရန်လိုအပ်မည်ဖြစ်ပေသည်။

## ဖာလာအား ဥရောပဈေးကွက်သို့ထိုးဖောက်မည်ဆိုပါက လိုက်နာလုပ်ဆောင်ရမည့် အချက်များ

**တရားဝင်လိုအပ်ချက်များ (Legal Requirement)**

ဥရောပသို့ ဖာလာတင်ပို့မည်ဆိုပါက လိုက်နာဆောင်ရွက်ရမည့်အချက်များမှာ အစားအစာဘေးကင်းလုံခြုံမှု(Food Safety)၊ မှိုဆိပ်ပါဝင်မှု (Mycotoxins contamination)၊ ပိုးသတ်ဆေးကြွင်းပါဝင်မှု ပမာဏ (Maximum residue levels of pesticides) EU မှ ချမှတ်ထားသော ပိုးသတ်ဆေးကြွင်းပါဝင်မှု ပမာဏအတွင်း၌သာ ရှိရမည်ဖြစ်ပြီး ဖာလာများ ထွန်ယက်စိုက်ပျိုးရာတွင်လည်း မှတ်ပုံမတင်ထားသော ပိုးသတ်ဆေးများ သုံးစွဲခြင်းကို ရှောင်ရှားရပေမည်။ အဏုဇီဝပိုးမွှားများပါဝင်မှု (Microbiological contamination)နှင့် ဖြည့်စွက်ရောနှောခြင်းတို့ဖြစ်သည်။ ဖြည့်စွက်ရောနှောခြင်း ဆိုသည်မှာ ဖာလာအမှုန့်များအား ဈေးပေါသော ဖာလာအမျိုးအစား (သို့) ပုံစံတူအမှုန့်များဖြင့် ရောနှောကြခြင်း ဖြစ်ပါသည်။ ထိုသို့မသမာသောနည်းဖြင့် ရောနှောခြင်းသည် ဥရောပ ဝယ်ယူသူများအတွက် အရေးကြီး သော ပြဿနာတစ်ရပ်ဖြစ်ပြီး ဥရောပအစိုးရများကလည်း အစားအစာ အတုအပဥပဒေကို လိုက်နာရန် တင်းကျပ်ထားပါသည်။

**ဖြည့်စွက်လိုအပ်ချက်များ (Additional Requirement)**

ဈေးကွက်ထိုးဖောက်ရာ၌ လွယ်ကူစေရန် တရားဝင်မဟုတ်သော အခြားလိုအပ်ချက်များကိုလည်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ဥရောပ ဝယ်ယူသူများသည် အောက်ဖော်ပြပါအချက်များကိုလည်း ထည့်သွင်းစဉ်းစားလေ့ရှိကြပါသည်-

(က) အစားအစာ ဘေးကင်းလုံခြုံမှုအတွက် ထောက်ခံချက် (Food safety certification)။ ဥရောပနိုင်ငံများ၌ အရေးပါဆုံး အစားအစာများ ဘေးကင်းလုံခြုံရေးစီမံမှုစနစ်များမှာ British Retail Consortium (BRC)၊ International Featured Standards (IFS)၊ Food Safety Sytem Certification 22000 (FSSC22000)၊ Safety Quality Food(SQF)တို့ ဖြစ်ကြပါသည်။ BRC သည် UK ရှိ လက်လီရောင်းသူများမှ ကျင့်သုံးပေါ်ပေါက်လာသော ထောက်ခံချက်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် UK ဈေးကွက်သို့ ဦးတည်ထားမည်ဆိုပါက BRC သည် အရေးကြီးဆုံးအချက်တစ်ခုပင် ဖြစ်ပါသည်။

(ခ) Corporate Social Responsibility(CSR)။ ကုမ္ပဏီများတွင် CSR နှင့်ပတ်သက်သော လိုအပ်ချက်များရှိကြရမည်ဖြစ်ပြီး Supplier Ethical Data Exchange (SEDEX)၊ Ethical Traing Initiative(ETI)၊ Business Social Compliance Initiative(BSCI) ကဲ့သို့သော စံချိန်စံညွှန်းအထောက်အထားများလည်း ရှိကြရမည်ဖြစ်ပေသည်။

**ဈေးကွက်ကောင်းများ ရရှိရေးလိုအပ်ချက်များ**

ကောင်းမွန်သေချာသော ဈေးကွက်နှင့် ဥရောပရှိ ဝယ်ယူသူများကို ထိုးဖောက်နိုင်ရန်လိုအပ်သော စံသတ်မှတ်ချက်များမှာ Self-verification၊ အော်ဂဲနစ်ထုတ်ကုန်ဖြစ်ကြောင်း ထောက်ခံချက်၊တရားမျှတသော ကုန်သွယ်မှုဖြစ်ကြောင်း ထောက်ခံချက်တို့ဖြစ်ပါသည်။

**အရည်အသွေးဆိုင်ရာ လိုအပ်ချက်များ**

ထုတ်ကုန်၏ အရည်အသွေးသည် ဥရောပရှိ ဝယ်ယူသူများအတွက် သော့ချက်တစ်ခုပင် ဖြစ်ပါသည်။ ထို့ပြင် ဥရောပဟင်းခတ်အမွှေးအကြိုင်အဖွဲ့အစည်း (European Spice Association-ESA) မှ ထုတ်ပြန်သော Quality Minima Document ကို လိုက်နာရန်လည်း လိုအပ်ပါသည်။ အဆိုပါ အရည်အသွေးသတ်မှတ်ချက်များတွင် ဓာတုဗေဒဆိုင်ရာ သတ်မှတ်ချက်များနှင့် ရုပ်ပိုင်းဆိုင်ရာသတ်မှတ်ချက်များပါဝင်ပြီး အဆိုပါသတ်မှတ်ချက်များမှာ-ash(max;၉%)၊ acdic-insoluble ash (max;2..၅%)၊ Moisture(max;၁၂%)၊ volatile oil(min;4 ml/100g)တို့ဖြစ်ပါသည်။

**အညွှန်းအမှတ်အသားဆိုင်ရာ လိုအပ်ချက်များ**

ဥရောပရှိဝယ်ယူသူများအတွက် မှန်ကန်သော အညွှန်းအမှတ်အသားပါဝင်မှုမှာလည်း အရေးကြီးပါသည်။ ထို့ကြောင့် မိမိ၏ထုတ်ကုန်နှင့်ပတ်သက်၍ အညွှန်းအမှတ်အသား ပါဝင်ဖို့ရန် အထူးဂရုပြုလုပ်ဆောင်ကြဖို့လိုအပ်မှာ ဖြစ်ပါသည်။ ဖာလာများအတွက် အောက်ပါအညွှန်းအမှတ်အသား ပါဝင်ဖို့ရန် အထူးဂရုပြုလုပ်ဆောင်ကြဖို့ လိုအပ်မှာ ဖြစ်ပါသည်။ ဖာလာများအတွက် အညွှန်းသတ်မှတ်ချက်များမှာ ထုတ်ကုန်အမည်၊ ထုတ်လုပ်သူ၏ အသေးစိတ် အချက်အလက်များ (အမည်၊ နေရပ်လိပ်စာ)၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ထုတ်လုပ်သည့်ရက်စွဲ၊ ထုတ်ကုန်၏ အဆင့်အတန်း၊ ထုတ်လုပ်သည့်နိုင်ငံ၊ ခူးဆွတ်သည့် ရက်စွဲ(လ၊နှစ်)နှင့် ပါဝင်မှုအလေးချိန်တို့ဖြစ်သည်။

ဖာလာ၏ အဆင့်အတန်း (grade)ကိုပြသရန် အညွှန်းပေါ်တွင် အရောင်များ ဖော်ပြရပေမည် (ဥပမာ-အစိမ်းရင့်၊ အစိမ်း၊ အစိမ်းဖျော့၊ အညိုရောင်)။ အကယ်၍ မိမိ၏ဖာလာများမှာ တစ်ရောင်တည်းမဟုတ်ပါက အညွှန်းပေါ်တွင် အရောင်ဖော်ပြရန်မလိုပေ။ Buyer များသည် ဖာလာများဝယ်ယူရာတွင် သေချာကောင်းမွန်သော အရောင်၊ အဆင့်ရှိသည့် ဖာလာများကိုသာ စိတ်ဝင်စားလေ့ရှိကြပါသည်။

**ထုပ်ပိုးမှုဆိုင်ရာ လိုအပ်ချက်များ**

ဖာလာများကို ထုပ်ပိုးရာတွင် နှစ်ထပ်လုပ်ထားသော ဂုန်နီအိတ်များ(၄၂-၅၀ကီလိုဂရမ်) ဖြင့်လည်းကောင်း၊ poly -thene ခံထားသော အထည်သားအိတ်များ (၄၂-၅၀ ကီလိုဂရမ်)ဖြင့်လည်းကောင်း ကောင်းစွာထုပ်ပိုးသင့်ပေသည်။ Premium-grade ဖာလာများကိုမူ လေဟာနယ်ပါသောအိတ်များဖြင့်ထုပ်ပိုးပြီး သဘော်တင်ပါက ၅ ကီလိုဂရမ် ကတ်ထူပုံးများဖြင့် ထုပ်ပိုးရပေသည်။

## ဥရောပ ဖာလာဈေးကွက်တွင် မည်သို့သော ယှဉ်ပြိုင်မှုများနှင့် ရင်ဆိုင်ရမည်လဲ

ဥရောပဈေးကွက်သို့ အဓိကတင်ပို့သူမှာ ဂွါတီမာလာနိုင်ငံဖြစ်ပြီး ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်တင်ပို့ခဲ့ပါသည်။ သို့သော်လည်း အိန္ဒိယ၏တင်ပို့မှုမှာ နှစ်စဉ် ၁၁ ရာခိုင်နှုန်း လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။ ၂၀၁၅ ခုနှစ်တွင် ဖာလာတင်သွင်းမှု၏ ၆၄ရာခိုင်နှုန်းကို ဂွါတီမာလာနိုင်ငံက တင်ပို့ခဲ့ပြီး ၆ ဒသမ ၅ရာခိုင်နှုန်းကိုမူ အိန္ဒိယနိုင်ငံက တင်ပို့ခဲ့သည်ကို တွေ့ရှိရပါသည်။ အခြားတင်ပို့သည့်နိုင်ငံများအနေဖြင့် ဟွန်ဒူးရပ်စ်က ၃ ဒသမ ၃ ရာခိုင်နှုန်း၊ သီရိလင်္ကာက သုည ဒသမ ၉ ရာခိုင်နှုန်း၊ ဗီယက်နမ်က သုည ဒသမ ၃ရာခိုင်နှုန်းနှင့် လက်ဘနွန်က သုည ဒသမ ၃ရာခိုင်နှုန်းတို့ဖြစ်ကြပါသည်။ ထို့ကြောင့် ဥရောပ၏ ဖာလာလိုအပ်ချက်ကို ထောက်ပံ့နိုင်မှုမှာ ဂွါတီမာလာနိုင်ငံ၏ ထုတ်လုပ်မှုအခြေအနေပေါ်တွင် များစွာမူတည်လျက်ရှိပါသည်။ မထင်မှတ်သော ရာသီဥတု အခြေအနေများနှင့် ပိုးမွှားများအန္တရာယ်ကြောင့် ဂွါတီမာလာနိုင်ငံ၏ ဖာလာထွက်ရှိမှုမှာ တည်ငြိမ်မှုမရှိပေ။ ဤအခြေအနေများသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်သွင်းနိုင်ရေးအတွက် အခွင့်အရေးများပင်ဖြစ်ပါသည်။ ဥရောပဝယ်ယူသူများသည် သေချာသော ထောက်ပံ့မှုမျိုးဖြစ်စေရန် အလို့ငှာ ထောက်ပံ့သူများနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံကြရန် လိုလားကြပါသည်။ ထောက်ပံ့သူများအနေဖြင့် အရည်အသွေးကောင်းသော ဖာလာများ အစဉ်အမြဲပေးပို့ခြင်း၊ ပေးပို့သည့်ကြာချိန်မှန်ခြင်း၊ ဘေးကင်းလုံခြုံခြင်း စသည်တို့ကို လိုက်နာဆောင်ရွက်ပါက ဝယ်ယူသူများက ဈေးကောင်းပေးကြပါသည်။

## မြန်မာ့ချဉ်ပေါင်ဖာလာများ ပြည်ပဈေးကွက်များသို့ ထိုးဖောက်နိုင်စေဖို့

ဖာလာသီးနှံသည် ကမ္ဘာ့ဈေးကွက်ခိုင်မာသည့်နည်းတူ စားသုံးမှု၊ သုံးစွဲမှုများမှာလည်း မြင့်မားလျက်ရှိနေရာ ရေရှည်အတွက်အကျိုးရှိစေမည့် ကမ္ဘာ့ဈေးကွက်ဝင်သီးနှံတစ်ခုပင် ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာ့ဖာလာများ ကမ္ဘာ့ဈေးကွက်တွင် ဝင်ဆံ့စေဖို့ရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပေသည်။ ထိုသို့ ကမ္ဘာ့ဈေးကွက်ဝင်ဆံ့စေရန်မှာလည်း သီးနှံ၏ အရည်အသွေးကောင်းမွန်မှုမှာ အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေပေသည်။ ထို့ကြောင့် စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံးကို စနစ်တကျပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ကြရပေမည်။ အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များရရှိပြီဆိုပါက ကောင်းမွန်သည့်ဈေးကွက်သို့ စီးဆင်းရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ ကဏ္ဍတစ်ခုလုံး အောင်မြင်တိုးတက်ဖွံ့ဖြိုးပေမည်။ မြန်မာဖာလာများ ပြည်ပဈေးကွက်များ၌ နေရာရစေရန် လုပ်ဆောင်ကြရာတွင် ထုတ်လုပ်မှုကဏ္ဍ၊ ဈေးကွက်တင်ပို့မှုကဏ္ဍ၊ ဈေးကွက်ချိတ်ဆက်ထိုးဖောက်မှုကဏ္ဍ စသည့်ကဏ္ဍအလိုက် ထုတ်လုပ်သူများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအစိုးရဌာနများက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရပေမည်။ ဈေးကွက် ထိုးဖောက်ချိတ်ဆက်ရာတွင် သက်ဆိုင်ရာဈေးကွက်၏ အခြေအနေ၊ ဈေးကွက်လိုအပ်ချက်၊ စည်းမျဉ်းစည်းကမ်းများ နှင့် သတ်မှတ်ချက်များ စသည်တို့ကို လေ့လာသုံးသပ်ကာ ထုတ်ကုန်များလွယ်ကူအဆင်ပြေစွာ စီးဆင်းနိုင်ရေး ဆောင်ရွက်ကြရပေမည်။ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပုံမှန်ဈေးကွက်တစ်ခုတည်းသာ အားကိုးခြင်းမျိုးမဟုတ်ဘဲ ရေရှည်အလားအလာကောင်းမည့် ဈေးကွက်များသို့ဖြန့်ကြက်ထားရန်လည်း လိုအပ်ပါသည်။ ထို့ပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်ကာ စနစ်တကျလုပ်ဆောင်သွားရန်လည်း လိုအပ်ပါသည်။

ဖာလာစိုက်ပျိုးထုတ်လုပ်သည့် အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌လည်း ဖာလာစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို လေ့လာသုတေသနပြု မှတ်တမ်းတင်ခြင်း၊ ကမ္ဘာ့ထွက်ရှိမှု၊ သုံးစွဲမှု လိုအပ်ချက်များကို လေ့လာသုံးသပ်ကာ ပြည်တွင်းထုတ်လုပ်နိုင်မှု မြင့်မားရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ အစီအမံများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။ ထုတ်လုပ်မှုနည်းပညာများကို လေ့လာသုတေသနပြုလုပ်ခြင်း၊ ဈေးကွက်သတင်းအချက်အလက်များကိုလည်း စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအထိ ဖြန့်ဝေခြင်း၊ ဈေးကွက်သုတေသနလုပ်ငန်း ဆောင်ရွက်ခြင်း စသည်တို့ကို အလေးထား၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများသည် မြန်မာ့ချဉ်ပေါင်ဖာလာများအား ကောင်းမွန်သည့် ပြည်ပဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်စေမည့် အဓိကအကြောင်းတရားများပင်ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်း ရေးသားလိုက်ရပါသည်။


**ကျမ်းကိုးစာရင်း-**

(၁) Global Production of Cardamon

(၂) Market of Cardamon in European Union

(၃) ချဉ်ပေါင်ဖာလာသုတေသနစာတမ်း၊
စားသုံးသူရေးရာဦးစီးဌာန(ကရင်ပြည်နယ်)



## အင်ဒိုနီးရှား လက်လီကော်ဖီဈေးကွက် အလားအလာကောင်းလျက်ရှိ

အင်ဒိုနီးရှားနိုင်ငံ၏ လက်လီကော်ဖီဈေးကွက်သည် ကမ္ဘာ့အကြီးဆုံးဈေးကွက်တစ်ခုအဖြစ် ပါဝင်လာကြောင်း ကမ္ဘာ့ဈေးကွက်သုတေသန အေဂျင်စီ Mintel က မေ၃၁ ရက်တွင် ထုတ်ပြန် ဖော်ပြခဲ့သည်။ သုတေသနပြုလုပ်ချက်အရ အင်ဒိုနီးရှား လက်လီကော်ဖီဈေးကွက် တိုးတက်မှုသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း နှစ်စဉ် ၁၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်နိုင်ဖွယ်ရာရှိကြောင်း သိရသည်။ အဆိုပါ တိုးတက်မှုသည် လက်လီကော်ဖီဈေးကွက်တွင် အမြန်ဆုံးနှင့် အမြင့်ဆုံးနှုန်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၏နောက်တွင် ဗီယက်နမ်နိုင်ငံက ၉ ဒသမ ၂ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ တူရကီနိုင်ငံက ၆ ဒသမ ၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံက ၆ ဒသမ ၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ မက်စီကိုနိုင်ငံက ၆ ဒသမ ၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး နေရာယူလျက်ရှိသည်။

"အင်ဒိုနီးရှား၊ စင်ကာပူနဲ့ ဂျပန်မှာ Coffee House တွေ အပြိုင်အဆိုင်ပေါ်ထွက်လာတာကိုကြည့်ရင် အာရှမှာ ကော်ဖီယဉ်ကျေးမှု ဘယ်လောက်နေရာယူလာတယ်ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ နာမည်ကြီး ကော်ဖီကုမ္ပဏီတွေကလည်း အာရှမှာ လုပ်ငန်းခွဲတွေ တည်ထောင်ဖို့ ကြိုးစားနေကြတယ်"ဟု Mintel မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ကော်ဖီဆိုင်များ နှစ်ဆခန့် တိုးပွားလာပြီး မြို့တော်ဂျကာတာတွင် ကော်ဖီဆိုင်သစ်များ ပိုမိုဖွင့်လာကြသည်။ အမေရိကန်အခြေစိုက် ကော်ဖီကုမ္ပဏီကြီးတစ်ခုဖြစ်သော Starbucks သည် ၂၀၀၂ ခုနှစ်ကတည်းက အင်ဒိုနီးရှားနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ယခုအခါ မြို့ပေါင်း ၂၂ မြို့တွင် ဆိုင်ခွဲပေါင်း ၂၄၀ ခု ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကော်ဖီအဖွဲ့၏ထုတ်ပြန်ချက်အရ အင်ဒိုနီးရှားနိုင်ငံသည် စတုတ္ထမြောက် အကြီးမားဆုံး ကော်ဖီသောက်သုံးသည့်နိုင်ငံဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင် ကော်ဖီတန်ချိန် ၂၇၆၀၀၀ တန်ကို ပြည်တွင်းတွင် သုံးစွဲခဲ့ကြောင်း တွေ့ရသည်။

ပြီးခဲ့သည့် နှစ်ကထုတ်ပြန်ခဲ့သည့် Mintel ၏ နှစ်စဉ်ထုတ်ပြန်ချက် အစီရင်ခံစာအရ ကမ္ဘာ့ကော်ဖီသောက်သုံးမှု တိုးတက်နှုန်းတွင် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း အသင့်သုံး ကော်ဖီမစ်ထုတ် သောက်သုံးမှု အမြင့်ဆုံးဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**ခင်လေးယု**

## အမေရိကန်၏ သံမဏိသွင်းကုန်အခွန် တိုးမြှင့်မှုအပေါ် EU မှ ကန့်ကွက်ခြင်းကို ကနေဒါထောက်ခံ

သံမဏိနှင့် အလူမီနီယံ တင်သွင်းမှုအား အမေရိကန်နိုင်ငံမှ အခွန်တိုးမြှင့်လိုက်ခြင်းနှင့် ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) တွင် ဥရောပသမဂ္ဂ(EU)မှ ကန့်ကွက် အငြင်းပွားမှုအပေါ် ကနေဒါနိုင်ငံမှ ထောက်ခံကြောင်း ဇွန်လတွင် ထုတ်ပြန်လိုက်သည်။

"နိုင်ငံရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့အတွက် သွင်းကုန်မြင့်တက်ခြင်းအပေါ် အကာအကွယ်ပေးဖို့ဆိုတဲ့ မခိုင်မာတဲ့ အကြောင်းပြချက်တွေနဲ့ ဒီလိုတစ်ဖက်သတ် အခွန်စည်းကြပ်တာဟာ အမေရိကန်အနေနဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်တွေနဲ့ WTO ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်တာပါ"ဟု ကနေဒါနိုင်ငံခြားရေး ဝန်ကြီးက ပြောခဲ့သည်။

"အမေရိကန်နိုင်ငံအနေနဲ့ ဒီလိုတစ်ဖက်သတ်ပြုမူတာကို ကနေဒါနိုင်ငံက ကန့်ကွက်ပါတယ်။ အခြား ကနေဒါနဲ့ သဘောထားတူညီတဲ့ နိုင်ငံတွေနဲ့ အတူ ကနေဒါနိုင်ငံက ဥရောပသမဂ္ဂ (EU) ကို နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ထောက်ပံ့သွားမယ်"ဟု ဝန်ကြီးက ထပ်မံပြောခဲ့သည်။

ကမ္ဘာ့နိုင်ငံအများအပြားမှ အဆိုပါကိစ္စကို ကန့်ကွက်ခဲ့သော်လည်း အမေရိကန်နိုင်ငံသည် သံမဏိတင်သွင်းမှုအပေါ် အခွန် ၂၅ ရာခိုင်နှုန်းနှင့် အလူမီနီယံ တင်သွင်းမှုအပေါ် ၁၀ ရာခိုင်နှုန်း အခွန်တိုးမြှင့်ကောက်ခံရန် မတ်လက ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။ သို့ရာတွင် ပြင်းထန်သော ကန့်ကွက်ဝေဖန်မှုများကြောင့် ယာယီကောက်ခံမှုသာ ဖြစ်နိုင်ကြောင်း အချို့က သုံးသပ်ထားသည်။

ထိုသို့ သွင်းကုန်အခွန် တိုးမြှင့်လိုက်သည့်အတွက် ကနေဒါနိုင်ငံသည် အမေရိကန်နိုင်ငံသို့ သံမဏိနှင့် အလူမီနီယံတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆ ဘီလီယံနှင့် အထက် အခွန်ကျသင့်ခဲ့ကြောင်း သိရသည်။

**ခင်လေးယု**

## လာအိုနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်ထောက်ပံ့



လာအိုနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးရန်နှင့် စပါး၊ ပြောင်းနှင့် ဟင်းသီးဟင်းရွက်များ အထွက်နှုန်းတိုးပြီး အကျိုးအမြတ်များစေရန် ရည်ရွယ်၍ ကမ္ဘာ့ဘဏ်မှ Lao PDR Agriculture Competitiveness Project ဖြင့် ကူညီထောက်ပံ့မည်ဖြစ်ကြောင်းသိရသည်။ ၎င်းပရောဂျက်သည် အမေရိကန်ဒေါ်လာ ၂၅ မီလီယံ တန်ဖိုးရှိပြီး လယ်သမား တစ်သိန်းလေးသောင်းကျော်ကို ကူညီပေးမည်ဖြစ်သည်။

လာအို ရွာပေါင်း ၂၂၄ ရွာရှိ လယ်ယာစိုက်ပျိုးသည့် အိမ်ထောင်စုပေါင်း နှစ်သောင်း ရှစ်ထောင်ကျော်ကို အရည်အသွေးမီ စိုက်ပျိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အထွက်တိုးရန်၊ လယ်သမားများအား စွမ်းဆောင်ရည်မြင့်တက်စေရန်၊ သီးနှံများ ရောင်းဝယ်မှုအတွက် ဈေးကွက်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါပရောဂျက်ဖြင့် ကူညီမည်ဖြစ်ပြီး အရည်အသွေးပြည့်မီသော မျိုးရွေးချယ်မှု၊ ရေသွင်းစိုက်ပျိုးရေး နည်းစနစ်များ၊ အကြံဉာဏ်များပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် သယ်ယူပို့ဆောင်ရောင်းချရာတွင် ကုန်ကျစရိတ် လျှော့ချနိုင်ရေးတို့အပြင် လယ်သမားတို့၏ လူနေမှုဘဝ မြင့်မားရေးတို့အတွက်လည်း ကူညီမည်ဖြစ်ကြောင်း သိရသည်။

လောလောဆယ်တွင် လာအို၏ လယ်ယာကဏ္ဍသည် သီးနှံအထွက်နှုန်း၊ အရည်အသွေးပြည့်မီမှုတို့နှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဈေးကွက်နှင့် ပြည်တွင်းဈေးကွက်တို့၌ အခက်အခဲများစွာကို ရင်ဆိုင်နေရသည်။ ထို့ကြောင့် ယခုပရောဂျက်ဖြင့် စိုက်ပျိုးစရိတ် လျှော့ကျပြီး အရည်အသွေးမီ သီးနှံများကို တိုးမြှင့် ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်ရှာဖွေဖော်ထုတ်နိုင်ရေး၊ အထွက်တိုး၍ ပျက်စီးမှုနည်းပါးပြီး သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေသည့် ခေတ်မီ စိုက်ပျိုးနည်းများ အသုံးပြုနိုင်ရန်အပြင် နည်းပညာပိုင်းဆိုင်ရာ ပြောင်းလဲမှုများကို ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

"လာအိုနိုင်ငံဟာ စိုက်ပျိုးရေးကို အားထားနေရဆဲပါပဲ။ ဒါကြောင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖို့အတွက် အကူအညီတွေ လိုအပ်နေပါတယ်။ ပိုပြီး ထိရောက်တဲ့ ပြိုင်ဆိုင်နိုင်စွမ်းရှိတဲ့ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိတဲ့ နည်းပညာတွေ လိုအပ်နေပါတယ်"ဟု လာအိုနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ် ကိုယ်စားလှယ်က ပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်လေးယု**

## ဗီယက်နမ်မှ အခွံတွင်အရောင်သုံးမျိုးပါသရက်သီးများ ဩစတြေးလျသို့ တင်ပို့

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ပြည်နယ် An Giang ၌ အခွံတွင် အရောင်သုံးမျိုးပါ သရက်သီးတန်ချိန် ၅ ဒသမ ၄ တန်အား ဩစတြေးလျနိုင်ငံသို့ ပထမအကြိမ်တင်ပို့ခဲ့ကြောင်း ပြည်နယ်ပြည်သူ့ရေးရာကော်မတီမှ ထုတ်ပြန်ခဲ့ပါတယ်။ သရက်သီး၏အခွံရောင်မှာ အစိမ်းရောင်မှ အဝါရောင်၊ သရက်သီးများ ရင့်မှည့်လာသည့်အခါ အနီဖျော့ရောင်နှင့် ပန်းခရမ်းရောင်သို့ ပြောင်းလဲလာပါတယ်။ ဒါကြောင့် ဒေသတွင်းမှာ အရောင်သုံးမျိုးပါသရက်လို့ခေါ်ဝေါ်ခဲ့ပါတယ်။ သရက်သီးမျိုးစေ့ကို ထိုင်ဝမ်နိုင်ငံမှ တင်သွင်းခဲ့ပြီး ထိုသရက်သီးသည် အရွယ်အစားကြီးမားခြင်း၊ နှစ်လိုဖွယ်အရောင်ရှိခြင်းနဲ့ အရသာ ကောင်းမွန်ခြင်းတို့ကြောင့် မဲခေါင်မြစ်ဝှမ်းဒေသမှာ လွန်ခဲ့သောနှစ်များစွာကတည်းက အရောင်သုံးမျိုးပါသရက်သီး အမျိုးအစားသည် ပို၍ထင်ရှားလာခဲ့ပါတယ်။ သရက်ပင်များသည် စိုက်ပျိုးပြီး ၁၈ လအကြာ အပင်ကောင်းစွာ ကြီးထွားပြီး အပွင့်များပွင့်ကာအသီး ဖြစ်ပေါ်လာပါတယ်။ အသီး၏ပုံသဏ္ဍာန်သည် အလေးချိန်ပျမ်းမျှ ၄၅၀ ဂရမ် မှ ၇၀၀ ဂရမ်ကြားရှိပြီး အကြီးဆုံး အလုံးမှာ နှစ်ကီလိုနီးပါးရှိပါတယ်။

ဗီယက်နမ်နိုင်ငံ Cho Moi ခရိုင် တွင် စိုက်ပျိုးနေသော သရက်ခြံမှ သရက်သီးများသည် စိုက်ပျိုးရေး အလေ့အကျင့်ကောင်းစံနှုန်းအတိုင်း စိုက်ပျိုးထားသဖြင့် ဧပြီလဆန်းကတည်းက ရွေးချယ်ထားရန် တောင်ပိုင်း Beb Tre ပြည်နယ်တွင်းရှိ Chanh Thu ပို့ကုန်သွင်းကုန်ကုမ္ပဏီနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း An Giang လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူး Nguyen Si Lam က ပြောကြားခဲ့ပါတယ်။ အမေရိကန်နိုင်ငံသို့လည်း မကြာခင်တွင် သရက်သီးများ တင်ပို့နိုင်လိမ့်မည်ဖြစ်ကြောင်း Nguyen Si Lam က ထပ်လောင်းပြောကြားခဲ့ပါတယ်။

ဒေသအာဏာပိုင်၏ ချိတ်ဆက်ပေးမှုအရ စီးပွားရေးလုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်သူများပူးပေါင်း၍ အရည်အသွေးကောင်းမွန်သည့် သရက်သီးများ ထုတ်လုပ်ရန်အတွက် စိုက်ပျိုးသူ အိမ်ထောင်စု ၇၃၀ ခန့်ကို သင်တန်းများပေးခဲ့ပြီးကြောင်း An Giang အပင် ပိုးမွှား ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဌာနမှ Nguyen Phuoc Thanh ၏ တရားဝင် ပြောကြားချက်အရ သိရှိရပါတယ်။

**နှင်းပန်းဖြူ**




# International Trade Services

## သွင်းကုန်လုပ်ငန်း

- ပြည်တွင်းသွင်းကုန် ငွေလွှဲစာတမ်းများ ဖွင့်လှစ်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းပြင်ဆင်ခြင်း။
- သွင်းကုန် ငွေလွှဲစာတမ်းအတွက် ငွေပေးချေခြင်း။
- ပြည်တွင်းငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း၊ ယုံကြည်မှုဖြင့် ဝယ်ယူထားသော ကုန်ပစ္စည်းအား ထုတ်ပေး၍ ယာယီ ချေးငွေဖြင့် ငွေပေးချေခြင်း။
- ကောက်ခံရေးစနစ်ဖြင့်ရောက်ရှိလာသောသွင်းကုန်ပစ္စည်းဖိုးအား ပေးချေခြင်း။
- သင်္ဘောတင်စာရွက်စာတမ်း အာမခံထုတ်ပေးသော ဝန်ဆောင်မှု။

## ပို့ကုန်လုပ်ငန်း

- ပို့ကုန်ငွေလွှဲစာတမ်း ဝန်ဆောင်မှု။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ငွေလွှဲစာတမ်းစနစ်)။
- ပို့ကုန်ရငွေအား ကောက်ခံပေးခြင်း (ကောက်ခံရေးစနစ်)။
- ငွေလွှဲစာတမ်းဖြင့် ပြုလုပ်ထားသော ကုန်တင်ပို့သည့် စာရွက်စာတမ်း အထောက်အထားပေါ်တွင် ငွေကြိုတင် ထုတ်ပေးခြင်း။

## Export Financing

- သင်္ဘောမတင်မီ ချေးငွေထုတ်ယူခြင်း။
  (၁) သင်္ဘောမတင်မီ ကုန်ပစ္စည်း ဝယ်ယူထုတ်လုပ်ရန် ကြိုတင်ချေးငွေ ထုတ်ပေးခြင်း။
- သင်္ဘောတင်ပြီး ကြိုတင်ငွေထုတ်ယူခြင်း။
  (၁) ကုန်တန်ဘိုးငွေတောင်းခံလွှာပေါ်တွင် ချေးငွေထုတ်ပေးခြင်း။
  (၂) ဆိုင်းငံ့ကာလဖြင့် အသုံးပြုထားသော ထုတ်ကုန်ငွေလွှဲစာတမ်း ပေါ်တွင် သင်္ဘောတင်စာရွက်စာတမ်း အထောက်အထားများ ဝယ်ယူခြင်း။
  (၃) DP စနစ်ဖြင့် ကုန်ပစ္စည်းတင်ပို့သော စာရွက်စာတမ်းများ ဝယ်ယူခြင်း။

## International Funds Transfer (T.T.)

- ပြည်ပမှ လွှဲပို့ငွေများအား Customer ၏ စာရင်းသို့ ထည့်သွင်းပေးခြင်း။
- ပြည်ပသို့ Customer ၏ နိုင်ငံခြားငွေစာရင်းမှ ငွေကို ငွေလွှဲပေးပို့ခြင်း။

## Bank Guarantee

- Standby Letter of Credit ဖွင့်လှစ်ခြင်း နှင့် ပြင်ဆင်ခြင်း။
- Standby letter of Credit အကြောင်းကြားခြင်း နှင့် ပြင်ဆင်ချက်များအား အကြောင်းကြားပေးခြင်း။
  (e.g. Bid Bond Guarantee, Performance Guarantee, Payment Guarantee, Warranty Guarantee)

Best Structured Trade Finance in Myanmar Award 2017 (The Asset Triple A)

Best Trade Finance in Myanmar Award 2017 (Asian Banking and Finance)

**Call Centre : (+951) 231 7770**

**Hotline :**

(+951) 378 644 - **Trade (Import/ Export)**
(+951) 378 643 - **Outward Remittance**
(+951) 378 645 - **Inward Remittance**

www.cbbank.com.mm
CBBankmyanmar
trade.dept@cbbank.com.mm




# THE ALL-NEW BMW X3.

## ON A MISSION.

The all-new BMW X3 is a statement of unlimited oppotunities and an expression of sheer presence and freedom, it offers supreme driving comfort both on and off the road, ready for every challenge, new interface design with touch and gesture control, modern and highly exclusive interior with plenty of storage space.





**Prestige Automobiles Co., Ltd. The Exclusive Authorised BMW Dealer in Myanmar.**
**Yangon Showroom:** Tel: +95 1 230 6133 **Service Hotline:** 01-230 6144
**Mandalay Pavilion Showroom:** Tel: +95 9 255112181 **Service Hotline:** 09 255112183
**Email:** info@pac-bmw.com **Website:** www.bmwmyanmar.com

Join BMW Myanmar
www.facebook.com/BMWPAC

COMMERCE INTERNATIONAL

# ZTE ကိစ္စနှင့်ပတ်သက်၍ အမေရိကန်နှင့် တရုတ်တို့ သဘောတူညီမှုရ

တရုတ်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် တရုတ်နိုင်ငံ၏ စမတ်ဖုန်းထုတ်လုပ်ရေး ကုမ္ပဏီ ZTE ပြိုကွဲလုနီးပါးဖြစ်ခဲ့ရသော ဒဏ်ခတ်ပိတ်ဆို့မှုများလျှော့ချရေးအတွက် သဘောတူညီမှုတစ်ရပ်ကိုရရှိခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုက ဇွန် ၇ ရက်တွင် ပြောကြားသည်ကို ကိုးကား၍ အေအက်ဖ်ပီသတင်း၌ ဖော်ပြသည်။ ယခုကဲ့သို့ သဘောတူညီမှုရရှိခြင်းသည် နှစ်နိုင်ငံအကြားဖြစ်ပွားနေသော ကုန်သွယ်မှုဆွေးနွေးပွဲများ တိုးတက်မှုရှိလာမည့် လက္ခဏာကို ပြသလျက်ရှိသည်ဟု ဖော်ပြသည်။

ယခုကဲ့သို့ သဘောတူညီမှုရရှိခြင်းနှင့်ပတ်သက်၍ တခြားဆက်နွယ်နေသော အကြောင်းများ မရှိကြောင်း သဘောတူညီချက်ကို ထုတ်ပြန်ပေးခဲ့သည့် အမေရိကန်ပြည်ထောင်စု ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလ်ဘာရောစ်ကပြောသည်။

သို့သော်လည်း ZTE အတွက် သဘောတူညီချက်ရရှိခဲ့သည်မှာ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရာတွင် ဖြစ်ပေါ်နေသော ကုန်သွယ်ရေး မညီမျှမှုများကို လျော့ကျသွားစေရန် တရုတ်နိုင်ငံက အမေရိကန်ပြည်ထောင်စု၏ ကုန်ပစ္စည်းများကို တိုးမြှင့်ဝယ်ယူမည်ဟု ကြေညာပြီးနောက်မှ ရရှိခဲ့ခြင်းဖြစ်သည်။ ဤကြေညာချက်မှာလည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အဓိကတောင်းဆိုချက်ကို ပြည့်မီရေးအတွက် နီးကပ်လာပြီကိုပြသလျက်ရှိသည်။




တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတွင် တင်းမာမှုများ လျော့ပါးသွားခြင်းသည် ဒေါ်နယ်ထရမ့်အတွက် သတင်းကောင်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမေရိကန်ပြည်ထောင်စု၏ သံမဏိနှင့် သတ္တုခြွန်များ ကောက်ခံမှုများကြောင့် ကနေဒါနိုင်ငံ G7 အုပ်စုဝင်များ၏ ထိပ်သီးဆွေးနွေးပွဲတွင် ထရမ့်သည် မဟာမိတ်များ၏ ဒေါသတစ်ကြီးတုံ့ပြန်မှုများကို ရင်ဆိုင်နေရသောကြောင့်ဖြစ်သည်။

သို့သော် အရာအားလုံးအဆင်ပြေချောမွေ့နေသည်တော့မဟုတ်ပေ။ တရုတ်နိုင်ငံသည် အီရန်နိုင်ငံနှင့်မြောက်ကိုရီးယားတို့အပေါ် ချမှတ်ထားသော ဒဏ်ခတ်ပိတ်ဆို့မှုများကို ကျူးလွန်ဖောက်ဖျက်သည်သာမက ZTE က အမေရိကန်ပြည်ထောင်စုတွင် သူလျှိုလုပ်မည့်အန္တရာယ်လည်းရှိနေသောကြောင့် ZTE ကို ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရန် အမေရိကန်လွှတ်တော်ကိုယ်စားလှယ်တို့က ခြိမ်းခြောက်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုသည် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံပေးဆောင်ရန် ZTE ကုမ္ပဏီအား ဒဏ်ရိုက်ခဲ့သည်။ သို့သော်လည်း ဇွန် ၇ ရက်က ကြေညာခဲ့သော သဘောတူညီမှုအရ ZTE ကုမ္ပဏီသည် နောက်ထပ်ဒဏ်ကြေး အမေရိကန်ဒေါ်လာ တစ်ဘီလီယံနှင့် အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် စည်းကမ်းဖောက်ဖျက်မှုများအတွက် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကို အာမခံအဖြစ်ပေးသွင်းရမည်ဖြစ်သည်။ ZTE ကုမ္ပဏီသည် မိမိ၏ ဒါရိုက်တာဘုတ်အဖွဲ့တစ်ခုလုံးကို ပြောင်းလဲရမည့်အပြင် ပြင်ပမှ ဥပဒေရေးရာကြီးကြပ်သူများကို ခန့်ထားပြီး ထိုသူများက ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား အစီရင်ခံစာ တင်ပြရမည်ဖြစ်ကြောင်းနှင့် အပြန်အလှန်အားဖြင့် အမေရိကန်အစိုးရသည် ZTE ကုမ္ပဏီအား စီးပွားရေးပိတ်ဆို့မှုဒဏ်ချမှတ်ထားသောစာရင်းမှ ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုသဘောတူညီချက်ကို ရီပတ်ဘလေကန်နှင့် ဒီမိုကရက်နှစ်ခုစလုံးမှ လွှတ်တော်ကိုယ်စားလှယ်အချို့က ကန့်ကွက်လျက်ရှိသည်။ သဘောတူချက်ကိုပြင်ဆင်ရန်မှာ ကွန်ဂရက်အဆုံးအဖြတ်ပေါ်တွင် မူတည်နေသည်။

## ယခုနှစ်တွင် အက်ပဲက အိုင်ဖုန်းမော်ဒယ်သစ်များကို ၂၀ ရာခိုင်နှုန်း လျှော့ချထုတ်လုပ်မည်

အက်ပဲကုမ္ပဏီက ယခုနှစ်တွင် အိုင်ဖုန်းမော်ဒယ်သစ်များကို သန်း ၈၀ တင်ပို့ရန် ရည်မှန်းထားရာ ယခင်နှစ်ကတင်ပို့မှုထက် ရာခိုင်နှုန်း ၂၀ လျှော့ချလျက်ရှိကြောင်း စက်မှုလုပ်ငန်းဆိုင်ရာ သတင်းရင်းမြစ်များကို ကိုးကား၍ ဂျပန်နေ့စဉ်သတင်းစာနီကေးတွင်ဖော် ပြသည်။

၂၀၁၈ ခုနှစ်ဒုတိယနှစ်ဝက်တွင် စတင်ဖြန့်ဖြူးရန်စီစဉ်ထားသော အိုင်ဖုန်းမော်ဒယ်သစ်သုံးမျိုးအတွက် စက်အစိတ်အပိုင်းများကို ၂၀ ရာခိုင်နှုန်း လျှော့ချထုတ်လုပ်ရန် ပစ္စည်းပေးသွင်းသည့် ကုမ္ပဏီများအား ကယ်လီဖိုးနီးယားအခြေစိုက် အက်ပဲကုမ္ပဏီက အကြောင်းကြားထားကြောင်း သတင်းတွင်ဖော်ပြသည်။

နှစ်ပေါင်းများစွာ သုံးစွဲလာပြီးနောက် လူကြိုက်များလှသော စမတ်ဖုန်းများအား သုံးစွဲသူတို့၏နှစ်သက်စွဲလမ်းမှုကျဆင်းကာ အရောင်းအဝယ် အေးလာမည်ကိုစိုးရိမ်မှုများရှိလာသည်။ ထို့ကြောင့် အက်ပဲနှင့်အက်ပဲကို ပစ္စည်းပေးသွင်းလျက်ရှိသော လုပ်ငန်းများ၏ ရှယ်ယာဈေးနှုန်းများကျဆင်းပြီး ကမ္ဘာ့စတော့ဈေးကွက်အပေါ်တွင် ရိုက်ခတ်မှုများရှိလာသည်။

ထွက်ပေါ်လာသည့် သတင်းနှင့်ပတ်သက်၍ အက်ပဲကတစ်စုံတစ်ရာ ဝေဖန်မှုမပြုခဲ့ပေ။ သတင်းများထွက်ပေါ်လာပြီး နောက်ပိုင်း အက်ပဲ၏ရှယ်ယာတန်ဖိုးများ နှစ်ရာခိုင်နှုန်းကျဆင်းပြီး အက်ပဲထံ ပစ္စည်းပေးသွင်းသူများအနက် AMS နှင့် Dialog Semi တို့၏ ရှယ်ယာများက ခြောက်ရာခိုင်နှုန်းနှင့် ၄ ဒသမ ၁ ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့သည်။

အမေရိကန်အခြေစိုက် ပစ္စည်း ပေးသွင်းသူများ၏ ရှယ်ယာတန်ဖိုးများမှာလည်း တစ်ရာခိုင်နှုန်းမှ လေးရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်း သိရသည်။

## စနစ်တကျ အမှိုက်စွန့်ပစ်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး

## ဗီယက်နမ် ကုန်ထုတ်လုပ်မှုကိုမြှင့်တင်ရန် စတုတ္ထစက်မှုတော်လှန်ရေးက အရေးပါ

ဗီယက်နမ် ကုန်ထုတ်လုပ်မှု ကျဆင်းနေသည်ကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရာတွင် Technology 4 ဟုခေါ်သော စတုတ္ထစက်မှုတော်လှန်ရေးဆင်နွှဲရန်နှင့် ဈေးကွက်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးတို့က အရေးပါကြောင်း ဟိုချီမင်းမြို့တွင် ဇွန် ၇ ရက်က ကျင်းပသော ကွန်ဖရင့်တွင် ကျွမ်းကျင်သူတို့က ပြောကြားသည်ကို ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။ ဗီယက်နမ်နိုင်ငံ ကမ္ဘာ့ဈေးကွက်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်သည့်အတွက် ကမ္ဘာ့ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုစွမ်းဆောင်ရည်မြင့်တက်ရေးက အဓိကကျကြောင်း ဟိုချီမင်းစီးတီးစီးပွားရေးလုပ်ငန်းအသင်းများ၏ သမဂ္ဂဒုတိယဥက္ကဋ္ဌ ဖန်ငေါ့ဟန်းကပြောသည်။

၂၀၁၆ ခုနှစ် အစီရင်ခံစာအရ ဗီယက်နမ်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုသည် စင်ကာပူနိုင်ငံကုန်ထုတ်လုပ်မှု၏ ခုနစ်ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံ၏ ၁၇ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံ၏ ၃၇ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံအတွင်းရှိစီးပွားရေးလုပ်ငန်းများအနက် ရာခိုင်နှုန်း ၉၀ ကျော်မှာ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖြစ်ကြသည်။ အများစုမှာ ခေတ်မမီတော့သော နည်းပညာ



များအသုံးပြုနေသည့်အတွက် ကုန်ထုတ်လုပ်ငန်း၏ အရည်အသွေးကို ကျဆင်းစေလျက်ရှိသည်။ ဗီယက်နမ်ရှိ ပြည်ပပို့ကုန်လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းကို ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများက ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေး နိမ့်ကျသည်ဟု အမြင်ရှိသည့်အတွက် ဗီယက်နမ်ထုတ်ကုန်များကို ယုံကြည်မှုမရှိကြောင်းနှင့် ပြည်ပ စီးပွားရေးလုပ်ငန်းအများစုက ပြည်တွင်းရှိ ပစ္စည်းပေးသွင်းသူများနှင့် စီးပွားရေးလုပ်ငန်းကို ပူးတွဲမဆောင်ရွက်လိုကြကြောင်း ဟန်ကပြောသည်။

"ဒီလို ဖြစ်ပျက်နေတဲ့အတွက် ပြည်တွင်းက ပစ္စည်းပေးသွင်းသူကသူတို့ရဲ့ ကုန်ထုတ်လုပ်ငန်းတွေမှာ အများအပြား ရင်းနှီးမြှုပ်နှံအောင်ဆောင်ရွက်ရာမှာ အဟန့်အတားဖြစ်နေပါတယ်"ဟုသူကဆိုသည်။

ဤပြဿနာကို ဖြေရှင်းရာမှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဝန်ကြီးဌာနလက်အောက်ရှိအဆင့်မြင့်နည်းပညာဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါင်ငေါ့ချန်းကပြောသည်။ သူ၏ဌာနကဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်ကို ရေးဆွဲလျက်ရှိပြီး ယခုလအတွင်း ဝန်ကြီးဌာနသို့ တင်ပြမည်ဖြစ်ကြောင်းလည်းသူကပြောသည်။ စီမံကိန်းမူကြမ်းတွင် စတုတ္ထစက်မှုတော်လှန်ရေးကို အကဲဖြတ်ခြင်း၊ အရေးကြီးသောကဏ္ဍများတွင် စက်မှုတော်လှန်ရေး၏ ဂယက်ရိုက်ခတ်မှုနှင့်စီးပွားရေးလုပ်ငန်းများအတွက် နည်းပညာ အသုံးချမှု စသည့် အချက်များပါဝင်ကြောင်း သိရသည်။

စံမီအောင် စုစည်းသည်

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ